www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

စည်းကမ်းလိုက်နာ အေးချမ်းသာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းရုံးညီညွတ် အေးချမ်းသည်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု အခြေအနေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
မလွှဲမရှောင်သာသော တာဝန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ယွန်းရွှေအိမ်
စာအုပ်ထုတ်လုပ်ရေး
၃၆၊ ခေမာလမ်း၊ စမ်းချောင်း၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| | စာမူခွင့်ပြုအမှတ် ၂၉၁/၉၃(၅) |
| ပုံနှိပ်ခြင်း | ပထမအကြိမ် |
| စောင်ရေ | ၅၀၀ |
| တန်ဖိုး | ၄၀-ကျပ် |
| ထုတ်ဝေသည့်ခုနှစ် | ၁၉၉၃-ခုနှစ်၊ ဇူလိုင်လ |
| မျက်နှာဖုံးခွင့်ပြုအမှတ် | ၃၃၂/၉၃(၆) |
| မျက်နှာဖုံးပန်းချီ | ကျော်မင်းမောင် |
| မျက်နှာဖုံးအရောင်ခွဲ | ဦးထွန်းဆိုင်နှင့်အဖွဲ့ |
| မျက်နှာဖုံးရိုက် | ဒေါ်ကြည်ကြည်အေး၊ (၀၃၂၅၅)၊ ဆန်းသိခ်ပုံနှိပ်တိုက်၊ အမှတ်(၁၅၀/ ၁၅၂)၊ (၄၈)လမ်း၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် | ဒေါ်မမ၊ (၀၂၁၄၃)၊ အောင်ဥက္ကလာ ပုံနှိပ်တိုက်၊ အမှတ်(၁၄၁)၊ ၃၇ လမ်း၊ ရန်ကုန်မြို့။ |
| စာအုပ်ချုပ် | ခေတ်ပေါ်လှဝင်း၊ အမှတ် (၁၅၈)၊ ၃၇ လမ်း၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဦးတင်အုန်း၊ မိုးမင်းစာပေ (၀၉၄၃)၊ ၉၃၊ ရိပ်သာလမ်း၊ လေးဒေါင့်ကန်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | ယွန်းရွှေအိမ်စာအုပ်ထုတ်လုပ်ရေး၊ ၃၆၊ ခေမာလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့။ |


www.burmeseclassic.com

www.burmeseclassic.com

# မိုးငြိမ်းဧ

# နွေရေအောက်မှာ... ကြွေ

ယွန်းရွှေအိမ် စာအုပ်အမှတ် - ၁ / ဝတ္ထု - ၁

www.burmeseclassic.com

www.burmeseclassic.com

# မိုးငြိမ်းဇေ (၁၉၄၄-၁၉၉၃)

၁၉၄၄ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်၊ စနေနေ့တွင် အဘ ဦးတင်ဦး၊ အမိ ဒေါ်သန်းမြင့်တို့မှ မွေးဖွားခဲ့သည်။ မွေးချင်း ခုနစ်ယောက်အနက် သမီးဦး သမီးကြီးဖြစ်သည်။ အမည်ရင်းမှာ ဒေါ် တင်မိုးအေး ဖြစ်ပြီး ၁၉၆၅ ခုနှစ်တွင် B.A.B.Ed ဘွဲ့ရရှိခဲ့သည်။

၁၉၆၃ ခုနှစ်တွင် ချိုတေးသံမဂ္ဂဇင်း၌ 'ကွန်းရိပ်ငြိမ်' ဟူသော ဝတ္ထုတိုကို 'တက္ကသိုလ် ခင်ပွင့်လန်း' အမည်ဖြင့် ရေးသားကာ စာပေလောကသို့ ဝင်ရောက်ခဲ့သည်။ ယင်းကလောင်အမည်ဖြင့် ဝတ္ထုတို သုံးပုဒ်ခန့် ရေးသားကာ ကျောင်းဆရာမဘဝ စတင်ခဲ့သည်။

၁၉၆၇ ခုနှစ်၊ ဇူလိုင်လထုတ် ရှုမဝ မဂ္ဂဇင်းပါ 'အလှရှာ ရင်မှာတွေ့'ဟူသော ဝတ္ထုတိုကို 'မိုးငြိမ်းအေး' ကလောင်အမည်ဖြင့် စတင် ပြောင်းလဲ ရေးသားပြီး ၁၉၇၇ ခုနှစ်၊ ဇန်နဝါရီလပါ 'ဘဝစာအုပ်မှ ပန်းသွေးရောင် ကဗျာတစ်ပုဒ်'ဟူသော ဝတ္ထုတိုတွင် 'မိုးငြိမ်းဇေ' ဟု ကလောင်အမည် ထပ်မံပြောင်းလဲကာ ထိုကလောင် အမည်ဖြင့်ပင် ဝတ္ထုများ ဆက်လက်ရေးသားခဲ့သည်။

ရှုမဝ မဂ္ဂဇင်းတွင် ၁၉၇၆ မှ ၁၉၈၁ အထိ ဝတ္ထုတိုပေါင်း ၁၄ ပုဒ်ရေးသားခဲ့ပြီး၊ ၁၉၈၂ မှ ၁၉၈၈ အထိ ၇ နှစ်ခန့် စာရေးသားခြင်း ခေတ္တ အဆက်ပြတ်သွားခဲ့သည်။ ၁၉၈၉ ခုနှစ်တွင်မှ ဟန်သစ်မဂ္ဂဇင်းတွင် 'နွေနေအောက်မှာ ကြွေ' အခန်းဆက် ဝတ္ထုရှည်ကို

www.burmeseclassic.com

ပြန်လည်ရေးသားပြီး ကွယ်လွန်ချိန် ၁၉၉၃ ခုနှစ်အထိ ဝတ္ထုရှည်များ ဆက်လက်ရေးသားခဲ့သည်။

ဟန်သစ်မဂ္ဂဇင်းတွင် ဝတ္ထုတို-ရှည်ပေါင်း ၁၀ ပုဒ်၊ စံပယ်ဖြူမဂ္ဂဇင်းတွင် ၁ ပုဒ်၊ ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်းတွင် တစ်ပုဒ်နှင့် ရင်ခုန်ပွင့်မဂ္ဂဇင်းတွင် ၁ ပုဒ် ပုံနှိပ်ဖော်ပြခဲ့ပြီး ဖြစ်သည်။

၁၉၈၅ ခုနှစ် တိုယိုတာဖောင်ဒေးရှင်းမှ မြန်မာ အမျိုးသမီး ၁၂ ယောက်တို့၏ ဝတ္ထုတိုများကို ဂျပန် ဘာသာသို့ ပြန်ဆိုထုတ်ဝေသည့် 'ပတ္တမြား တစ်ဒါဇင်' (A Dozan Red Stones) ဝတ္ထုတိုပေါင်းချုပ် စာအုပ် တွင် ဆရာမ၏ ရှုမဝမဂ္ဂဇင်းပါ 'ထိုအကြည့်' ဝတ္ထုတို ပါဝင်ခဲ့သည်။

၁၉၉၃ ခု၊ မတ်လထုတ် ဟန်သစ် မဂ္ဂဇင်းတွင် ပါဝင်သည့် 'အလွမ်းမျက်နှာ' ဟူသော ဝတ္ထုမှာ ၁၉၉၃ ခု၊ ဇန်နဝါရီလ ရေးခဲ့သော ဆရာမ၏ နောက်ဆုံး လက်ရာ ဖြစ်သည်။ ဆရာမ ဒုတိယ နောက်ဆုံးရေးသား ခဲ့သော 'လှိုင်ထိပ်ထားနှင့် တွေ့ဆုံခြင်း' ဝတ္ထုတိုမှာ ဆရာမ ကွယ်လွန်ပြီးမှ ၁၉၉၃ ခု၊ ဧပြီလထုတ် ရင်ခုန်ပွင့် မဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြခြင်းခံရသည်။

စာရေးဆရာမ မိုးငြိမ်းဇ သည် ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်၊ သောကြာနေ့ ည ၁၁ နာရီ ၁၅ မိနစ်တွင် ကျောက်ကပ်ရောဂါ၊ နှလုံးရောဂါတို့ဖြင့် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း နေအိမ်၌ ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်အထိ ကျောင်း ဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

# မိုးငြိမ်း၏ ဘဝနိဂုံး "တေးသံသာ"

'လူ့သမိုင်းတစ်လျှောက်တွင် ဖြစ်ရပ်တို့သည် ထပ်ခါတလဲလဲ ဖြစ်လေ့ရှိသည်' (History Repeats Itself) ဟူသော စကားရှိသည်။ အဘယ်ကြောင့် ဆိုသော် လူ့သမိုင်းဆိုသည်မှာ လူများကြောင့် ဖြစ်လာရသော ဖြစ်ရပ်ဖြစ်စဉ် ဖြစ်သောကြောင့်ပင်တည်း။ ထိုဖြစ်ရပ်တို့သည် လူတို့၏ သဘောမနသသီစရိုက်ကိုလိုက်၍ ကောင်းခြင်း၊ ဆိုးခြင်းတို့ ဖြစ်ရသည်။ လူ့သမိုင်းခေတ်အဆက်ဆက်ကို လေ့လာကြည့်လျှင် ကောင်း သော 'လူ'များ ထူထောင်ခဲ့သည့် ကာလ အပိုင်းအခြား ကို ခေတ်ကောင်းဟု မှတ်သားကြရပြီး မကောင်းသော 'လူ'များ ထူထောင်ခဲ့သည့် ကာလ အပိုင်းအခြားကို ခေတ်ဆိုးဟု မှတ်သားကြရသည်။ ကောင်းသောလူများနှင့် မကောင်းသောလူများသည် လူ့သမိုင်းတစ်လျှောက် မြစ်ကြောင်းတွေ ရေကြည်စီးလိုက်၊ ရေနောက်စီးလိုက်

www.burmeseclassic.com

ငြိမ့်ငြိမ့်ယဉ်ယဉ်စီးလိုက် ဒလဟော လှိုင်းခွပ်၍ စီးလိုက်နှင့် ဖြစ်ရပ်မျိုးစုံ ကြုံရသကဲ့သို့ ရှိချိမ့်မည်။ အနိစ္စသဘောအရ မည်သည့်အရာမျိုးမှ အတည်အမြဲ မရှိချေ။ လူတို့၏ ဘဝ တစ်လျှောက်လည်း ဤသို့သာ ဖြစ်၏။ လောကဓမ္မတာနှင့်ကား မည်သူမျှ မကင်းနိုင်။ လာဘော- အလာဘော၊ ယသော-အယသော။ ပသံသာ နိန္ဒာ၊ သုခံ-ဒုက္ခံ။ ဤလောကဓံကို တစ်နေ့ မဟုတ်တစ်နေ့ တွေ့ကြုံကြရမည်သာ ဖြစ်သည်။ လောကဓံ သည် တစ်ရစ်ပတ်ပတ် ခြားရဟတ်သို့ လည်ပတ်လျက် ရှိရာ ထပ်တလဲလဲ ဖြစ်သည်မှာ မဆန်း။

လောကဓံကို ကြုံတွေ့ရသောအခါ အရိယာပုဂ္ဂိုလ်တို့သည် အရာရာတွင် ယောနိသောမနသိကာရဖြင့် အသင့်အတင့်နှလုံးသွင်းတတ်၍တုန်လှုပ်ခြင်း မရှိဟူ၍ မှတ်သားရသည်။ ပုထုဇဉ်တို့မှာကား အမြင့်ပိုင်း ရောက်ရောက် အနိမ့်ပိုင်းရောက်ရောက် တုန်လှုပ်တတ်ကြသည်။ အခြေအနေကောင်းလျှင် ဖြစ်စေ၊ မကောင်းလျှင်ဖြစ်စေ စိတ်အခြေအနေလည်း ပြောင်းတတ်သည်။ ကောင်းနေလျှင် မာနတက်ကြ၍ မကောင်းလျှင်ဒေါသထွက်တတ်ကြသည်။ ပုထုဇဉ်သဘာဝကားပတ်ဝန်းကျင်ကိုလိုက် ၍ အရောင်ပြောင်းတတ်သော သဘောရှိသည်။ ပုတ်သင် သဘောရှိသည်။

ဤသဘာဝအရ ပဓာနနှင့် ပကာသနဟူ၍ သတ်မှတ်ချက်များ ရှိလာသည်။ ပဓာနကား မိမိမှီတင်း နေ

www.burmeseclassic.com

www.burmeseclassic.com


ထိုင်သောကာလတွင် ပညာရှိ သူတော်ကောင်းတို့ မကဲ့ရဲ့သော သိက္ခာသမာဓိ၌ အခြေခံသော နေမှုထိုင်မှု လုပ်ကိုင်မှု။ ပကာသနကား ထိုသို့ထင်ရလောက်အောင် အပေါ်ယံက ဖုံးကွယ်မှုများသာတည်း။

ပုထုဇဉ်တို့တွင် တစ်ဖန် ကိုယ်ပိုင်ဉာဏ်၊ ကိုယ်ပိုင်မှုနှင့် ကိုယ်ပိုင်ဘဝရှိသောသူနှင့် ထို့သို့ ကိုယ်ပိုင် ဉာဏ်၊ ကိုယ်ပိုင်မှုနှင့် ကိုယ်ပိုင်ဘဝဟူ၍ မရှိ။ ပတ်ဝန်းကျင် အခြေအနေကို မှီ၍ဖြစ်ရသော ဘဝသာရှိသော သူဟူ၍ အကြမ်းအားဖြင့် နှစ်မျိုးခွဲ၍ကြည့်နိုင်မည် ထင်ပါသည်။ လောကကို လောကခံနှင့်တကွ ကြည့်တတ်၊ မြင်တတ်သူသည် လောကသစ္စာ၌ အခြေခံသည့် ကိုယ်ပိုင်ဉာဏ်၊ ကိုယ်ပိုင်မှုနှင့် ကိုယ်ပိုင်ဘဝဟူသည် ရှိတတ်၍လောကခံ၌ တုန်လှုပ်တတ်သူတို့သည် လောကခံ အနိမ့် အမြင့် ပိုင်းတို့၌ ပတ်ဝန်းကျင် အခြေအနေပေါ်၌ သူတို့၏ ဘဝကို တည်ဆောက်တတ်၍ ကိုယ်ပိုင်ဘဝ မရှိသူဟူ၍ ယေဘုယျအားဖြင့် ခံယူမိသည်။

ပတ်ဝန်းကျင်သည် ဖိအားကြီးသော ပတ်ဝန်းကျင် ရှိသလို ဖိအား မကြီးလှသော ပတ်ဝန်းကျင်လည်း ရှိသည်။ ပတ်ဝန်းကျင်ဖိအား အမျိုးမျိုးတွင် လူ၏ သဘောမနသိ စရိုက်ကိုလိုက်၍ အလိုက်သင့် ခုန်ဆင်းမှု၊ အလျှော့ပေးမှု၊ ခုခံမှု၊ တွန်းလှန်မှု၊ ဖြိုဖျက်မှု၊ ရုန်းကန်မှု။ ကျော်ခိုင်းမှု စသည်တို့ ရှိတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com


လူ့လောက ဝေါဟာရဖြင့် ဆွေကြီးမျိုးကြီး အရှိန်အဝါ အစဉ်အလာကြီးခဲ့သူများ၏ ပတ်ဝန်းကျင်သည် အခြားသောသူများ၏ ပတ်ဝန်းကျင်ထက် ဖိအားကြီးသည်ဟု ယေဘုယျသဘောဖြင့် ဆိုနိုင်ပါလိမ့်မည်။ ဤသည်တို့ကား အခြေအနေ အရပ်ရပ်ကို သုံးသပ် ဆင်ခြင်မိရာမှ တွေးမိသော ဒဿနအသွင် အတွေးအမြင်များဟု ဆိုနိုင်ပါသည်။

ဤအတွေးအမြင်များ၏ အခြေခံအကြောင်းအရာများမှာ မကြာမီရက်ပိုင်းအတွင်းက စာရေးသူ အလေးအနက်ထား၍ ဖတ်ရှုခဲ့သည့် စာအုပ်နှစ်အုပ်တွင် ပါဝင်သော 'ကိုယ်ပိုင်ဘဝ'ပြဿနာများ ဖြစ်ပါသည်။ အဆိုပါစာနှစ်အုပ်အနက် တစ်အုပ်မှာ ဒေါက်တာ မတင်ဝင်း၏ 'ရာဇဝင်ထဲက မိန်းမသား' စာအုပ်ဖြစ်၍ နောက်တစ်အုပ်မှာ ယခုရိုက်နှိပ်ရန် စီစဉ်လျက်ရှိသော မိုးငြိမ်း၏ 'နွေနေအောက်မှာကြွေ' ဝတ္ထု ဖြစ်ပါသည်။ တစ်ခုက ရာဇဝင်သမိုင်း အချက်အလက်များကို အခြေခံ သည်။ နောက်တစ်ခုက စာရေးဆရာမ၏ 'စိတ်ကူးစိတ်သန်း'ဖြင့် ဖန်တီးထားသော ဝတ္ထု (Fiction) ဖြစ်သည်။ စာရေးဆရာ ဖန်တီးသော ဝတ္ထုပင်ဖြစ်စေ၊ လူ့သဘာဝ သဘော-မနသီ စရိုက်မှန်ကန် ပီသလျှင် သမိုင်းအကိုးအကားရှိသော အကြောင်းအရာတို့ကဲ့သို့ ယုံခိုင်မာသည်။

www.burmeseclassic.com

www.burmeseclassic.com


ဒေါက်တာမတင်ဝင်း၏ စာအုပ်တွင်-

"ပဒေသရာဇ်ခေတ်မှာ သက်ဦးဆံပိုင် ဘုရင်ဟာ အရာရာကို ပိုင်စိုးသူ အာဏာရှင် ဖြစ်ပါတယ်။ သူအုပ်စိုးတဲ့ နိုင်ငံနှင့်တကွ သက်ရှိ သက်မဲ့ ဟူသမျှကို ဘုရင်က ပိုင်ပါတယ်။ ဘုရင်သည် အရှင်သခင်ဖြစ်ပြီး ကျန်တဲ့သူ ဟူသမျှကိုတော့ ကျွန်ရယ်လို့ မှတ်ယူကြပါတယ်။

အဲဒီလို ပဒေသရာဇ်ခေတ်က မိဖုရားများအဖြစ် ရာဇဝင်မှာ စတင်ခံကြရသူများဟာလည်း ကိုယ်ပိုင်ဘဝထက် ဘုရင်ပိုင်ဘဝမှာ နေခဲ့ကြရပါတယ်"

စသည်ဖြင့် မြန်မာရာဇဝင်မှာ ထင်ရှားခဲ့တဲ့ 'မင်းငါးဆက်၏ မိဖုရား' ရှင်ဘို့မယ်အကြောင်း၊ ဟံသာဝတီဘုရင် ဗညားဦးက လက်ဆောင်ပစ္စည်းအဖြစ် ဇင်းမယ်ဘုရင်ထံ အပို့ခံရသည့် သမီးတော် တလမေသီရိတို့အကြောင်းမှစ၍ ဥရောပတစ်ခွင်၌ ခေတ်အဆက် ဆက်ထင်ရှားခဲ့ကြသည့် ရှင်ဘုရင်ကတော်များ၊ ကိုယ်ပိုင်ဘဝမတည်ဆောက်နိုင်ရှာကြသော မိဖုရားများအကြောင်း ဒေါက်တာမတင်ဝင်းက ကရုဏာသံနှော၍ ပြောပြထားသည်။

'ရာဇဝင်'ဆိုသည်မှာ အုပ်စိုးသူ မင်းများနှင့်သူတို့လက်ထက်၊ သူတို့ပတ်ဝန်းကျင်၌ သူတို့၏ လုပ်ရပ်

www.burmeseclassic.com

များအကြောင်း ဖော်ပြသည့်စာ၊ တိုင်းသူပြည်သား လူအများတို့နှင့် ဆိုင်သောကိစ္စရပ်များ၊ အရေးအခင်းများ၊ လုပ်ရပ်ဖြစ်ရပ်များဆိုလျှင် 'သမိုင်း'ဆိုသည့် ဝေါဟာရက ပိုမိုပြည့်စုံ ကျယ်ဝန်းမည် ထင်သည်။ တကယ်ဆိုလျှင် ရာဇဝင်သည်လည်းကောင်း၊ လူ့သမိုင်းသည်လည်းကောင်း၊ နိုင်ငံသမိုင်းသည်လည်းကောင်း၊ လူနှင့်ပတ်ဝန်းကျင်ကဖြစ်ရပ်များ၊ လူတို့၏ သဘောမနသိစရိုက် အလိုက်ဖြစ်လာသော ကောင်းကျိုး ဆိုးပြစ်များအနက် ထူးခြားမှတ်သားဖွယ် ဖြစ်ရပ်များကို အစဉ်တစိုက် မှတ်တမ်းတင်ထားခဲ့သော စာဟု ဆိုသင့်၏။

ရာဇဝင်ထဲမှ ကိုယ်ပိုင်ဘဝ မရှိရှာကြသူများဟု ဒေါက်တာမတင်ဝင်းက ဆိုခဲ့သောမိန်းမသား (မိဖုရား) များသည်လည်း သူတို့၏ သဘောမနသိ စရိုက်ကြောင့်ဖြစ်စေ၊ ပတ်ဝန်းကျင် အခြေအနေများကြောင့်ဖြစ်စေ၊ သူတို့၏ဘဝကို ပကာသနအခြေခံ၍ တည်ဆောက်ခဲ့ကြသည်ကို တွေ့မြင်နိုင်သည်။ အသက်ဦးဆံပိုင် မင်းတို့ခေတ် ပတ်ဝန်းကျင် အခြေအနေများ၏ ဖိအားသည် ကြီးမားတတ်သည်။ အသက်ဦးဆံကို ပိုင်သူရှိနေသောကြောင့် မိမိကိုယ်မိမိဘဝကို မိမိပိုင်ဆိုင်မှုနယ်ပယ်သည် ကျဉ်းမြောင်းနေသည့် သဘာဝကလည်း ရှိသည်။

အသက်ဦးဆံကို ပိုင်သူ 'မင်း'မရှိသောကာလများတွင်ကား မိမိဘဝကို မိမိပိုင်ဆိုင်မှုသည် မိမိအပေါ်၌သာ အများဆုံး တည်တော့သည်။ ဖိအားကြီးသည်

www.burmeseclassic.com

ဖြစ်စေ၊ သေးသည်ဖြစ်စေ ပတ်ဝန်းကျင် ပကာသန လောကကို ကျောခိုင်းတတ်လျှင်ပင် မိမိကိုယ်ပိုင်ဘဝကို မိမိတည်ဆောက်နိုင်မည် ဖြစ်သည်။

မိုးငြိမ်း၏ 'နွေနေအောက်မှာကြွေ' ဝတ္ထုထဲက နှင်းလဲ့ကြွေသည် သူ့ပတ်ဝန်းကျင်မှ ပကာသနလောက၏ သဘောမနသိစရိုက်တို့ကို မနှစ်မြို့သဖြင့် ထိုပကာသနလောကထဲ၌ သူ့ဘဝ တည်ဆောက်ရန် မပီမသ စိတ်ကူးကို အပြီးသတ် စွန့်လွှတ်လိုက်ကာ ထိုလောကကို ကျောခိုင်းခဲ့သည်။

နှင်းလဲ့ကြွေ စိတ်ကူးထည့်ကြည့်ဖူးသောပကာသနလောကထဲက 'ပကာသန/ရာဇာ'များသည် သူတို့ကျင်လည်ရာ လောက၏ အသက်ဦးဆံပိုင်များသဖွယ် တန်ခိုးအာဏာနှင့်တကွဖြစ်ကြ၍ သူတို့က စိတ်ညွတ်မိပြီဆိုလျှင် တော်ရုံတန်ရုံသတ္တိနှင့် မိန်းမသားများ မငြင်းတတ်၊ မငြင်းနိုင်၊ မငြင်းဝံ့အောင် ပတ်ဝန်းကျင် ဖိအားကလည်း ကြီးမားလာတတ်သည်။ ဤသို့လျှင် ပကာသနလောကမှ စိန်၊ ရွှေ၊ ငွေ၊ တိုက်တာ၊ ယာဉ်၊ ပညာ၊ ရာထူးရာခံကြီးများ ပိုင်စိုးသူတို့သည် အခွင့်ထူးခံများ ဖြစ်လာကြပြီး တစ်လောကလုံးကို မိမိအပိုင်ဟု အထင်ရောက်နေတတ်ကြကာ သူတို့လောက် ကံ မကောင်းရှာကြသူများအပေါ်တွင် သူတို့၏ ဩဇာအာဏာကြီးများဖြင့် လွှမ်းမိုးလျက် သူတို့တည်ထောင်ထားသော ပကာသနနိုင်ငံတော်ကြီးတွင် အသက်ဦးဆံပိုင်ဘုရင်များဘာမျှ

www.burmeseclassic.com

www.burmeseclassic.com


ဘုန်းတန်ခိုး အရှိန်အဝါ ကြီးမား၍ လာခဲ့ကြသည်။

ဤအခြင်းအရာကို မိုးဝေြမ်း၏ နှင်းလဲ့ကြွေက မနှစ်မြို့၊ ပကာသန နိုင်ငံတော်က လောကဇာတ်ခုံတွင် မင်းသမီး၊ မင်းသား 'နှစ်ပါးသွား'ခန်း၏ နောက်ပိုင်း (အထူးသဖြင့် ကိုယ်ပိုင်ဘဝ မရှိရှာကြသူ မိန်းမသား များ၏) 'အပူခန်း'ကို သူ မကြိုက်။ သတင်းစာများတွင် နံပါတ်တစ်၏ 'ကျွန်မသာလျှင်-" ကြော်ငြာများကို သူ တွေ့ရ မြင်ရဖန် များသောအခါ စာရေးဆရာသည် အရိပ်ပြ အကောင်ထင် ဖြစ်ရပ်အားလုံးကို မြင်တတ် သည်။ ပကာသနလောက၌ အခြေမခိုင်သူတို့၏ သောက ဇာတ်ကို သူ မြင်တတ်သည်။

ဤတွင် မိုးဝေြမ်းသည် သူ့ဇာတ်ဆောင် နှင်းလဲ့ ကြွေအား ပကာသနလောကကို ကျောခိုင်းတတ်အောင် လမ်းခင်းပေးသည်။ သူခင်းပေးသောလမ်းမှာ အအေး ခိုစရာ သစ်ရိပ်မရှိ။ နေပူထဲကလမ်း၊ သည်လမ်းပေါ် မှာပင် နှင်းလဲ့ကြွေကို နားလည်သော၊ နှင်းလဲ့ကြွေအား လေးစားချစ်ခင်သော နှင်းလဲ့ကြွေကလည်း ခင်မင်သူ မိတ်ဆွေ သူငယ်ချင်းများလည်း လျှောက်နေကြသည်။ နှင်းလဲ့ကြွေ အားငယ်စရာမရှိ။ ညည်းညူစရာမရှိ။ သူ့ ဘဝခရီးမှာ နေပူသော်လည်း ကျေနပ်စရာကောင်းသည်။

စာရေးဆရာမ မိုးဝေြမ်းသည် သူ၏ 'နှင်းလဲ့ကြွေ' ကဲ့သို့ပင် အသက် တိုသွားသည်။ ရေးအား အလွန်

www.burmeseclassic.com

www.burmeseclassic.com


ကောင်းသည့် ၄၉ နှစ်အရွယ်တွင် ကွယ်လွန်သည်။ သို့သော် ကွယ်လွန်ချိန်နီးအထိ ရေးသွားသော သူ့စာများသည် သူ၏ စာဖတ်ပရိသတ်အဖို့တော့ ရင်ထဲ၌ စွဲကပ်၍ အထပ်ထပ်ဖတ်ရမည့် စာမျိုးဖြစ်၍ ကျန်ရစ်သည်။ အင်္ဂလိပ်စာပေ အနုပညာ ဂီတလောကတွင် ဤသို့အနုပညာရှင် ကွယ်လွန်ခါနီး ဖွဲ့ဆိုသီကြူးသွားသော အောက်မေ့ဖွယ်လက်ရာကို ငန်းများသေခါနီး၌ ဆွတ်ပျံ့ဖွယ် တွန်ကျူးသည့်အသံဖြင့် တင်စား၍ ငန်း၏ 'ဘဝနိဂုံးတေးသံသာ' (Swan Song) ဟူ၍ ခေါ်ဆိုခဲ့ကြသည်။ မိုးငြိမ်း၏ 'နွေနေအောက်မှကြွေ'ဝတ္ထုသည် သူ၏ 'ဘဝနိဂုံးတေးသံသာ' (Swan Song) ဟူ၍ပင် ခေါ်ဆိုထိုက်သည် ထင်ပါသည်။

ထင်လင်း

၂၂-၄-၉၃

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ကြွေ ကွယ်လွန်လေပြီ။

ကြွေသည် အသက် ၂၆ နှစ်မျှသာ ရှိသေးသည်။ မြန်မာစာ အဓိကနှင့် မဟာဝိဇ္ဇာဘွဲ့ ရထားပြီးသူမို့လည်း ကြားရသူ အပေါင်းတို့က 'တတ်ထားတဲ့ပညာတွေ နှမြောစရာကွယ်' ဟု စုတ်တသပ်သပ် ရှိကြသည်။ အရွယ်ကောင်းကလေး၊ ဘာကြောင့်များ ဆုံးရှာပါလိမ့်ဟုလည်း စိတ်ဝင်စားကြသည်။ ကြွေသည် ဆေးရုံပေါ်မှာ သုံးလကျော် တက်ရောက်၍ သူ့၌ စွဲကပ်နေသော ကျောက်ကပ်ရောဂါကို အကျိတ်အနယ် ခုခံခဲ့သေးကြောင်း ကြားသိကြရသောအခါတွင်မူ ကြွေ့ကို ကြင်နာမဆုံး ရှိကြပြန်လေသည်။ ထို့နောက် ကြွေ၏ နောက်ဆုံးရက်များအကြောင်းကို အစုံအလင် မေးမြန်းကြပြန်သည်။ ကိုညဏ်လင်းတို့လို အနီးကပ်သိမီလိုက်သူများကလည်း ကြွေ၏ နောက်ဆုံးသတင်းကို တစ်ဆင့်ဖောက်သည် ချပြ၍ မဆုံးနိုင်အောင် ရှိကြပြန်ရာ ကွယ်လွန်ပြီး သုံးရက်တိုင်တိုင် ကြွေအကြောင်းမှာ ဆန်း သစ်နေဆဲ။

www.burmeseclassic.com

www.burmeseclassic.com


မဆုံးမီ ရက်အနည်းငယ်ကပင် ကြွေ့ကိုဆေးရုံမှအိမ်သို့ပြန် ခေါ်ခဲ့ကြသည်။ ကြွေသည် သူ့အိမ်၊ သူ့ရာ၊ သူ့သွေးသားရင်းချာ များ၏ အလယ်မှာပင် သူ၏ နောက်ဆုံးထွက်သက်ကို ထုတ်သွား နိုင်ခဲ့သည်။ ကြွေ့ကိုချစ်ကြ၊ ခင်ကြသူများကလည်း ကြေကွဲ တသသော စိတ်နှင့် ကြွေ့အပါးသို့ ရောက်လာကြသည်။ ကြွေနှင့် ခိုက်ရန်ဒေါသ၊ ရန်ငြိုးပွားခဲ့ကြဖူးသူများ၊ ကြွေ့အပေါ် ဝန်တို မုန်းထားသူများပင်လျှင် ခုချိန်မှာတော့ ရှိဖူးသမျှ အာဃာတတို့ ကို ချေဖျက်၍ ကြွေ့ထံသို့ နောက်ဆုံးအကြိမ်အဖြစ် နှုတ်ဆက်ရန် ရောက်လာကြလေသည်။ ကြွေသည် စေတနာညကျောင်း ဆရာမ ဟောင်းတစ်ဦးလည်း ဖြစ်လေရာ တပည့်တပန်း လူငယ်၊ မိန်းမ ငယ်ကလေးများက မျက်ရည်လည်ရွဲနှင့် ဂါရဝပြု နှုတ်ဆက်နေ ကြသော ရှုခင်းမှာ ကြေကွဲစရာ ကောင်းနေပေသည်။

ဘာပဲဖြစ်ဖြစ်၊ ကြွေကား ထိုပရိသတ်များ အလယ်တွင် များစွာ သေပန်းပွင့်နေခဲ့လေသည်။ အိမ်ရှေ့ခန်း၏ ခေါင်းရင်း ထောင့်တွင် ကြွေ့ကို ထားရှိလေသည်။ ခုတင်ဘောင်ကိုပတ်ကာ အပေါ်မှ တင်းတင်းဖုံးအုပ်လွှမ်းခြုံထားသော နိုင်လွန်ဇာဖြူ အောက်၌ ငြိမ်သက်စွာ လဲလျောင်းနေပြီဖြစ်သော ကြွေ့ကို အတိုင်းသား မြင်နေရသည်။ ကြွေသည် အင်္ကျီဖြူလက်ရှည်၊ အဖြူ ခံပေါ်တွင် ချော့ကလက်နုရောင် ရေးရေးမျှ ချိတ်ထားသော ကြိုးကြီးချိတ် လုံချည်တို့နှင့် နောက်ဆုံးအကြိမ်အဖြစ် အလှကြီး လှနေတော့သည်။ ကြွေ့ခုတင်နှင့်ကပ်လျက် ဘေးတစ်ဖက်တွင် ကြွေ့ကို ထည့်သွင်းသယ်ဆောင်သွားရန် ခေါင်းဖြူဖြူလေး တစ်လုံး ချထားသည်။ ခြေရင်းဘက်က သေးသိမ်သော ခေါင်း

www.burmeseclassic.com

www.burmeseclassic.com


ရင်းဘက်သို့ သုံးမြှောင့်ပုံ ကားသွားသော ခေါင်းဖြူကလေး ဖြစ်သည်။

ခုတင်ဘေးတွင် ပတ်လည်ဝိုင်း၍ ချထားသော လွမ်းသူ့ ပန်းခွေများတွင်လည်း နှင်းဆီဖြူ ပိန်းပန်းဖြူ မေမြို့ပန်းဖြူ များဖြင့် တန်ဆာဆင်ထားလေရာ အခန်းတစ်ခုလုံး အဖြူရောင် လွှမ်းလို့နေသည်။ ခရစ်ယာန်ဘာသာဝင် မဟုတ်သော်လည်း ခေတ်မီသူတို့ အသိုက်အဝန်း၌ ပြင်ဆင်လေ့ရှိသော အပျိုစင် ဖြစ် ခြင်း အထိမ်းအမှတ်ပင်တည်း။

ကြွေ့ ခေါင်းရင်းရှိ စားပွဲကလေးပေါ်မှာတော့ ကိုညဏ် လင်း၏ လွမ်းသူ့ပန်းခြင်းကို အားလုံးက တွေ့ကြရသည်။ ကျောက် ခက်စိမ်းစိမ်းများ ခြံရံလျက် လှပပြေပြစ်စွာ ထိုးစိုက်ထားသော ထို သစ်ခွဖြူပန်းခြင်းကလေးမှာ ဇနီးသည် 'ဖြူလေးဝေ' ကိုယ် တိုင် မနက်စောစောထ၍ ပြင်ဆင်ပေးလိုက်သော ကြွေ အတွက် သူတို့ ဇနီးမောင်နှံ၏ နောက်ဆုံးလက်ဆောင်ပင် ဖြစ်တော့သည်။

သတ်မှတ်ထားသော အချိန်နီးလာလေ ပရိသတ်များ တိုး ပွားလာလေဖြစ်ရာ ကြွေတို့အိမ် အောက်ထပ်တစ်ခုလုံး ပြည့်လျှံ နေလေသည်။ ကိုညဏ်လင်းမှာလည်း အနားမရရှာ။ ဟိုသည် ကူးသန်း ပြေးလွှားကာ အစီအစဉ် ချောမောပြေပြစ်အောင် စီမံ ခန့်ခွဲပေးနေရလေသည်။ အသုဘပို့ကြမည့် ကိုယ်ပိုင်ယာဉ်များ၊ ထိုနောက်မှ ဘတ်စ်ကားများကို လမ်းထဲတွင် အလိုက်သင့် နေရာ ချထားရ၏။ ယပ်တောင်ကမ်းဖို့၊ ခေါင်းထမ်းဖို့၊ ကြေးစည်ရိုက်ဖို့ တပည့်လူငယ်အချို့နှင့်လည်း ညှိနှိုင်း စီစဉ်ရသည်။ မျက်နှာ သိများကိုပင် ဧည့်မခံအား။ သည်ကြားထဲကပင် လမ်းမဘက်သို့

www.burmeseclassic.com

www.burmeseclassic.com


မကြာခဏ မျှော်ကြည့်ကာ ကိုမြတ်နိုင် အလာကို စောင့်ရပြန်သေးသည်။

ကိုမြတ်နိုင်ကား ရောက်မလာနိုင်သေးပေ။ ကြွေကို မွန်းလွဲ ၁ နာရီတွင် ကြံတောသုသာန်၌ မီးသဂြိုဟ်ရမည်ဖြစ်ရာ နာရီဝက်အလို ရောက်လျှင် ခေါင်းသွင်းလိုက်ကြတော့သည်။ ကြွေ့သူငယ်ချင်း မိန်းကလေးအချို့နှင့် တပည့်မကလေးများက ပြိုင်တူလိုပင် အသံထွက်အောင် ငိုလိုက်ကြသည်။ ထိုအခိုက်မှာပင် ငိုနေသော မိန်းကလေးတွေ၏ နောက်နားမှာ 'စိုး'တို့ မောင်နှမကို ကိုညာဏ်လင်း မြင်မိတော့သည်။ စိုးက ခေါင်းကိုငုံ့ကာ မျက်ရည်သုတ်နေရှာသည်။ စိုးဘေးမှာတော့ နဖူးနှင့် လက်အစုံကိုထိလျက် ကြွေ့အား ကန်တော့နေရှာသော မောင်တိုးနိုင်။ ကိုညာဏ်လင်းသည် စိုးတို့မောင်နှမထံ တိုးဝှေ့သွား ရောက်ကာ အမောတကော မေးလိုက်ရသည်။

"ကိုမြတ်နိုင်ကောဟင် သူ မလာဘူးလား"

"ကိုကို မအူပင် ရောက်နေတယ်။ ဒီမနက်အထိ ရောက်မလာသေးဘူး။ စိုးတို့လည်း လူကြုံထပ်မှာလိုက်ပါသေးတယ်။ လူကြုံကပဲ မပြောလို့လား၊ သင်္ဘောပဲ မမီလို့လား၊ တစ်ခုခုပဲ သူသိရင် မနေပါဘူး လာမှာပါ။ မမကြွေကို နှုတ်ဆက်ဖို့ သူပြေးလာမှာပါ"

စိုး၏ ရှိုက်သံက ပျံ့လွင့်သွားပြန်သည်။ ကိုညာဏ်လင်းလည်း ရင်ထဲ မကျေနပ်စိတ်ကို ထပ်မံမျိုသိပ်လိုက်ပြန်ကာ စိုး အပါးမှ ပြန်ထွက်လာခဲ့ပြန်သည်။ ငိုကြွေးနေသူတွေကြားထဲမှာ သူကြာကြာမနေချင်။ ယောကျ်ားမို့ မျက်ရည်မကျသော်လည်း

www.burmeseclassic.com

www.burmeseclassic.com


ရင်ထဲမှာ ဆို့နင့်နေသည်။ သို့သော် သူ့မှာ အေးအေးဆေးဆေး ကြေကွဲနေချိန်လည်းမရ။ ကြွေ့အတွက် သိုက်ဝန်းမြိုင်ဆိုင်သော နောက်ဆုံးခရီးတစ်ခု ဖန်တီးပေးဖို့သာ သူ စိတ်စောနေပြန် သည်။

တကယ်တော့ ကြွေ့ကိုချစ်ကြ၊ ခင်ကြသူတွေ ကြွေထင်တာ ထက် များနေကြောင်း ကြွေ့ကိုမြင်စေ သိစေချင်လှသည်။ သည်တစ်ချက်ကိုတော့ ကြွေသည် အမှန်တကယ် သိသွားလိမ့် မည် မဟုတ်ချေ။

"အားလုံးရဲ့အချစ်ကို ကြွေ မလိုချင်ပါဘူး။ ကြွေကလည်း အားလုံးကိုမှ ပြန်မချစ်နိုင်တာ၊ ကြွေချစ်တဲ့လူ နည်းနည်းကလေး ကပဲ ကြွေ့ကို ပြန်ချစ်ရင် တော်ပါပြီ"

ဘုကျကျပြောတတ်သော ကြွေ့စကားသံလေးများကို ကြား ယောင်နေလေသည်။

နောက်ဆုံးအချိန်သို့ နီးသည်ထက် နီးလာသောအခါ ကြွေ့ နံဘေးတွင် မျက်ရည်မကျဘဲ ငေးကြောင်ကြောင်ကြီး ဖြစ်နေ ရှာသော ကြွေ့မေမေ ဒေါ်ဒေါ်စောအနားသို့ သွားကာ ကား ပေါ်မှာ နေရာယူနှင့်ဖို့ ကိုညဏ်လင်းက သတိပေးရပြန်သည်။

ပရိသတ်များလည်း ဘတ်စ်ကားများပေါ်သို့ ယပ်တောင် ကိုယ်စီကိုင်လျက် နေရာယူနှင့်လေပြီ။ သက်သက်သာသာ လိုက် လိုသူ အချို့ကမူ ကိုယ်ပိုင်ကားရှင် မျက်နှာသိများကို လိုက် လံရှာဖွေကြကုန်၏။ ထိုအချိန်ထိ ကြွေ့ကို သယ်ဆောင်သွား မည့် နိဗ္ဗာန်ယာဉ်မှာ ရောက်မလာသေးချေ။

www.burmeseclassic.com

www.burmeseclassic.com


မွန်းလွဲ ၁-နာရီပင် ထိုးလုနေပြီ။ ကြွေတို့ အိမ်ရှေ့မှာ ကြေးစည်ရိုက်သံများ စီစီညံနေတော့သည်။ ခေါင်းထမ်းကြဖို့ ပြင်နေသူ လူငယ်အချို့မှာတော့ ဘာလုပ်ရမှန်းမသိဘဲ ဂနာမငြိမ် ဖြစ်နေကြသည်။ ကိုဉာဏ်လင်းသည် ဖုန်းရှိရာသို့ အပြေးအလွှား သွားရောက်ကာ နိဗ္ဗာန်ယာဉ် အငှားဌာနသို့ အကျိုးအကြောင်း စုံစမ်းရပြန်သည်။ အငှားဌာနက ကားလွှတ်လိုက်ပြီဖြစ်ကြောင်း အကြောင်းပြန်သော်လည်း စိတ်မအေးနိုင်။ လမ်းမှာပင် တစ်ခုခု ဖြစ်နေသလားဟု စိတ်စနောင့်စနင်း ဖြစ်ရပြန်လေသည်။

ထိုအခိုက် မြေပုံရာ ကင်းနှောင့်သည့်နှယ် အငှားဘတ်စ်ကားလေးစီးက မစောင့်နိုင်ဟုဆိုကာ ပြန်ထွက်သွားကြတော့သည်။ သူတို့သည် နောက်တစ်ပွဲနွှဲရန် စရန်ငွေယူထားပြီးသား လူများဖြစ်ပုံရသည်။ ထိုကားများပေါ်တွင် နေရာယူထားမိသူများမှာ အခြားကားများပေါ်သို့ အပြေးအလွှား နေရာပြောင်းကြရ ပြန်သည်။ ထိုင်စရာနေရာ ပျောက်သွား၍ မတ်တတ်ဖြစ်သွားသူများ မကျေနပ်၊ စူအောင့်စူအောင့် ပွစိပွစိတွေ ဖြစ်လာကုန်ကြသည်။ နိဗ္ဗာန်ယာဉ်မှာ ရောက်မလာသေးပေ။

ကိုဉာဏ်လင်းသည် စိတ်ပူသည်ထက် ပူလာသည်။ ကံမလှရှာသော ကြွေသည် သူ၏ နောက်ဆုံးခရီးမှာပင် အဖုအထစ်ကလေးတွေနှင့် တွေ့ဖြစ်အောင် တွေ့သွားလိုက်ပေသေးသည်။ ကြွေ့တပည့် သူငယ်လေးအချို့ကမူ နိဗ္ဗာန်ယာဉ်ကို မစောင့်တော့ဘဲ သူတို့ဆရာမကို ကြံတောသုသာန် အရောက်ထမ်းကြမည်ဟု အားတက်သရော ဆိုကြရှာသည်။ သူတို့ဆန္ဒကို လိုက်

www.burmeseclassic.com

www.burmeseclassic.com


လျှောရန်လည်း မဖြစ်နိုင်သေးပေ။ ကြွေ့အိမ်နှင့် သုသာန်မှာ အတန်ငယ်သာ ကွာလှမ်းပေမယ့် လမ်းပိတ်ဆို့မှုတွေတော့ ဖြစ်ကုန်ပေရော့မည်။ တစ်ဘီးချင်း လှိမ့်လာနေရသည်ကို မကျေနပ်သော နောက်မှ ကားဆရာတွေကလည်း သေသောသူကိုပင် မဆီမဆိုင် ကျိန်ဆဲကြပေဦးမည်။ သေသည်၏အခြားမဲ့၌မူ ကြွေသည် အပြောအဆို လွတ်ပါစေတော့။

နောက်ဆုံး၌ ကိုဉာဏ်လင်း၏ခေါင်းထဲမှာ အကြံတစ်ခုကို လက်ခနဲ ရလိုက်သည်။ ဝိညာဉ်တို့ နာမ်လောက အကြောင်းတို့ကို ယုံကြည်လှသူ မဟုတ်သော်လည်း ဟုတ်လိုဟုတ်ငြား ထင်မြင်လျက် ကြွေရှိရာသို့ သွားလိုက်သည်။ ပြီး ခေါင်းရင်းဘက်၌ရပ်၍ စိတ်တွင်းမှ ကြွေ့အား တိုင်တည်လျက်-

“ကြွေရယ်၊ စောင့်မနေပါနဲ့တော့။ သူ မလာတော့ပါဘူး။ ကိုမြတ်နိုင် လာနိုင်တော့မှာ မဟုတ်ပါဘူး ကြွေ။ သူ့အပေါ် အစဉ်အမြဲ ကြွေ ခွင့်လွှတ်နားလည်နိုင်ခဲ့သလို ခုလည်း နားလည်ခွင့်လွှတ်လိုက်ပါတော့”

အထပ်ထပ် ရေရွတ်နေလိုက်သည်။ ထိုအခိုက်မှာပင် ရွှေကနုတ်နွယ်များဖြင့် ဆင်ယင်ခြယ်သထား၍ ခံ့ညားညင်သာသော နိဗ္ဗာန်ယာဉ် ကားဖြူကြီးတစ်စီးမှာ ကြွေတို့ အိမ်ရှေ့သို့ တိုက်တိုက်ဆိုင်ဆိုင် လျှောခနဲ ထိုးဆိုက်ရောက်ရှိလာလေသည်။

ကိုဉာဏ်လင်းသည် နဖူးတွင် စို့သီးလာသော ဇောချွေးတို့

www.burmeseclassic.com

www.burmeseclassic.com


ကိုပင် မသုတ်အားဘဲ ကြွေ၏ မြေကျရေး အစီအစဉ်ကို စတင်လိုက်ရသည်။

ရန်ကုန်မြို့၏ ထုံးစံအတိုင်း တရွေ့ရွေ့ ထွက်ခွာနေသော နိဗ္ဗာန်ယာဉ်၏နောက်မှ ကိုက်တစ်ရာခန့် လမ်းလျှောက်လိုက်ခဲ့ပြီးလျှင် ကားပေါ်သို့ ကိုဉာဏ်လင်းတက်လိုက်သည်။ ရှေ့ကား ထဲမှာ ကြွေ့မေမေ ဒေါ်ဒေါ်စောနှင့် ကြွေ ညီမဝမ်းကွဲ ကလေးများက ဒေါ်ဒေါ်စောကို ဝိုင်းဝန်းယပ်ခတ်ပေးနေကြ သည်ကိုလည်း ကျောဘက်မှ လှမ်းမြင်နေရသည်။ ဘေးက ဝိုင်း ဝန်း ယုယသလောက် အဘွားကြီးမှာ အခြေသိပ်မပျက်လှပေ။ တိတ်ဆိတ်စွာ မျက်ရည်ကျနေတတ်သည်ကလွဲလျှင် ရင်ဘတ် စည်တီး ပဋ္ဌာမြေလူး ငိုကြွေးခြင်းမရှိပေ။ သမီးလို စိတ်ခိုင်တဲ့ အမေပဲဟု ကိုဉာဏ်လင်းက စိတ်တွင်းမှ ချီးကျူးနေလေသည်။

တကယ်တော့ မအေနှင့်သမီးသာ အဖော်လုပ်စရာရှိသော ဘဝတွင် ငယ်သူက အလျင်ခွဲခွာသွားသောအခါ ကျန်ရစ်သူ အိုမင်းမစွမ်းခမျာ အတော်ပင် အားငယ်ပေလိမ့်မည်။ သူပင်လျှင် ကြွေ့လို သူငယ်ချင်းတစ်ယောက်ကို ဆုံးရှုံးရခြင်းအတွက် သူ့ဘဝ၏ အရေးပါသော ချမ်းမြေ့နှစ်သိမ့်ဖွယ် အစိတ်အပိုင်း အချို့ကို စွန့်လွှတ်ရခြင်းအဖြစ် ခံစားနေရပေသည်။ ကြွေနှင့် အပြီးတိုင် ခွဲရတော့မည် ဖြစ်ကြောင်းကိုလည်း ကြွေ၏ နောက် ဆုံးရက်များကပင် သူသိနေခဲ့သည်။ ပြန်မတွေးချင်သည့် ကြား

www.burmeseclassic.com

www.burmeseclassic.com


ကပင် ထိုရက်များက ကြွေ့ ရုပ်သွင်၊ ကြွေ့ အမူအရာ၊ ကြွေ့ စကားသံတို့ကို မေ့ပျောက်ပစ်၍ မရနိုင်အောင် မြင်ယောင်မိနေဆဲ။

ကြွေ့ထံသို့ ညနေပေါင်းများစွာ သူ သွားခဲ့သည်။ ရန်ကုန်ဆေးရုံနှင့် နီးလာလေ၊ သူ့ ခြေထောက်တွေ နှေးကွေးလေးလံလာလေဖြစ်ခဲ့သည်။ အစောပိုင်းရက်များကမူ ဆင်ဝင်အောက်သို့မဝင်မီ ကြွေရှိရာ အဆောင်ပေါ်သို့ မော့ကြည့်လိုက်တိုင်း သံဆန်ခါကို ဆုပ်ကိုင်ကာ အောက်သို့ ငုံ့ကြည့်နေတတ်သော ကြွေ၏ မျက်နှာဝိုင်းကလေးကို တွေ့ရမြဲ၊ ရုပ်ရည်က ပုံမှန်မဟုတ်တော့ပေမယ့် ကြွေ့အမူအရာတွေ နည်းနည်းမှမပျက်ခဲ့။ သူ့အိမ်သို့ အလည်သွားစဉ် ဆီးကြို ဖိတ်ခေါ်မြဲဖြစ်သော အပြုံးအရယ်မျိုးနှင့်ပင် သူ့ကို စောင့်ကြိုနေတတ်ခဲ့၏။

နောက်ပိုင်းမှာမူ ကြွေ့အခြေအနေတွေ တဖြည်းဖြည်းဆုတ်ယုတ် ယိမ်းယိုင်လာခဲ့တော့သည်။ အိပ်ရာပေါ်မှ မထနိုင်တော့သော ကာလများတွင် ကြွေသည် စောင်ခြုံအောက်မှာ လဲလျောင်းရင်း မောနေတတ်သည်။ တစ်ခါတစ်ရံ အမောသက်သာသည့် အခိုက်အတန့်ကလေးတွင်မူ စာရေးစာဖတ် လုပ်နေတတ်လေသည်။ ထိုအခိုက် သူရောက်သွားလျှင်-

"ကဗျာတစ်ပုဒ် ပြီးပြန်ပြီ ကိုညဏ်ရေ" ဟု စက္ကူဖြူ တစ်ရွက်ကို ချည့်နဲ့ဖောရောင်နေသော သူ့လက်များဖြင့် ကိုင်မြှောက်ပြကာ ပြောတတ်သည်။ သူက အစပိုင်းမှာ တားမြစ်သေးသော်လည်း နောက်ဆုံးတွင်မူ ခေါင်းမာသော ကြွေကို လက်လျှော့ထားခဲ့ရသည်။ ကြွေ စိတ်ချမ်းသာအောင် ဟိုစဉ်ကလိုပင်

www.burmeseclassic.com

www.burmeseclassic.com


ကြွေ့ ကဗျာတွေကို သူ ဂရုတစိုက် ဖတ်သည်။ ဝေဖန်ဆွေးနွေး သည်။ ကြွေ့ကို မမောပန်းစေလို၍ အတိုက်အခံ ငြင်းခုံခြင်း မျိုးကိုတော့ လုံးဝ ရှောင်လေသည်။

အစောပိုင်းက ကြွေ့ကဗျာတွေမှာ ကိုညာဏ်လင်း အမြင် အရ ထူးခြားလှသည်ဟု မထင်ပေ။ ဝေဒနာ နာကျင်ခြင်း၊ မောပန်းခြင်း၊ ပြီးတော့ နှုတ်ဆက်ခြင်းဆိုသော အကြောင်းတွေ သာ ထပ်နေသည်။ ကြွေသာ လူကောင်းပကတိလို ကျန်းမာနေ မည်ဆိုလျှင် ကြွေ့ကဗျာတွေကို အက္ခရာတစ်လုံးစီ လွင့်ထွက် သွားအောင် သူ ဝေဖန်ပစ်လိုက်နိုင်ပေမည်။ ဟိုစဉ်ကတည်းက ကြွေနှင့်သူ စာအကြောင်း ပေအကြောင်းတွေ များစွာပြောခဲ့ ကြဖူးပြီ။ ပုဂ္ဂလိက ခံစားမှု၊ လူတန်းစားအသိ၊ ဘဝအမြင်၊ သရုပ် မှန်ဝါး စသော ဝေါဟာရများ၌လည်း ကြိမ်ဖန်များစွာ ငြင်းခုံ ခဲ့ကြဖူးသည်။

ကြွေမှာ သဘောကျစရာကောင်းတာ တစ်ခုက ငါ့စကား နွားရ ငြင်းတတ်သော်လည်း အကြောင်းအချက် ခိုင်လုံစွာ ကိုး ကား၍ သူ့ကိုပိုင်အောင် ပြန်ငြင်းနိုင်လျှင် လက်ခံတတ်ခြင်းပင် ဖြစ်သည်။ ကြွေနှင့် ငြင်းရခုံရသော အလေ့အထကြောင့် သူ၏ စာဖတ်ရှိန်နှုန်းလည်း တိုးတက်ခဲ့ဖူးသည်။ သူတို့၏ မိတ်ဆွေဘဝ သည်လည်း ပို၍တိုးတက်မြဲမြံလာတော့သည်။

ခုလိုအချိန်မျိုးမှာမူ ငြင်းခုံခြင်းကို သူရှောင်ပြီး ကြွေ၏ စကားလုံးအလှ၊ အလင်္ကာ အသုံးအနှုန်းများကိုသာ ရွေးပြော သည်။ ကြွေကလည်း ပါးနပ်စွာ သိသည်ပင်။ သူ့ကို နှုတ်က

www.burmeseclassic.com

www.burmeseclassic.com


မပြောပေမယ့် တောင်းပန်လိုသော အရိပ်အယောင်ကိုတော့ ပြရှာသည်။

နောက် များမကြာမီ ကြွေ၏ စိတ်ဝင်စားမှု အာရုံမှာ သူ့ဝေဒနာများမှ တမင်ခွာပြီး သူရောက်ရှိနေသော ပတ်ဝန်းကျင်ပေါ်သို့ ဖြန့်လိုက်ပုံရ၏။ ကြွေသည် သူ့ ဝေဒနာအကြောင်းကို သိပ်မပြောတော့။ မေးမြန်းသည်ကိုပင် ကြိုက်ပုံမရတော့။ သူ့ခုတင်နီးနားမှ တခြားလူနာတွေအကြောင်းကို သူက ဦးအောင်ပြောပြတတ်လေ့ ရှိလာသည်။

“ဒီဘက်ခုတင်က မိန်းမနာမည်က မရင်ကြည်တဲ့။ ပန်းတနော်က ဆေးရုံလာတက်ရတာ။ ကလေး ၅ ယောက်အမေ။ ရန်ကုန်မှာ ဆွေမျိုးရင်းချာလည်း မရှိရှာဘူး။ အဒေါ်ဝမ်းကွဲ တစ်ယောက်ဆိုတာပဲ တစ်ခါနှစ်ခါ လာဖူးတယ်။ သူ့ယောက်ျားကလည်း အိမ်မှာ ကလေးတွေနဲ့ သူ့ဆီကို ခဏခဏ မလာနိုင်ဘူးလေ။ ပါလာတဲ့ ပိုက်ဆံကလေးလည်း ကုန်ပြီတဲ့။ ကြွေ သနားလို့ ငွေအစိတ် ချေးထားတယ်”

“ဟိုဘက် ခုတင်က မိန်းမကတော့ အင်းစိန်က လာတက်တာ။ သူ့ယောက်ျားဆုံးသွားတာလည်း မကြာသေးဘူး။ သားထောက် သမီးခံလည်း မရှိရှာဘူး။ ညီမအိမ်မှာ မှီခိုနေရတာတဲ့။ ညီမကတော့ ဂရုစိုက်ပါတယ်။ ဒါပေမယ့် နွမ်းနွမ်းပါးပါးထဲ ကပါပဲ။ ဒီဘက်က ကြွေ ဘာလီရည် ဖျော်သောက်ရင် ငေး ကြည့်နေတာပဲ။ အနံ့ကလေးက မွှေးလိုက်တာနော်တဲ့။ ကြွေ လည်း မျိုမကျတာနဲ့ ကြွေသောက်တိုင်း သူ့ဖို့ပါ တစ်ခွက်တစ်ခွက် ဖျော်ဖျော်တိုက်တာ။ ခု ကြွေ့ကို တော်တော်ခင်နေပြီ”

www.burmeseclassic.com

www.burmeseclassic.com


ပြီးတော့ ကြွေ့ခေါင်းအုံးအောက်မှ တစ်စွန်းတစ်စ ထွက်နေသော အီဂျစ်အရုပ်စာတွေနှင့် သားရေ ပိုက်ဆံအိတ်ကလေးကို တွေ့ခဲ့ရသေးသည်။

"ကြွေ ကျပ်တန် အမ်းဦးမလား"ဟု သူက အလိုက်တသိမေးလျှင် ကြွေသည် ပြုံး၍ ခေါင်းညိတ်ပြတတ်မြဲပင်။ ကြွေ့ ပိုက်ဆံအိတ်ထဲတွင် ကျပ်တန်အသစ်ကျပ်ချွတ်ကလေးတွေ ထောင်လျက်သား။ နှစ်ဆယ်၊ အစိတ်ဖိုးလောက်တော့ အသင့်ရှိနေတတ်သည်။ ကြွေသည် ပိုက်ဆံအိတ်ကို ချိုင်းကြားညှပ်ကာ စကြိုသံဆန်ခါဘောင်ကို တွဲမှီလျက် တရွေ့ရွေ့ လျှောက်ရင်း သူနှင့်မျက်မှန်းတန်းမိသော ကလေးလူနာများဆီ ရောက်သွား တတ်လျှင် 'ထမင်းစားပြီးပလား'ဟု ဂရုတစိုက် မေးတတ်လေ သည်။ ခေါင်းခါပြသူနှင့်တွေ့လေသော် သူ့ပိုက်ဆံအိတ်ကို ဖွင့်၊ ကျပ်တန်ရွက်ကလေးများကို ထုတ်ပေးပြီး 'ရော့၊ ရော့သွားစားချေ' ဟု ခိုင်းတတ်သည်။ ထို့နောက် ပြေးထွက်သွားသူ၏ နောက်ကျောကိုပြုံးငေးရင်း ကြွေသည် မောနေတတ် ပြန်သည်။ ပြီးတော့ သူ့နေရာကို ပြန်လာပြီး လဲလျောင်းကာ မျက်စိကိုစုံမှိတ်၍ ငြိမ်သက်နေတတ်ပြန်သည်။ ကြွေ သူ့ငွေးသုံး သုံးနေပုံကို ကြွေ့မေမေကလည်း မဟန့်တား။

"ကုသိုလ်ရတာပေါ့ သမီးရယ်၊ ကောင်းတယ် ကောင်းတယ်"ဟု ထောက်ခံနေတတ်သည်။ ကိုဉာဏ်လင်းကသာ ကြားက စိတ်မောနေလေသည်။ တစ်ရံတစ်ခါ ရယ်သလို၊ မောသလိုနှင့် ကြွေ ပြောပြတတ်သော မေမေ့ အထုပ်ကလေးဆိုသည်ကို မှန်းကြည့်၍ မရသော်လည်း ဒေါ်ဒေါ်စောမှာ တော်တော်

www.burmeseclassic.com

www.burmeseclassic.com


ကုန် နေပြီကိုမူ သူသိနေသည်။ ကြွေကလည်း ခန့်မှန်းမိပုံတော့ ရ သည်။ ရံဖန်ရံခါ "သမီးအတွက် မေမေ အတော်ကုန်နေရော ပေါ့နော်"ဟု အားနာသလို မေးတတ်သည်။

"ကုန်ပါစေ၊ ကုန်ပါစေ၊ သမီးနေကောင်းရင် ပြီးတာပဲ"

ဟု ဒေါ်ဒေါ်စောကလည်း အပြုံးမပျက် ပြန်ဖြေခဲ့မြဲ။ ကြွေ့ ရှေ့မှာ မျက်နှာ သနပ်ခါးပင် မပျက်စေဘဲ ကြော့မော့သပ်ရပ်စွာ မြင်ရသူ စိတ်ကြည်လင်ဖွယ်ဖြစ်အောင် နေပြမြဲပင်။ သို့သော် ကြွေ့ ကွယ်ရာရောက်သည်နှင့် အဘွားကြီး မျက်နှာဖုံးပြောင်း၍ စွပ်လိုက်သလို သိသာစွာ အိုမင်းကျဆင်းသွားလေသည်။ ကိုညဏ်လင်းကိုတော့-

"မင်းသူငယ်ချင်းကို မကြာခဏ လာအားပေးပါ သား ရယ်"ဟု တောင်းပန်ခယတတ်သည်။ သို့ပေမယ့် အဘွားကြီး မှာ စိတ်ခိုင်ပုံတော့ရသည်။ ဆေးအရှိန်နှင့် မှိန်းနေသော ကြွေ့ နံဘေးတွင် တိတ်ဆိတ်စွာ ထိုင်နေပုံမှာ တရားထိုင်နေသကဲ့သို့ ငြိမ်သက်လှသည်။

"သမီး မရှိရင်၊ မေမေတစ်ယောက်တည်း မနေနဲ့နော်။ အိမ်ထောင်ပြုချင်ပြု မပြုချင်ရင်လည်း မေမေ့ညီမ ဝမ်းကွဲတွေ ခေါ်ထားပါ။ ဒါမှ မဟုတ်လည်း မေမေ ရိပ်သာသွားချင် သွား ပေါ့"

တစ်ခါတစ်ရံ သည်လိုပင် ကြွေက အတည်ပေါက် မှာ နေတတ်သည်။

"အမယ်လေးတော်၊ မအေကိုများ သူက ကလေး ကလား

www.burmeseclassic.com

www.burmeseclassic.com


စကားတွေ”ဟု သမီးရှေ့မှာ ရယ်မောပြောလိုက်ပြီးသည်နှင့် ကြွေ မမြင်အောင် ဒေါ်ဒေါ်စော မျက်ရည်ဝဲ ပြန်လေသည်။

“ကလေးကလား စကားမဟုတ်ပါဘူး မေမေရယ်၊ လူဆို တာ အသက်ကြီးလာလေ အဖော်လိုလေပါပဲ။ အနောက် နိုင်ငံ မှာဆို အသက် ၇၀၊ ၈၀ တွေတောင် လက်ထပ်နေကြသေး တာ။ မေမေ အသက်ဘယ်လောက်ကြီးသေးလို့လဲ။ ခုမှ ၅၀ ကျော်ရုံ ရှိသေးတာ”

ထိုအခါ ကိုညဏ်လင်းမှာ ကြွေ့ကို အံ့သြစွာ ငေးကြည့် နေမိတတ်သည်။ ဒေါ်ဒေါ်စောကတော့ ဟန်မဆောင်နိုင်ဘဲ အကြောင်းတစ်ခုခု ရှာပြီး ကြွေ့ရှေ့မှ ထွက်သွားတတ်သည်။ ကြွေသည် မိခင်ထွက်သွားရာကို ငေးမောရင်း-

“မေမေ စိတ်မကောင်းဖြစ်သွားပြန်ပြီ။ ကြွေမရှိရင် မေမေ တစ်ယောက်တည်း ကျန်ခဲ့မှာစိုးတယ် ကိုညဏ်လင်းရယ်၊ သမီး တစ်ယောက်အနေနဲ့ မေမေ့အပေါ်မှာ ကြွေ တာဝန်မကျေ နိုင်တော့တာကို ဝမ်းအနည်းဆုံးပါပဲ”

“တော်ပါတော့ ကြွေရယ်”

ကိုညဏ်လင်းကပါ နားမခံသာဘဲ အော်ဟစ်မိပြန်လေလျှင် ကြွေက မောနေသည့်ကြားက-

“လက်တွေ့ဘဝဆိုတာ ဒီလိုပဲပေါ့ ကိုညဏ်လင်းရယ်”

ဟု သွေးအေးစွာ ဆက်ပြောနေပြန်သေးသည်။

ကြွေ၏ ခိုင်ခံ့ မာကျောမှုကို အကြောင်းရှာ ကြည့်သော အခါ ဖျော့တော့ အားနည်းသော ကြွေ့ရုပ်သွင်ကို အကြောင်း

www.burmeseclassic.com

www.burmeseclassic.com


တစ်ရပ်အဖြစ် သွားမြင်သည်။ စေတနာညကျောင်းမှာ သူတို့စသိကြစဉ်ကပင် ကြွေသည် ကျန်းမာရေး ကောင်းလှပုံ မရ။ ဖြူဖြူသွယ်သွယ်နှင့် ပါးလျသော ကြွေ့ကိုယ်လုံးကလေးမှာ ပွယောင်းသော အနွေးထည်များအောက်၌ ရာသီမပြတ် နစ်မြုပ်နေတတ်သည်။ ကြွေ့ပခုံးမှာ သိုင်းလွယ်ထားမြဲဖြစ်သော စလင်းဘက်အိတ်ထဲတွင်လည်း ဆေးပုလင်းသေးကလေးများ အစဉ်လိုတချွင်ချွင် မြည်နေတတ်သေးသည်။

ကြွေ့ကို လူပျော့သလောက် စိတ်မာသူဟု ကိုဉာဏ်လင်းက အကဲဖြတ်သည်။ ကြွေသည် ရွက်တိရွတ်ထိုးနှင့် ပေလည်းပေသည်။ အနွေးထည်ဝတ်ပြီး ဆေးပြားဆောင်ထားရုံမျှနှင့် သူ့တာဝန်ကျေပြီဟု ကြွေ ထင်လေသလားမသိ။ အစားအသောက်အနေအထိုင် ဆင်ခြင်ပုံကို သိပ်မတွေ့ရ။ မိုးမှုန်ဖွဲဖွဲအောက်မှာ ထီးမပါဘဲ လက်ကိုင်ပဝါလေးသာ ခေါင်းအုပ်လျက် ကျောင်းဝင်းအတွင်းသို့ ပြေးလွှားဝင်ရောက်လာတတ်သော ကြွေ့ကို ယခုတိုင် ကိုဉာဏ်လင်း မြင်ယောင်လျက်ပင် ရှိနေသေးသည်။

ကြွေ့ကို တွေ့စကမူ ကြွေနှင့်သူ ခင်ဖြစ်ကြလိမ့်မည်ဟုပင် မထင်ခဲ့။ သို့ပေမယ့် ခင်မယ့် ခင်မိကြတော့လည်း တစ်မျိုးပါပဲလေ။ ကြွေ့ကို ရိုးသားစွာ ခင်ပါသည်ဟု သူဆိုလျှင် သူ့စကားကို ယုံသူမှာ ကြွေတစ်ယောက်တည်းသာလျှင် ရှိလိမ့်မည်။ ထိုအဖြစ်မှာ ထူးဆန်းမှုသက်သက်လေလား။ ဝမ်းနည်းဖွယ်တော့ကောင်းနေသေးသည်ပင်။ သူတို့ ခင်မင်မှုသက်တမ်း စစဉ်လောက်ကပင်။

www.burmeseclassic.com

www.burmeseclassic.com


"နှင်းလဲ့ကြွေကိုတော့ ကိုညဏ်လင်းက အပိုင်ဆုံးပဲ"ဟု ယောကျ်ားချင်းသာ ဖွံ့တတ်သောဝိုင်းမျိုးမှာ လက်သုံးစကားလို အပြောခံရမြဲ။ သူက ငြိမ်နေလျှင်-

"သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် ဇာတ်လမ်းက ပြီးဖို့ တော်ပြီဗျ"ဟု ဆက်ပြောကြပြန်လေသည်။

"ရိုးရိုးပါဗျာ"ဟု သူက ငြင်းမည်ကြံလျှင်-

"တစ်မိမ်း မိန်းမတစ်ယောက်နဲ့ ယောကျ်ားတစ်ယောက်ဟာ ဘယ်တော့မှ ရိုးရိုးခင်လို့ မရဘူးဗျ။ ဘယ်ပညာရှိကလဲ မသိဘူး ပြောဖူးတယ်။ ခင်ဗျား မှတ်ထားဗျ"

"ဘာလဲ ခင်ဗျားတို့က မနာလိုတာလား"ဟု သူက ရန်စကားပြန်ပြောလျှင် မျက်နှာနီချင်ကြပြန်လေသည်။ သူ့အဖို့ ချော်လဲ ရောထိုင်လည်း မလုပ်ချင်။ အားလုံးနှင့် အခင်အမင် မပျက်နေလိုသည်လည်း အမှန်ဖြစ်၍ များစွာ စိတ်ကျဉ်းကျပ်ခဲ့ရသည်။

"လူလွတ်တွေပဲဗျာ။ ဒီလောက်တော့ ငြိတွယ်ကျွမ်းဝင်နိုင်ခွင့် ရှိကြပါတယ်။ အပြစ်မှ မဟုတ်တာ။ ပြီးတော့ ဘယ်သူ့ကိုကော ထိခိုက်နိုင်တာမှတ်လို့။ ဟုတ်တယ်မို့လား"

သည်တော့လည်း လူလွတ်မဟုတ်သူတွေက မျက်နှာညိုချင်ပြန်သေးသည်။ မတတ်နိုင်ပါ။ ကြွားပြလိုက်တာဟု ထင်လိုကလည်း ထင်စေတော့။ လူပျိုနှင့် လူအိုတို့၏ ခြားနားသော အခွင့်အရေးအကြောင်းကို သူတို့ သိသင့်ပြီးသား ဖြစ်ရမည်ဟု သူက ယုံကြည်ယူဆခဲ့၏။ စိတ်ချင်းငြိတွယ်ကြရုံနှင့် ကြိုက်သည် လို့ဆို၍ ရရိုးလား။ ကြိုက်သည်ဆိုလည်း ဘာဖြစ်သေးလဲ။ ယူချင် လျှင်တောင်မှ ယူလို့ရသေးသည်ပဲ။ ယူသည့် ကြိုက်သည့်အဆင့်

www.burmeseclassic.com

www.burmeseclassic.com


ထိ မရောက်ဘဲရှိလည်း ထားလည်းရပြန်သည်ပဲ။ နှစ်ဦးသဘော ညီလျှင် ပြီးစတမ်းသာပ။ မဆီမဆိုင် မနေနိုင်ကြလည်း ကွယ်ရာ အတင်းပြောချင်ပြောကြပေါ့။ ရှေ့တွင် ထုတ်ပြောကြဖို့ အခွင့် အရေး သူတို့မှာ မရှိဟု သူက ခပ်စွာစွာတွေးခဲ့သည်။ သို့ပေမယ့် လက်တွေ့မှာတော့ ထိုသူတို့ကို သူကသာ တောင်းပန်ထားခဲ့ရ သည်။

"ကွယ်ရာမှာ ကျွန်တော့်ကို ပြောချင်သလိုပြောကြပါ။ ဒါပေ မယ့် ကြွေ့ရှေ့မှာတော့ ဒီလို မစပါနဲ့ဗျာ"

ပြီးတော့ ကြွေ့အတွက် စိတ်မကောင်း ဖြစ်နေပြန်သည်။ သူ့ အနေအထိုင်ကို ဆင်ခြင်ရလျှင် ကောင်းလေမည်လား။ သူများတွေ မျက်စိနောက်လောက်အောင် သူနှင့်ကြွေ ဘယ်လို နေခဲ့ကြပါလိမ့်ဟုလည်း တွေးပြန်သည်။ အားလပ်ချိန်မှာ စားပွဲ တစ်လုံးခြားလျက် စကားပြောကြခြင်းပါပဲ။ တစ်ခါတစ်ရံတော့ စားစရာတွေ ယူလာကာ စားကြခြင်းပါပဲ။ အမြဲပဲ နှစ်ယောက် တည်းလား၊ သည်လိုလည်း မဟုတ်ပါ။ အများနှင့် ဝိုင်းဖွဲ့ပြော ကြ၊ စားကြသည့်အခါတွေလည်း ရှိသေးသားပဲ။ ကြည့်စမ်း၊ သည်တုန်းကတော့ ကြွေ ယူလာခဲ့သော ကြာဆံကြော်တွေ၊ လက်ဖက်သုပ်တွေကို သူတို့ပဲ အားမနာ ပါးမနာ စားကြပြီး တော့။

သူကတော့ ကြွေ့ဆီက တစ်ခါစားရပြီးတိုင်း ကြွေ့ကို တစ်ခါပြန်ကျွေးဖို့ ဘယ်တော့မှ မေ့ခဲ့သူ မဟုတ်ဟု သူ့ကိုယ်သူ စိတ်သန့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com


ပြီးတော့ သူ့ကိုသာ သူဌေးသားရယ်လို့ လက်ဖက်ရည် တိုက်ခိုင်းကြသူတွေ၊ ပုံနှိပ်စက် ရှိသော သူ့ထံမှာ စက္ကူ အလကား တောင်းဖို့လောက်သာ သတိရတတ်သူတွေ။ သို့ပေမယ့်လည်း သူ့ကွယ်ရာမှာ သူ မမြင်ဘူးရယ်လို့ အချင်းချင်း လက်တို့ကာ 'အလကား ငပေါက်ပါကွာ'ဆိုလား၊ 'အခြောက် ပါကွာ'ဆိုလား တီးတိုးပြောတတ်ကြသူတွေ။ ထိုသူတို့ထံမှ တစ်စ တစ်စ စွန့်ခွာလာဖြစ်ကာ ကြွေတို့လူသိုက်နှင့် အပေါင်းအဖော် ဖွဲ့ဖြစ်သွား သည်မှာလည်း သူ့အလွန်သက်သက် မဟုတ်ဟု ယုံကြည်နေမြဲပင်။

ကြွေတို့လူသိုက်ထဲတွင် ကြွေ့ကိုမှ ဘာကြောင့် ပိုမိုရင်းနှီး တွယ်တာဖြစ်သလဲဟုတော့ သူ မတွေးတတ်။ သူ့မှာ တွေ့ဝေစရာ ပြဿနာတွေ ရှိလာတိုင်း ကြွေ့ကိုသာ ရွေးချယ်ပြောဖြစ်ခဲ့ တာ တွေ၊ ကြွေက တစ်ခါတစ်ရံ အားပေးတတ်သော်လည်း ကြိမ်ဖန် များစွာမှာတော့ ဝေဖန်ရေး လုပ်တတ်တာတွေ၊ ကြွေ့ဝေဖန်ရေး က သူ့ကို နာသာခံခက်ဖြစ်သွားစေသည်က များသော်လည်း ပြောမပြဘဲ မနေနိုင်ခဲ့တာတွေအတွက်တော့ သူ ရှင်းမပြတတ် ပေ။ သို့သော် ကြွေ့ကို ရည်းစားထားဖို့တော့ ဘယ်သော အခါ မှ သူစိတ်မကူးကြောင်း သူ့ကိုယ်သူ သေချာစွာ သိနေသည်။

ထိုစဉ်ကပင် သူ့တွင် 'ဖြူလေးဝေ' ရှိနှင့်နေလေပြီ။ ဖြူလေး ဝေ မတိုင်မီကပင် သူ့၌ ရည်းစားသုံးလေးယောက် ပြောင်းခဲ့ ပြီး ဖြစ်၍ သူသည် နမူးနထိုင်းလည်း မဟုတ်တော့။ သူ တကယ်

www.burmeseclassic.com

www.burmeseclassic.com


ယူမည့် မိန်းကလေးမှာ အရင်ရည်းစားဟောင်းတွေထက် အပြတ် ငယ်ကာ လှရမည်ဟု သူထားခဲ့သော စံတစ်ခုတည်းနှင့်ပင် ချိန်ထိုးကြည့်ဦး။ ကြွေသည် နောက်မှ မီတာ ၅၀၀ ခန့် ပြတ် ကျန်ခဲ့ပေလိမ့်မည်။ ကြွေကို လှသည်ဟု သူတစ်ခါမှ မထင်ခဲ့။ ကြွေ ထူးခြားပုံကိုတော့ သူ ဝန်ခံမည်။ သို့သော် သူ့ အိမ်ထောင် ဖက်အဖြစ်နှင့်မူ ထူးခြားတာကို မလိုချင်။ သူ့ကို ချစ်ခင်ယုယ ကာ အရာထားစွာ ရိုကျိုးကာ သူ့အတွက် သားသမီးများ ပွားစီးပေးနိုင်မည့် ဇနီးမျိုးကိုသာ သူလိုချင်သည်။ သူသည် ဇနီးသည် ဝေဖန်ခြင်း၊ ပြုပြင် ဆုံးမခြင်းတို့ကို ခံယူနေရမည့် လူမျိုးတော့ သူ့ကိုယ်သူ ဘယ်တော့မှ အဖြစ်ခံလိမ့်မည် မဟုတ်။ သူ့ကိုယ်သူတော့ သည်လိုပင် နားလည်ခဲ့ပေသည်။

သို့သော်လည်း ကြွေ့အတွက် သူ ဆင်ခြင်ရမည်ဟု အား နာစွာ တွေးကာ အများရှေ့မှာ မခေါ်ရဲ မပြောရဲ ဖြစ်နေသော အခါ ကြွေက သူ့အား မဆိုင်းမတွပင် စကားဥပမာတစ်ခု ပြောပြ လိုက်ပုံကို ယခုတိုင် သူ မမေ့နိုင်။

"ကြွေတို့ လမ်းထိပ်မှာ ဦးဘမြိုင် ဆိုတဲ့ အရက်သမားကြီး တစ်ယောက်ရှိတယ်။ ညနေတိုင်း ဘုံဆိုင်ထဲက သူထွက်လာရင် လမ်းဟိုဘက်ထိပ်ကနေ ဒီဘက်ထိပ်ကို အခေါက်ခေါက် လျှောက် ပြီး အော်တော့တာပဲ။ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်ဘာသာ သောက်တာ ဘယ်သူ့ထိခိုက်လို့ သောက်ဂရုစိုက်ရမှာလဲ။ ဟော့ ဘိုင်ကောင် တွေ ငါ့လို မင်းတို့ မူးချင်လို့မှ မူးနိုင်လို့လားကွတဲ့။ သူ အော် ပုံကို ကြွေ သိပ်သဘောကျတာပဲ ကိုညဏ်လင်းရဲ့။ တစ်ခါတလေ ပတ်ဝန်းကျင်ကို အဲသလို ရန်တွေ့လွှတ်ရတယ်"

www.burmeseclassic.com

www.burmeseclassic.com


ထိုစဉ်က ကြွေ့ကို သူအကြာကြီး စိုက်ကြည့်နေခဲ့မိသည်။ ကြွေ့ကို ပိုနားလည်လာသလို ရှိသည့်ကြားက သံသယအစွန်းအစကလေးများလည်း ပွားလာခဲ့သည်ထင်၏။ 'ရေလာမြောင်းပေး'စကားမျိုး ဖြစ်နိုင်၊ မဖြစ်နိုင် သူအကြာကြီး စဉ်းစားကြည့်ခဲ့ဖူးသည်။ သူ့မှာ မိန်းကလေးတွေ ကျလောက်သော ရုပ်ရည် မျိုး မရှိပေမယ့် မိန်းကလေးတို့ ကြိုက်တတ်သော လိုက်လျောမှု၊ ကူညီမှုတွေ ရှိနေသည်ဟုလည်း တင်စားထားပြန်သည်။

သည်လိုနှင့်ပင် သူနှင့်ကြွေ ပုံမှန်ပြန်ဖြစ်လာခဲ့သည်။ အခွင့်အရေးယူတာ မဟုတ်သည့်တိုင် အနည်းဆုံး သူတောင် မဖြူသေးတာ ငါက ဘာတုန်လှုပ်စရာ လိုမလဲဟု တွေးဖြစ်ခဲ့သည်။ သူ့ကို ကြွေက သည်မျှအရေးထားသည့်အတွက် ဝမ်းလည်းသာသည်။ သို့နှင့်ပင် သူ၏ အတိတ်ဇာတ်လမ်းပေါင်း များစွာကို ကြွေက မမေးရဘဲ ကြွေ့အား အခွင့်ကြုံတိုင်း ပြောပြတတ်ခဲ့သည်။

သို့သော် တစ်နေ့မှာတော့ သူပြောပြသော ဇာတ်လမ်း တစ်ပုဒ်ကို နားထောင်ပြီး ကြွေက သူ့အား အကဲဖြတ်လိုက်ပုံကိုကား အောင့်သက်သက်နှင့်ပင် သူ အမြဲ အမှတ်ရနေမည်ပင်။

"ကိုဉာဏ်လင်းဟာ မဖြူစင်ပေမယ့် ရိုးသားပါတယ်"

ကြွေ၏ ချီးမွမ်းခြေကျောက်စကားကို ပြုံးတစ်ဝက် မဲ့တစ်ဝက် မျက်နှာနှင့် နားထောင်ရပြီးသောအခါ ကြွေ့ကိုလည်း သူပို၍ နားလည်နိုင်ခဲ့ပြီဟု ထင်လိုက်သည်။ ကြွေသည် ရိုးသားမှုကို ခင်သည့်တိုင် ဖြူစင်မှုကိုသာ မြတ်နိုးလိုသူ ဖြစ်ပေလိမ့်မည်။ ထို

www.burmeseclassic.com

www.burmeseclassic.com


အခါကျမှ သူနှင့်ကြွေတို့၏ အခြေခံတူညီချက်ကို ဘွားခနဲ သွား မြင်သည်။ သူ့အပေါ် ကြွေကများ ညွှတ်နူးနေသလားဟု ထင် မိသည်ကိုလည်း နည်းနည်းရှက်သွားသေးသည်။

ပြီးတော့ ဖြူလေးဝေ၏အကြောင်းကို ကြွေက မမေးဘဲ ကြွေ့အား စတင်ပြောပြဖြစ်ခဲ့သည်။ ကြွေ့အကြောင်းကိုမူ ဖြူလေး ဝေအား အခွင့်ကြုံတိုင်း ပြောပြတတ်ခဲ့သည်မှာ ကြာလေပြီ။

လသာညများ၌ သူတို့ကျောင်း ပရိဝုဏ်ကလေးမှာ ပိုမို အေးမြ သာယာနေတတ်သည်။ ကျောင်းဝင်း ရှေ့တစ်ဖက်တစ်ချက်မှ တရုတ်စကားပင်ကြီးနှစ်ပင်ကို လရောင်အောက်တွင် အပွင့်တွေ အဖွေးသားနှင့် တွေ့ရသည်မှာ ကြည်နူးဖွယ် ကောင်းသည်။ လဝန်းသည် အုန်းပင်ရိပ် မည်းမည်းများကြားမှ တစ်စတစ်စ မြင့်တက်လာကာ တရုတ်စကားပင်များ ထိပ်တည့်တည့်သို့ ရောက်ချိန်တွင် ကျောင်းဆင်းခေါင်းလောင်း ထိုးမြဲပင်။ ထိုသို့ သော လသာရက်များတွင် သူတို့သည် ဆရာများ နားနေခန်း၏ ပြတင်းဝ၌ ထိုင်ကာ စကားဝိုင်းဖွဲ့ရသည်များကို မမေ့နိုင်ပေ။ နှစ်ဦးပိုင်းအချိန်များက စကားဝိုင်းမှာ လူစုံလှပေသည်။ သူက ဒိုင်ခံအပြောသမား။ ကြွေနှင့် ကိုကျော်သူက စိတ်ရှည်လက်ရှည် နားထောင်ကာ တစ်ခါတစ်ရံလည်း အလစ်ဝင်၍ ရွှန်းပြက်တတ် သူများ။ ကိုမြတ်နိုင်ကတော့ သူ့အပြောမှာ ဒေါ်မောရန်

www.burmeseclassic.com

www.burmeseclassic.com


ထက် အများသောက်ကြဖို့ ရေနွေးအိုးကို ဟီတာဂေါက်ဖြင့် ထတည်၊ ဆူသည်နှင့် တစ်ယောက်ချင်း၏ရှေ့မှာ အကြမ်းခွက် တွေလိုက်ချ၊ ရေနွေးလိုက်ဖြည့်လုပ်ပေးရန်ကိုသာ စိတ်ထက်သန် တတ်သူ။

စာသင်နှစ်ဝက်ကျိုးစ ပြုချိန်မှာပင် စကားဝိုင်း၌ လူလျော့ လာသည်။ သိသိသာသာ လစ်ဟာသွားသူ နှစ်ဦးကား ကိုမြတ် နိုင်နှင့် ကိုကျော်သူပင်တည်း။ သူတို့သည် ကျူရှင်လောကတွင်း သို့ တစ်စတစ်စ ခြေလှမ်းကာ တိုးဝင်သွားကြလေသည်။ စေတနာ ညကျောင်းအတွက် ယခင်ကလောက် အချိန်မပေးနိုင်ကြတော့ ပေ။ တစ်ခါတစ်ရံမှာတော့ မောပန်းနွမ်းလျစွာ ရောက်လာ တတ်ကြသည်။ ထိုအခါမျိုးမှာ-

"ဟော၊ ဘော့စ်တွေလာပြီ၊ လက်ဖက်ရည် တိုက်ကြဗျာ"

ဟု သူက တောင်းဆိုလိုက်လျှင်လည်း မဆိုင်းမတွ လိုက်လျော တတ်ကြသည်ပင်။ သို့ပေမယ့် ကုလားထိုင်မှာ ခြေပစ်လက်ပစ် ကျောမှီကာ အားအင်ကုန်ခန်းနေတတ်သော သူတို့အသွင်ကို ကြည့်ကာ သူတို့ တိုက်ကျွေးသော လက်ဖက်ရည်ကိုပင် မသောက် ရက်နိုင်အောင် ရှိရသည်။ ကိုကျော်သူကတော့ ပျော် ရွှင်ပေါ့ပါး မှုကိုသာ ရှာလိုတတ်မြဲဖြစ်ကာ ပင်ပန်းလာလေ သူတကာကို လိုက်လံနောက်ပြောင် ကျီစယ်ကာ တဝါးဝါး တဟားဟား ပွဲကျ နေလေပင်။ ထိုအချိန်မျိုးတွင် သူတကာထက် ပို၍ တိတ်ဆိတ် ငြိမ်သက် နေတတ်သော ကိုမြတ်နိုင်ကို သူက အထူးသတိပြုမိခဲ့ ပေသည်။ စကားဝိုင်း၏ အပြင်စွန်းမှာနေခါ အုန်းပင်ရိပ်ကြားမှ မြင့်တက်လာသော လဝန်းကို ငေးမောနေ

www.burmeseclassic.com

www.burmeseclassic.com


တတ်သော ကိုမြတ်နိုင် မှာ နွမ်းနယ် ဖျော့တော့နေသည်။ ရံဖန်ရံခါလည်း ဝရန်တာ စကြံဘက်သို့ထွက်၍ ချောင်းတဟွတ်ဟွတ် ဆိုးနေတတ်ပြန်သည်။ ထိုအခါမျိုးတွင် ကြွေ၏ အာရုံမှာ စကားဝိုင်းမှ လွင့်ထွက်သွားပြီး ကိုမြတ်နိုင်ရှိရာ စကြံဘက်ဆီ ရောက်နေတတ်ကြောင်း သူက လည်း သတိပြုမိသည်ပင်။

"ကိုမြတ်နိုင်ကြည့်ရတာ နေမကောင်းဘူးထင်တယ်"

ကြွေက ပူပန်စွာ ပြောတတ်လျှင် သူ့စကားမှာ စိတ်မဝင်စားရကောင်းလားဟု သူက စိတ်ကွက်လိုက်မိသည့် ကြားက ကိုမြတ်နိုင်ကိုတော့ လှမ်းကြည့်ဖြစ်သည်။

"မနက်ဖြန် ကျွန်တော် ဆေးယူလာခဲ့ဦးမယ်။ နိုင်ငံခြားဆေးဗျ။ ကျွန်တော့်အစ်မ ပြန်လာတုန်းက ပါလာတာ"

ကိုမြတ်နိုင်က ပြုံး၍ ခေါင်းခါပြတတ်သည်။

"ကျွန်တော့်ဆေးနဲ့ ကျွန်တော် ရှိပါတယ်။ ကျွန်တော့် ဘုန်းကြီး ဖော်ပေးထားတဲ့ လေးမျိုးရှစ်ဆယ် လျက်ဆား"

သူ့မျက်နှာပျက်ချင်နေဆဲ ကြွေကတော့ ဟက်ဟက်ပက်ပက် ရယ်မောလေသည်။ သူ့ကိုပင် အားနာရကောင်းမှန်း မသိခဲ့။ ဘာကို သည်လောက်သဘောကျသွားမှန်းလည်း သူမသိ။

"မဟုတ်ပါဘူး။ နှာစေး ချောင်းဆိုး ဖြစ်ရုံလောက်နဲ့ ကျွန်တော် အင်္ဂလိပ်ဆေးတွေကို မသုံးချင်လို့ပါ။ ခေါင်းကိုက်ရင်လည်း ပရုပ်ဆီပဲ သုံးတယ်။ အေပီစီတွေ၊ ကိုဒါနင်တွေကို အကျင့်လုပ်ပြီး မသောက်တတ်လို့ပါ"

www.burmeseclassic.com


ကိုမြတ်နိုင်က သည်လိုစိတ်ရှည်လက်ရှည် ရှင်းပြလျှင်တော့ သူ ကျေနပ်ရသည်။ သို့ပေမယ့် သူနှင့် ကိုမြတ်နိုင်၏ ဆက်ဆံရေးမှာ စိမ်းဝေးနေဆဲပင်။ တစ်ခါတစ်ရံမှာတော့ စကားပြောအပေါက်အလမ်း မတည့်ကြ။ မှတ်မှတ်ရရ သူ့အိမ်က ထမင်းစားမလာမိခဲ့သော တစ်နေ့မှာ 'ဆာတယ်ဗျာ၊ တစ်ခုခု စားကြရအောင်'ဟု သူက စတင် အဖော်ညှိဖြစ်လေသည်။ ပြီးတော့ သူ ထမင်းစားမလာခဲ့ရပုံကို သူ့ထုံးစံအတိုင်း ပြောပြနေမိပြန်သည်။

'တကတည်းဗျာ၊ ပုစွန်ကျော်ကိုထောင်းပြီး လုံးကြော်သတဲ့။ အရည်မပါ ဘာမပါ။ ဘယ်လိုလုပ်ပြီး ထမင်းနဲ့စားရမလဲ။ စိတ်ပေါက်ပေါက်နဲ့ ဘာမှ မစားဘဲထွက်လာတာ"

ပြောမိစဉ်ကတော့ ဘာရယ်မဟုတ်၊ သူ့အိမ်မှာ တစ်ဦးတည်းသော သားအဖြစ် အစ်မများကို သူနဲ့ဆိုးဆိုးတတ်ပုံကိုသာ ဂုဏ်တင်ပြောခဲ့ခြင်း ဖြစ်ကောင်းဖြစ်မည်။ သို့သော် ထိုသို့သော သူ့အပြောကို ကိုမြတ်နိုင်က သဘောတွေ့ပုံမရခဲ့။

"အဲဒါလည်း ဟင်းပေါ့ဗျ၊ ခင်ဗျားက ငါးပိရည်နဲ့ တို့စရာ စားနေရတဲ့ လူတွေကိုလည်း အားနာပါဦး"

ကိုမြတ်နိုင်၏ လေသံက သူ့ကို ကြီးကျယ်လှသည်ဟု ပြောချင်နေဟန်ရှိသည်။ သူ ပြုန်းခနဲ ဝမ်းနည်းသွားပြီး စိတ်ထဲမှာ တင်းခနဲ ဖြစ်သွားသော်လည်း ခွန်းတုံ့မပြန်ခဲ့ပေ။ ထိုအခါမျိုးမှာတော့ ကြွေက သူ့အား သူနားလည်စွာပြုံးကာ အားပေးဖော်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ်၊ ကြွေလည်း ခြောက်ကပ်ကပ်ဆို မစားတတ်ဘူး။ ကြွေကတော့ အရည်မပါရင် ထမင်းရည်ကို ဆားခပ်ပြီး ဟင်းချို လုပ်လိုက်တာပဲ။ ကိုဉာဏ်လင်းလည်း အဲသလို သောက်ကြည့်စမ်း သိပ်ကောင်းတာပဲ"

သူတို့နှစ်ယောက်ကြားမှာ ကြွေက ကြားဝင်ရပ်ခဲ့လေသည်လားဟု တွေးတောရင်း စိတ်ပြေလိုက်လာသည်။ တစ်ဖက်က လည်း သူ 'စိတ်တိုနေလို့ ထင်ပါရဲ့လေ။ သူ့ကြည့်ရတာ ပင်ပန်း နေပုံလည်းရပါတယ်'ဟု လှည့်တွေးနေသည်။ တစ်ချိန်တည်း မှာပင် သူသည် ကြွေ့ထံမှသာမက ကိုမြတ်နိုင်ကပါ သူ့အပေါ် လိုက်လျောခင်မင်မှုကို လိုချင်တောင့်တလျက် ရှိကြောင်း သူ့ ဘာသာ သိမြင်လာခဲ့ပေသည်။

စာမေးပွဲကြီး နီးကပ်လာသော လများမှာမူ သူနှင့် ကြွေသာ စကားပြောဖော်အဖြစ် ကျန်ခဲ့ကြတော့သည်။ ကိုမြတ်နိုင်တို့ကား အနီးကပ် သင်တန်းများနှင့် မအားကြရတော့ပြီ။ သူလည်း ဒီဇင်ဘာ ကျောင်းပိတ်ရက်အတွင်း ရှမ်းပြည်ဘက်သို့ အလည် ခရီး ထွက်ဖြစ်ခဲ့သေးသည်။ ရှမ်းပြည်ခရီးမှ အပြန်တွင်မူ ထုံးစံ အတိုင်း ကြွေ့ကို ပြောပြစရာ ဇာတ်လမ်းတစ်ပုဒ် ပါလာခဲ့ လေသည်။

"အဲဒီညက ကျွန်တော်နဲ့ သူငယ်ချင်းသုံးယောက် ကလော ကနေ ပြန်ဆင်းခဲ့ကြတယ်။ တောင်ကြီးမြို့ဝင်တော့ ည ၇ နာရီ

www.burmeseclassic.com

www.burmeseclassic.com


သာသာလောက်ပဲ ရှိဦးမယ်။ လမ်းမှာ ကျွန်တော်တို့ ကားကို အမျိုးသမီးတစ်ယောက်က လက်ပြတားတော့တာပဲဗျို့”

သူသည် ဇာတ်လမ်းများကို သည်လိုပင် စိတ်ဝင်စားဖွယ် ဖြစ်အောင် ပြောပြဖို့ ဝါသနာပါတတ်လေသည်။

“ညကလည်း မှောင်မှောင်၊ လူကလည်း ပြတ်တဲ့နေရာဆိုတော့ ကျွန်တော်တို့အားလုံး လန့်သွားကြတယ်။ အမျိုးသမီးက တစ်ယောက်တည်းဗျ။ မီးရောင်အောက်မှာကို သူ့အသားအရေက ဖြူဝင်းနေတာပဲ။ ဆံပင်ကို ဂျူးလီးယက်ပုံ အရှည်ဖားလျားချထားတယ်။ လေတိုက်တော့ ဆံပင်တွေက လွင့်လို့၊ ကျောမှာ သားရေအိတ်တစ်လုံးကို ပိုးလို့၊ အပေါ်အောက် အဖြူရောင် ဝမ်းဆက်နဲ့။ ဉစ္စာစောင့်မကလေးလိုပဲ”

“မှောင်ခိုဂိုဏ်းကတော့ မဟုတ်ဘူး ထင်ပါရဲ့နော်”

ကြွေက အတည်ပေါက် ဝင်ရွှန်းသည်။

“သူ့နာမည်က နန်းခမ်းနွယ်ပါတဲ့။ ရန်ကုန် စီးပွားရေး တက္ကသိုလ်က စတုတ္ထနှစ် ကျောင်းသူပါတဲ့။ ကျောင်းပြန်ဖို့ တောင်ကြီးကိုအလာ လမ်းမှာ ကားပျက်သွားလို့ ကားကြုံလိုက်ပါရစေတဲ့”

“သတ္တိခဲပဲ၊ ဒါနဲ့ ခေါ်ခဲ့ရောလား”

“ကျွန်တော့်အကြောင်းလည်း ကြွေသိတဲ့အတိုင်းပဲ။ ကျွန်တော်တို့ ဂျစ်ကားကလည်း ချောင်၊ အပန်းကြီးတာလည်း မဟုတ်တော့ ခါတိုင်းလည်း ဒီလိုပါပဲ။ ကြုံတဲ့လူ ခေါ်တင်လာတာပဲ”

www.burmeseclassic.com

www.burmeseclassic.com


"ဒါနဲ့ ဇာတ်လမ်းစရော ဆိုပါတော့။ ဇာတ်လိုက်ကတော့ ကိုညဏ်လင်းပဲ ဖြစ်မှာပေါ့။ မဟုတ်ဘူးလား"

သူက ဟက်ခနဲ ရယ်လိုက်ရင်း စကားဆက် တုံ့နှေးသွားသည်။ ကြွေကို ပြောလည်း ပြောပြချင်သည်။ ပြောရမှာလည်း တွန့်နေလေသည်။ အပြည့်အစုံမဟုတ်ဘဲလည်း သူက မပြောတတ်ခဲ့။

"အဲဒီညက သူ့တည်းအိမ်ပို့ပေးပြီး လမ်းခွဲခဲ့တာပဲ။ နောက်နှစ်ရက်လောက် နေပြီးမှ ကျွန်တော်က ရထားနဲ့ပြန်ခဲ့တာ။ ဒါပေမယ့် ရေစက်က မကုန်ချင်တော့ ရန်ကုန်ရထားကို အပြောင်းမှာ သူနဲ့ ပြန်ဆုံတယ်ဗျ။ ဆုံတာမှ ထိုင်ခုံနဲ့ မျက်နှာချင်းဆိုင်လေ"

သူ့မျက်နှာပေါ်မှ အားတက်ရွှင်လန်းမှုကို ထိုစဉ်က သူ့ဘာသာ သတိမထားမိခဲ့သော်လည်း ကြွေကမူ ရိပ်စားမိခဲ့လိမ့်မည်။ နောက်တော့ နန်းခမ်းနွယ်၏ ဖျူဝင်းပြေပြစ်သော ရုပ်ရည်၊ အသံဝဲလေးနှင့် ဆွဲဆောင်နိုင်သော စကားပြောဟန် သွက်လက်ဖော်ရွေပုံတွေ၊ ခရီးစဉ် တစ်လျှောက်လုံးမှသည် အဆောင်ရောက်သည်အထိ သူ ကူညီလိုက်ရပုံတွေကို ဝေဝေဆာဆာပင် ပြောပြမိခဲ့၏။ ကြွေ သူ့ကို ခေါင်းတညိတ်ညိတ်နှင့် ပြုံးကြည့်ကာ 'သြော်... ကိုညဏ်လင်း၊ ကိုညဏ်လင်း'ဟု ညည်းသလို ရွတ်ခဲ့သည်။

"အချိန်တိုတိုအတွင်းမှာ မိန်းကလေးတွေ ခင်မင် ယုံကြည်သွားအောင် စွမ်းဆောင်နိုင်တာကတော့ ကိုညဏ်လင်းရဲ့ ပါရမီထူးပဲ"ဟုလည်း သူ့ကို ချီးမွမ်းခဲ့သည်။ သို့သော် နောက်ဆုံးမှာ-

www.burmeseclassic.com

www.burmeseclassic.com


"နန်းခမ်းနွယ်ဆီ နောက်ထပ် ဘယ်နှခေါက် ရောက်သေးသလဲ"ဟု အတတ်သိသလို မေးလိုက်တော့ သူနည်းနည်း လန့်သွားလေသည်။ သို့သော်လည်း အမှန်အတိုင်းပင် သူ ပြောဖြစ်ခဲ့သည်။

"သုံးလေးခေါက်တော့ ထပ်ရောက်တယ်။ နှစ်ခေါက်က သူ မှာတဲ့စာအုပ်တွေ သွားပို့တာ"

"တစ်ယောက်တည်းပေ့ါ။ ဖြူလေးဝေ ပါသေးလား"

ကြွေကို သူဖျတ်ခနဲ လှမ်းကြည့်ဖြစ်သည်။ နန်းခမ်းနွယ်အကြောင်း ပြောနေစဉ် ဖြူလေးဝေကို မမေ့သော်လည်း တစ်ကန့်စီတော့ ထားနေမိသည်။ ထိုမိန်းကလေး နှစ်ယောက်၏ ဆုံဆည်းခြင်းကို သူသည် အရေးတကြီး ကိစ္စတစ်ရပ်ဟု ကြွေလို မတွေးမိသည်မှာ အမှန်ပင်။

"သူ့အကြောင်း ဖြူလေးဝေ သိသလား"

"သိပါတယ်။ ကျွန်တော် ရှမ်းပြည်က ပြန်ရောက်ရောက်ချင်း ပြောပြလိုက်တာပဲ"

"နောက်ထပ်ရောက်တဲ့ အကြောင်းတွေရော"

"ပြောတာပေ့ါ"

"နန်းခမ်းနွယ်ကိုရော၊ ဖြူလေးဝေအကြောင်း မပြောပြဘူးလား"

ကြွေက ပုလိပ်စစ် စစ်နေခဲ့လေသည်။

"ဘာဆိုင်လို့လဲ ကြွေ။ ပြောပြဖို့မှ မလိုပဲ။ ကျွန်တော်တို့ ရိုးရိုးခင်ကြတာ"

www.burmeseclassic.com

www.burmeseclassic.com


ကြွေက ဟက်ဟက်ပက်ပက် ရယ်လေသည်။

"ကိုညဏ်လင်းဟာ ကြွေထင်သလောက် မရိုးသားဘူး" ဟု လည်း စတင်ထိုးနှက်လေသည်။

"အင်း၊ ကိုညဏ်လင်းတို့ ယောကျ်ားလေးတွေဟာ ဒီလိုပဲ ထင်ပါရဲ့လေ။ နည်းနည်းကြိုက်တာနဲ့ များများကြိုက်တာသာ ကွာပုံရတယ်" သရော်သလို ဆက်ပြောလေသည်။

သူလည်း ကြွေ့အပေါ် စိတ်ခုသွားကာ နောက်ပိုင်း သတင်း များကို မှောင်ချထားလိုက်လေတော့သည်။ သို့သော် သူ့ အကြောင်းတွေကို တစ်ယောက်ယောက်အား ပြောမပြရဘဲ လည်း မနေနိုင်သော သူ့ဝသီကြောင့် သူ့ဘာသာ သတိမထား မိဘဲ ဖြူလေးဝေကိုပင် ပြောပြနေမိတတ်ပြန်သည်။ အရေးတကြီး ထားစရာကိစ္စများ မဟုတ်ဟုလည်း သူက ယုံကြည်ခဲ့လေသည်။ နန်းခမ်းနွယ်က သူ့ကျောင်းကိစ္စများနှင့်ပတ်သက်၍ အကူအညီ တောင်းတတ်ပုံ၊ သူ့ထံ မကြာခဏ ဖုန်းဆက်တတ်ပုံ၊ မြို့ထဲရှိ နန်းခမ်းနွယ်၏ ဦးလေးအိမ်၌ ဘုရားကိုးဆူလုပ်သောအခါ သူ့ ကို ဖိတ်ပုံ၊ ခဏရယ်လို့ သွားလိုက်သော်လည်း ကူညီလုပ်ကိုင် ပေးမည့်သူမရှိ၍ ညအိပ်ခဲ့ရပုံ၊ သူ့စိတ်ထဲမှာတော့ သူလုပ်ခဲ့သမျှ တွေကို မခြွင်းမချန် ပြောပြလျှင် ပြီးတာပဲဟု စိတ်ရှင်းခဲ့၏။

သို့သော်လည်း ပြဿနာက ထိုအခါမှ စတော့သည်။ စကား ထဲမှာ နန်းခမ်းနွယ်အကြောင်း ပါလာလျှင် ဖြူလေးဝေ၏ မျက်နှာပေါ်မှ အပြုံးတွေ တဖြည်းဖြည်း ကွယ်ပျောက်လာ

www.burmeseclassic.com

www.burmeseclassic.com


သည်။ ဖြူလေးဝေက ကြွေလို့တော့ သူ့ကို ဝေဖန်ရေးမလုပ်။ ထို့အတူ ဖြူလေးဝေ၏ ဝမ်းထဲမှာ ဘာတွေရှိမည်ကိုလည်း သူမသိ။ သိ အောင်လည်း မကြိုးစားချင်ခဲ့။ ဖြူလေးဝေက ပွင့်ပွင့်လင်းလင်း မကန့်ကွက်သောအခါ သူ့အဖို့လည်း သူလုပ်သမျှ မှန်သည်ဟု ထင်မြင်လာစေခဲ့သည်။

တစ်နေ့မှာတော့ သူပြင်းစွာ တုန်လှုပ်မိတော့သည်။ နန်းခမ်းနွယ်က သူတို့ကျောင်း ရန်ပုံငွေအတွက် တပ်မတော်ကပွဲရုံ၌ ပြသသော ရုပ်ရှင်အထူးပွဲသို့ လိုက်ကြည့်ရန် သူ့အား မရမက လာခေါ်ပုံကို ဖြူလေးဝေအား ပြောပြစဉ် ဖြူလေးဝေသည် ရုတ်တရက် ထိုင်ရာမှထကာ…

“တော်ပါတော့ ကိုရယ်” ငိုသံပါကြီးနှင့် ပြောချလိုက်သည်။ ပြီးတော့ အခန်းတွင်းသို့ ဖြုန်းခနဲ ပြေးဝင်သွားရာ သူပြန်ခဲ့ချိန်အထိ ထွက်မလာတော့ပေ။ ထိုအခါကျမှ ပြဿနာစပြီကို သူသိလေသည်။ နောက်ပိုင်း ဖြူလေးဝေ၏ မျက်နှာမှာ ဆွေးမြည့်ရိပ်များ အစဉ်လို သမ်းနေတတ်ကာ သူ့အပေါ်တွင် လည်း လိုက်လှဲမှု လျော့နည်းလာလေသည်။ ထိုအခါ သူ့မှာ ကြံရာမရ ဖြစ်ပြန်ပြီးလျှင် ကြွေ့ထံမှောက်သို့ ပြဿနာကို တင်ပြမိပြန်လေတော့သည်။ ထိုစဉ်က ကြွေ၏ ဝေဖန်ရေးမှာ မမျှော်လင့်ဘဲ အပြင်းထန်ဆုံး ဖြစ်ခဲ့သည်။

“ကိုညဏ်လင်းက ငါးရံ့နှစ်ကောင် ဖမ်းနေတာပဲ။ ကိုညဏ်လင်းသာ တကယ်တမ်း ရိုးသားချင်ရင် နန်းခမ်းနွယ်ကို ဖြူလေးဝေ အကြောင်း ပြောပြပြီးသားဖြစ်သင့်တယ်”

www.burmeseclassic.com

www.burmeseclassic.com


"သူက မမေးဘဲ ဖြုန်းစားကြီး ပြောလိုက်တော့ သူ့ကို စော်ကားသလို ဖြစ်နေမှာပေါ့"

"ကြွေ့ကို ဖြူလေးဝေအကြောင်း စပြောတုန်းကရော ကြွေက မေးလို့လား။ အဲဒီတုန်းကတော့ ကိုညဏ်လင်း စိတ်ထဲမှာ ဒီလိုဘာလို့ မစိုးရိမ်ခဲ့သလဲ"

ကြွေ့ကို သူ ထိတ်လန့်စွာ မော့ကြည့်ဖြစ်ခဲ့သည်။ ကြွေ ပွင့်လင်းမှန်းသိပေမယ့် သည်တစ်ခါလောက် တဲ့တိုးမကျဖူးဘူးဟု သူထင်သည်။ ပြီးတော့ ကြွေ့မျက်နှာမှာ သူ့အပေါ် အထင်သေး ခြင်းကိုလည်း စတင်တွေ့လိုက်ရသည်။

"ကိုညဏ်လင်းအပေါ် နန်းခမ်းနွယ်က မျှော်လင့်ချက်ထား နေသရွေ့တော့ ရေလာမြောင်းပေးတွေ လုပ်နေမှာပဲ။ ဒါ မိန်း ကလေးတွေရဲ့ အခွင့်အရေးပဲ။ အပြစ်ပြောလို့ မရဘူး။ ကိုညဏ် လင်းက ချော်လဲရောထိုင် လုပ်နေရင်တော့ အခွင့်အရေးယူ ချင် လို့ပဲ။ မပြတ်သားတာဟာ မရိုးသားခြင်းတစ်မျိုးပဲ"

ကြွေ့မျက်နှာထားမှာ မျှားစွာ တင်းမာနေခဲ့သည်။

"ဒီနေရာမှာ တစ်ဖက်ဖက်ကို ပြန်ပြီးငဲ့နေစရာ အကြောင်း ဘာမှမရှိဘူး ကိုညဏ်လင်း။ သစ္စာစောင့်မလား၊ သစ္စာဖောက် မလား။ တစ်လမ်းတည်း ရွေးဖို့ပဲ။ သစ္စာဖောက်တယ်ဆိုရင် တောင် မပြတ်သားတာထက်တော့ ပိုဆိုးမယ် မထင်ပါဘူး"

"ဒါ ကျွန်တော့်ကို အထင်သေးတာပဲ။ အူတိုတာပဲ"

www.burmeseclassic.com

www.burmeseclassic.com


"ဒါဆို ကြွေကလည်း ပြန်ပြောမယ်။ ကိုညာဏ်လင်း တစ်ကိုယ်ကောင်းဆန်လာတာပဲ။ လောဘကြီးလာတာပဲ။ ဖြူလေးဝေဆီက ဖြူစင်မှုအပြင် သည်းခံခွင့်လွှတ် သဘောထားကြီးမှုတွေကိုပါ တောင်းဆိုလိုက်တာပဲ။ ဒီအတိုင်းဆို ကြွေ ပြောရဲတယ်။ ကိုညာဏ်လင်းတော့ ဖြူလေးဝေကို လက်လွှတ်ရလိမ့်မယ်"

ကြွေနှင့်သူ အတော်ပင် အချေအတင် ပြောခဲ့ကြရသည်။ ကြွေက နည်းနည်းမှ အလျှော့မပေးခဲ့ဘဲ ဖြူလေးဝေ။ ဘက်တော်သားအဖြစ်သို့ လုံးဝကူးပြောင်းပြခဲ့သည်။ သူကလည်း ကြွေ့ကို စိတ်ခုပြန်ကာ ရက်အတန်ကြာ ကြွေ့ကို မတိုင်ပင်ဘဲ နေပြန်လေသည်။ ထိုအတွင်း ဖြူလေးဝေ အပြင်းဖျားကာ အိပ်ရာထဲလဲတော့မှ သူပိုမို ထိတ်လန့်တုန်လှုပ်ရလေသည်။ တကယ်တော့ ဖြူလေးဝေကို သူ မစွန့်လွှတ်နိုင်ပေ။

သို့တိုင်အောင် နန်းခမ်းနွယ်၏ သွက်လက်ဖျတ်လတ်သောဟန်နှင့် ရှမ်းသံဝဲဝဲလေးကိုလည်း တော်တော်နှင့် မေ့လို့ မရနိုင်ခဲ့ရိုးအမှန်ပင်။ နောက်ဆုံးတော့လည်း ဖြူလေးဝေ နေမကောင်းသော သတင်းကို ကြွေ့အား သူကပင် ပြောပြမိလေသည်။ ထိုအခါ ကြွေသည် လေးနက်ငြိမ်သက်စွာ နားထောင်နေပြီးနောက် သူ့အား ပုံပြင်ဇာတ်လမ်းရှည်တစ်ပုဒ်ကို စတင် ပြောပြလေတော့သည်။ သည်မှာ ကြွေ၏ အတိတ်ဇာတ်လမ်းကို သူ စတင်ကြားဖူးခဲ့လေသည်။ ကြွေကတော့ ဦးနှောက် ဇာတ်လမ်းတစ်ပုဒ်ဟု သူ့ဇာတ်လမ်းကို အမည်ပေးခဲ့သည်။

www.burmeseclassic.com

"ဆရာဝန်ဆိုတော့ ဘိုလို အမြဲဝတ်တဲ့ လူတစ်ယောက်ပေါ့။ ရုပ်က ခန့်ဖြောင့်ဖြောင့်၊ လူမြင်လိုက်တာနဲ့ အားကိုးချင်လောက်စရာ ကျားကျားလျားလျား ပုံစံမျိုးပဲ။ ဒါနဲ့ ကြွေလည်း နည်းနည်း ရင်ခုန်သွားတယ် ဟဲ ဟဲ"

ကြွေသည် သူ့ဇာတ်ကို သည်လိုပင် အစချီခဲ့လေသည်။ အစပိုင်းမှာ သူသည် ဝတ်ကျေဝတ်ကုန်သာ နားထောင်နေခဲ့သော်လည်း ကြွေ့ကို ကြည့်ရင်း ကြည့်ရင်း တဖြည်းဖြည်း ဖြူလေးဝေနှင့် တူလာသည်ဟု သူထင်မိသည်။ ကြွေ နှုတ်ခမ်းမဲ့ပုံ အေး စက်စွာ ပြုံးပြ၊ မျက်လုံးများ စူးရဲလာပုံ၊ ဒေါမာန်ကြီးစွာ စကားဆိုပုံတို့ အစဉ်လိုက်ပြောင်းလဲ လှုပ်ရှားနေစဉ် သူက ဖြူလေးဝေကို များစွာ သတိရနေခဲ့သည်။

ဇာတ်လမ်း ပြီးဆုံးသောအခါ ကြွေ့မျက်နှာမှာ ဘာအဓိပ္ပာယ်မှ ရှာမရအောင် ကျောက်သားမျက်နှာမျိုး အလွန်ငြိမ်သက် တိတ်ဆိတ်ကျန်ရစ်သည်။ ဇာတ်လမ်းမှာ အလွန်ရိုးစင်းလေသည်။ ယောက်ျားတစ်ယောက်၏ စောင့်ရှောက်မှုကို လိုအပ်လျက်ရှိသော မိန်းမသားနှစ်ဦးနှင့် မိမိ၏ ပညာ၊ ရုပ်ရည်တို့ကို အရင်းပြု၍ မိမိဘဝကို စည်းစိမ်ငွေကြေး အခွင့်ရေးတို့နှင့် လဲလှယ်လိုသော အမြတ်အစွန်းကြည့် ယောက်ျားတစ်ယောက်၏ ဈေးမတည့်ခဲ့သည့် ဇာတ်လမ်းတစ်ပုဒ်မျှသာ ဖြစ်ပေသည်။

"အဲဒီအချိန်ကလေ ကြွေ ရည်းစားတောင် မထားဖူးတော့ သေးဘူး။ ကြွေ ဖြူစင်ခဲ့သလို သူသာ ကြွေ့အပေါ် မှန်ကန်

www.burmeseclassic.com

www.burmeseclassic.com


ဖြူစင်ခဲ့ရင် သူ တောင်းဆိုတာမှန်သမျှ ကြွေ လိုက်လျောခဲ့မှာ အမှန်ပဲ။ သူသာ ကြွေ့ရဲ့ ဘဝသခင်၊ အိမ်ဦးနတ်ဖြစ်လာမှာ အမှန်ပဲ။ ဒါပေမယ့် သူ့မှာ ကြွေ့အပြင် တခြားမိန်းကလေးတွေ လည်း ရှိသေးတယ်ဆိုတာ သူ့ဆီကပဲ ကြွေသိရတော့ မယုံရဲ တော့ဘူး။ နာကြည်းလည်း သွားတယ်။ သူက ကြွေသာ နံပါတ် တစ်ပါတဲ့။ ဒါပေမယ့် ကိုညဏ်လင်းရဲ့ ဘယ်မိန်းကလေးမဆို ပြိုင်ဘက်မရှိဆိုတာမျိုးကိုသာ လိုချင်တာ ပထမဆုကို ဘာလုပ်ရ မှာလဲ။ သူ့ကို ကြွေ ကျောခိုင်းလိုက်တယ်။ ပြီးတော့ ကြွေတို့ အမုန်းနဲ့ လမ်းခွဲခဲ့ကြတယ်”

သူသည် ကြွေ့ကိုကြည့်ရင်း ကြောက်လာသလို ရှိသည်။ သည်မျက်နှာထားမျိုးကို သူနှင့် နန်းခမ်းနွယ်တို့ တွေ့ဆုံပြီး နောက်ပိုင်း ဖြူလေးဝေထံမှာ တွေ့ရသည်ကို မှတ်မိလာတော့ ထိတ်လန့်မှု ပိုကဲလာလေသည်။

နောက်ဆုံး သူ့ကိုယ်သူ မေးခွန်းများ မေးကြည့်သည်။ ထိုအခါ ဖြူလေးဝေကိုလည်း ကြွေနှင့် မတူစေလို၊ သူကိုယ်တိုင် လည်း ကြွေ၏ တစ်ခါက ဆရာဝန် မဖြစ်စေချင်ဟု အဖြေထွက် လာသည်။ သူ အစိုးရိမ်မိဆုံးကား ကြွေက အခုလို သူ့အား ထို ဆရာဝန်၏အကြောင်းကို ပြောပြနေသလိုမျိုး နောင်တစ်နေ့မှာ ဖြူလေးဝေကလည်း တစ်စုံတစ်ယောက်အား သူ့အကြောင်းတွေ ပြန်ပြောပြနေမည်ကိုပင်တည်း။

သို့နှင့် တစ်ပတ်လောက် ကြာတော့ နန်းခမ်းနွယ်၏အဆောင် သို့ရောက်ခိုက် သူ့မှတ်စုစာအုပ် အတွင်းဖုံးထဲမှ ဖြူလေးဝေ၏

www.burmeseclassic.com

www.burmeseclassic.com


ခါတ်ပုံကို နန်းခမ်းနွယ်အား အမှတ်တမဲ့လိုပင် တမင် ပြလိုက်ရတော့သည်။ နန်းခမ်းနွယ်၏မျက်နှာခဏမျှ ဖေးကြောင်သွားကာ ဟန်ဆောင်ပြုံးဖြင့် ကပျာကရာ ပြန်ဖုံးသည်ကို မသိချင်ယောင်ဆောင်ရင်း သူ စိတ်ထိခိုက်မိခဲ့သေးသည်။ မိတ်မပျက်ဆွေမပျက် ဆက်လက်ခင်နိုင်သေးသည်ဟူ၍တော့ စိတ်ဖြေစရာသူတွေးရသည်။ သို့သော် သည်လိုနှင့်ပင် သူ့အား နန်းခမ်းနွယ်သည် တစ်စတစ်စ ရှောင်ခွာသွားနိုင်သေးသည်ဟု တွေးမိပြန် တော့တစ်ခုခုကို လက်လွှတ်ဆုံးရှုံးရသလို သူ ခံစားရပြန်သည်။ ထိုအခါသူသည် ရိုးသားချင်သူ ဖြစ်သော်လည်း ပြတ်သားချင် သူတော့ဟုတ်ပုံမရဟု သူ့ကိုယ်သူ သိမြင်လာပြန်သည်။

သူသည် ထိုသတင်းကို ကြွေ့အား မဆိုင်းမတွပင် ပြန်ပြောပြလိုက်တော့ ကြွေသည် မျက်ရည်ဝဲစွာ ပြုံးကာ နားထောင်ရှာသည်။

"စိတ်အလို လိုက်တတ်တာကလေးကလွဲရင် ကိုညဏ်လင်းမှာ ရိုးသားချင်တဲ့ တကယ့်စိတ်ရင်းရှိပါတယ်" ဟုလည်း သူ့ထုံးစံအတိုင်း ချီးမွမ်းခြေကျောက် ပြောလိုက်သေးသည်။ ကြွေ့အပြောကို သူတစ်ဖန် မခံနိုင်ပြန်ဘဲ ကြွေလို မိန်းမတစ်ယောက်ကအထင်ကြီးလာအောင် သူ လုပ်မိနေသည်လားဟု တွေးချင်ပြန်သည်။ ထိုအတွေးကိုတော့ သူ့အသိစိတ်က လက်မခံနိုင်။ တကယ်တော့ ဖြူလေးဝေ စိတ်ချမ်းသာဖို့သာ သူ လုပ်ခဲ့သည်မဟုတ်လား။

ထို့နောက်တွင် ကြွေသည် ဘာ စိတ်ကူးပေါက်လာပြန်သည်မသိဘဲ...

www.burmeseclassic.com

www.burmeseclassic.com


"ကြွေတို့ကိုလည်း ဖြူလေးဝေနဲ့ မိတ်ဆက်ပေးပါဦး။ အခု ကတည်းက သူ့ကို ကိုဉာဏ်လင်း ပွဲထုတ်ထားသင့်တယ်" ဟု တောင်းဆိုလေသည်။

မကြာမီ သူလည်း ဖြူလေးဝေကို ကြွေတို့ထံခေါ်လာကာ မိတ်ဖွဲ့ပေးလိုက်လေသည်။ ကြွေသည် ဖြူလေးဝေနှင့် ချက်ချင်း ပင် အဖွဲ့ကျသွားခဲ့သည်။ သူ့ရှေ့မှာပင် ကြွေက ဖြူလေးဝေ၏ ပခုံးကိုဖက်ကာ ခေါင်းချင်းဆိုင်၍ သူ မကြားအောင် တီးတိုး စကားများ မကြာခဏ ပြောတတ်ကြသည်။ ပြီးတော့ တစ်ခါ တစ်ရံ ကြွေတို့နှစ်ယောက်ပေါင်း သူ့ကိုကြည့်ကာ ရယ်မောနေ တတ်ကြသေးသည်။ ထိုအခါ သူ့စိတ်ထဲမှာ မခံချင်သလိုရှိသည့် ကြားမှ ဘာကြောင့် ကြည်နူးကျေနပ်နေမိသည်လည်း မပြော တတ်ပြန်ပါပေ။ သူနှင့် တစ်ယောက်ချင်း တွေ့သည့်အခါမှာတော့ ကြွေက သူ့ကို...

"ကိုဉာဏ်လင်း အိမ်ထောက်ဖက် အရွေးတော်တယ်။ တကယ့် ဇနီးကောင်းကို ရမှာပဲ"ဟု ဂုဏ်ပြုစကား ဆိုတတ်သည်။ ဖြူလေးဝေကလည်း...

"မမကြွေက ထက်ထက်မြက်မြက် သိပ်ရှိတာပဲနော်။ ခင်ဖို့ ကောင်းပါတယ်" ဟု မှတ်ချက်ချလေသည်။ ထိုအခါ သူက လည်း...

"ကိုနဲ့တော့ စကားပြော သိပ်မတည့်ဘူး။ အပျိုကြီး ဖြစ် ဦးမယ့် မိန်းမတစ်ယောက်ပဲ။ မာနကလည်း ခပ်ကြီးကြီး။ သူများဆို အင်မတန် ဝေဖန်တတ်တယ်"ဟု ဖြည့်စွက်ပြောတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com


"ဒါပေမယ့် သူ့ကို ကိုခင်တယ် မဟုတ်လား။ ကိုပြောသမျှ ထဲမှာ မမကြွေအကြောင်းဟာ အများဆုံးပါတယ်"

ဖြူလေးဝေကို သူ ဖျတ်ခနဲ လှမ်းကြည့်မိခဲ့သေးသည်။ နန်းခမ်းနွယ်တုန်းကလို မျက်နှာထားမျိုးကို မတွေ့ရမှ သက်ပြင်း ချမိရသည်။ သို့ပေမယ့် သူတို့ မိန်းကလေးများ၏ အတွင်းစိတ်ကို သူ ခန့်မှန်းကြည့်၍ မရနိုင်သောကြောင့် ဖြူလေးဝေ၏ သဘော ရင်းအမှန်ကို သူ မသိနိုင် ။ သို့သော်လည်း ဖြူလေးဝေသည် ကြွေ့ အပေါ် သူ့နည်းနှင့်သူ ယုံကြည်စိတ်ချထားပုံရမှန်းတော့ ခန့်မှန်း မိလေသည်။ သူက ဖြူလေးဝေကို အပွင့်လင်းဆုံးပင် ပြောပြမိ ပြန်လေသည်။

"ဟုတ်တယ်၊ ကြွေ့ကို ကိုယ် တော်တော်ခင်တယ်။ သူ ဘယ်လိုပဲ မာနကြီးကြီး၊ ဘယ်လိုပဲ ကိုယ့်ကို ဝေဖန်ရေးလုပ်လုပ်၊ တခြားလူတွေထက် ကိုယ့်ကို နားလည်ခင်မင်နိုင်တဲ့ အထင်မကြီး ပေမယ့် ယုံကြည်နိုင်တဲ့၊ အမှန်းခံပြောဆိုတတ်တဲ့ မိန်းကလေး မိတ်ဆွေဆိုလို့ ကိုယ့်ဘဝမှာ ကြွေ့တစ်ယောက်ကိုပဲ တွေ့ဖူးတယ်။ သူ့ကို ယောကျ်ားသူငယ်ချင်းတစ်ယောက်လိုပဲ ခင်မင်အားထား တယ်။ ယုံကြည် စိတ်ချတယ်။ စိတ်အင်အားကြီးတဲ့ မိန်းမ တစ်ယောက်မို့ လေးလည်း လေးစားတယ်။ ကြွေနဲ့ ပတ်သက်တဲ့ ကိုယ့်စိတ်ထားကို ဖြူလေး နားလည်နိုင်ပါတယ်နော်"

ဖြူလေးဝေက သိမ်မွေ့အေးဆေးစွာ ပြုံးနေလေသည်။ ပြီးမှ ကြည်လင်ညင်သာစွာ ခပ်ဖြည်းဖြည်း ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


"ဖြူ နားလည်ပါတယ်။ အနည်းဆုံး ဖြူ့လက်ထဲက ကိုယ့်ကို မမကြွေက လုယူမသွားဘူးဆိုတာကိုပါ ယုံကြည်ပါတယ်" တဲ့။

နောက်ဆုံးမှာ သူသာလျှင် နားမလည်နိုင်သူ ပေတကား။ သို့သော် သူ မြင်နေရသော ဖြူလေးဝေ၏ အပြုံးကတော့ တကယ်ပင် သန့်စင်ကြည်လင်နေသည် ထင်ပါရဲ့။

ထိုဆောင်းနှောင်းရက်များမှာပင် ကိုမြတ်နိုင်လည်း ပိုမို နွမ်းနယ် ဖျော့တော့လာသည်။ အလုပ်ပင်ပန်းခြင်း၏ အရိပ်အငွေ့ တွေကို သူ့မျက်နှာမှာ သိသာစွာ မြင်လာရသည်။ တစ်ခါတစ်ရံ ပြတင်းဝ၌ ရပ်ကာ လက်ကိုင်ပဝါ အုပ်လျက် ချောင်းဆိုးနေတတ်သည်။ ထိုအခါမျိုးတွင် ကြွေသည် ကိုမြတ်နိုင်ကို နောက်ကျောမှ ကြည့်နေးကာ မျက်နှာလေးမှာ စိုးရိမ်ပူပန်ငွေ့တွေ လွှမ်းနေတတ်ပုံကို သူတစ်စတစ်စ သတိထားမိလာခဲ့လေသည်။ ထိုစဉ်ကတည်းက ကြွေ့ အသည်းနှလုံး ဘယ်ဆီမှာ ဆိုသည်ကို ရိပ်စားနားလည်မိခဲ့သလိုပင်။ ထက်မြက်တဲ့ အသိရခက်တဲ့ မိန်းကလေး များဟာ ကိုယ့်ဒုက္ခ ကိုယ်ရှာတတ်စမြဲပဲ ထင်ပါရဲ့လေဟု သူတွေးရင်း စိတ်မောခဲ့သည်။

"ဓာတ်မှန်လေး ဘာလေး ရိုက်ကြည့်ဦးဗျ"ဟု သူက အကြံပေးဖူးသော်လည်း ကိုမြတ်နိုင်က အလေးအနက်ထားပုံ မရခဲ့။ တစ်နေ့မှာတော့ သူတို့ထံသို့ ကိုကျော်သူ အူလျားဖားလျား ရောက်

www.burmeseclassic.com

www.burmeseclassic.com


လာကာ ကိုမြတ်နိုင် ဖြုန်းခနဲ ဆေးရုံတက်ရကြောင်း သတင်း ပေးလာလေသည်။ ထိုသတင်းကို ကိုကျော်သူ ယူလာစဉ်က ကြွေသည် ဆရာခန်းမှာ မရှိခဲ့ပေ။ အတန်းတွင်း၌ စာသင်နေဆဲ ရှိခဲ့၏။ ကိုကျော်သူ ပြန်သွားသည်နှင့် သူလည်း ကြွေရှိရာ စာ သင်ခန်းဘက်သို့ ပြေးခဲ့တော့သည်။ ပြုံးပြုံးရွှင်ရွှင် အားပါးတရ စာသင်နေသောကြွေ့ကို အတန်းနောက်ဘက်မှ အရိပ်ပြကာ ခေါ်ထုတ်လိုက်သည်။

ကြွေက ဟန်မပျက်ပင် ကျောင်းသားများကို လေ့ကျင့်ခန်း တစ်ခုပေးခဲ့ပြီး သူ့ကို အတန်းပြင်ဘက်သို့ ထွက်၍ တွေ့သည်။ သူသည် ကြည်လင်နေသော ကြွေ့မျက်နှာကလေးကို ကြည့်ကာ ရုတ်တရက် ပြောမထွက်နိုင်အောင် ရှိခဲ့သေးသည်။ ပြီးတော့ ကိုမြတ်နိုင်၏သတင်းကို လှုပ်ရှားသောအသံနှင့် ပြောပြလိုက်မိ တော့သည်။ ကြွေ ဘယ်လိုဖြစ်သွားမလဲဟုလည်း စိုးရိမ် စူးစမ်းစွာ စောင့်ကြည့်အကဲခတ်ရပြန်သည်။ သို့သော် ကြွေက သူထင်သည် ထက် ပို၍တည်ငြိမ်နေခဲ့သည်။ မျက်နှာမှာ လှုပ်ရှားခံစားမှုကို ထိန်းချုပ်ထားကာ တစ်လုံးချင်းသာ ပြောသည်။

"တစ်နေ့ ဒီလိုဖြစ်လိမ့်မယ်ဆိုတာ သိနေတယ်"တဲ့။

"တီဘီလား"ဟု ဆက်မေးလိုက်သံထဲမှာမှ ကြွေကွဲရိပ်ကို သူ တွေ့သည်။

"တီဘီ ဆပ်စပက် သဘောပေါ့လေ။ အဆုတ်ထဲ ချောင် တာတဲ့"

www.burmeseclassic.com

www.burmeseclassic.com


"ကောင်းပါတယ်။ ဒီလို ဗုန်းဗုန်းလဲမှပဲ သူ နားခွင့်ရတော့မှာ"

ရက်စက်စွာဆိုလိုက်သော ကြွေ့စကားကို သူ မကြိုက်နိုင်ခဲ့သော်လည်း ကြွေ့မျက်လုံးအိမ်မှာ မျက်ရည်စတွေ ဝဲတက်စပြုလာပုံကို မြင်ရသောအခါတွင်မူ သူ မျက်နှာလွှဲမိပြန်သည်။

"သိပ်တော့ စိတ်ပူစရာရှိမယ်မထင်ပါဘူး။ ခုခေတ်မှာ တီဘီဆိုတာ အသေးအမွှား ရောဂါမျိုးပဲ"

"ဒါပေမယ့် ကောင်းကောင်းစားပြီး ကောင်းကောင်းနားဖို့တော့ လိုတယ်လေ။ သူ့ဘဝက အနားယူနိုင်တဲ့ ဘဝမျိုးမှ မဟုတ်ဘဲ"

"ဖြစ်လာတော့လည်း နားရမှာပေါ့။ ကျွန်တော်တို့လည်း တတ်နိုင်သလောက် ဝိုင်းကူရမှာပဲ"

ကြွေက ပြုံးသည်။ သူပြုံးနေကျ အပြုံးမျိုးမဟုတ်သော မချိပြုံး။

"မနက်ဖြန် ကျွန်တော်တို့ ဆေးရုံမှာ သွားတွေ့ကြတာပေါ့။ ကြွေလိုက်မယ် မဟုတ်လား"

ကြွေက တွေဝေငြိမ်သက်နေခဲ့သည်။ ကြွေ့အဖြေကို သူ အတော်ကြာ စောင့်နေခဲ့ရသည်။ ကြွေက ငြိမ်လွန်းမက ငြိမ်သက်နေသောအခါ သူပင် မနေနိုင်တော့။

"ဟင်... ကြွေ လိုက်မလား"

သက်ပြင်းကို ချလိုက်ပြီး အားနည်းတုံ့ဆိုင်းစွာ ပြန်ပြောရှာသော ကြွေ့အသံ ကြွေဟန်ပန်ကို သူများစွာ အားမလို အားမရ ဖြစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com


"မလိုက်တော့ပါဘူး ကိုညာဏ်လင်းရယ်။ ကြွေကလည်း သတင်းမေးလိုက်ပါတယ်လို့ ပြောပြလိုက်ပါတော့"

ကြွေ့အမူအရာကို အံ့သြသလိုလည်း ရှိမိပြန်သည်။ ကြွေသည် ပြတ်သားချင်သည့်နေရာတွင် သူမတူအောင် ပြတ်သားခဲ့ဖူးပါလျက် ခုခါမှာတော့ ဘာကြောင့် တွေဝေ အားနည်းနေရသလဲ။ ကြွေ၏ အတွင်းစိတ်ကို ထင်ရှားစွာ သိမြင်နိုင်ရန် သူအားထုတ်ကြည့်ခဲ့သည်။ ကြွေသည် ကိုမြတ်နိုင်အဖြစ်ကို မကြည့်ရက်၍လား၊ သို့မဟုတ်လည်း ကိုမြတ်နိုင်ထံသို့ သူနှင့်အတူ မသွားလို၍လား။ ဘယ်လိုပင် လှည့်တွေးတွေး သူ့အတွက်မူ ကျေနပ်နိုင်စရာ မရှိပေ။

သို့သော် ဘယ်လိုပဲဖြစ်ဖြစ် ကြွေ့ကို ကိုမြတ်နိုင်ဆီ အရောက်ခေါ်ရမည်။ ကိုမြတ်နိုင်ထံ ကြွေသွားသင့်သည်။ အားပေးသင့်သည်။ ဘယ်လောက် ကြံ့ခိုင်မာကျောသူပဲဖြစ်ဖြစ် ခုလို အချိန်မှာတော့ ကိုမြတ်နိုင်တစ်ယောက် အားငယ်နေရှာပေလိမ့်မည်။ ကြွေ့ကိုမြင်လျှင်လည်း ကိုမြတ်နိုင် ဝမ်းသာရှာလိမ့်မည် အမှန်ပင်။ တကယ်တော့ ကြွေ့ကို ကိုမြတ်နိုင် ခင်ရှာသားပဲ။ ကျောင်းအပြန် ညအမှောင်ရိပ်အောက်မှာ ကြွေတစ်ယောက်တည်း ပြန်ရမည့်အဖြစ်ကို ကိုမြတ်နိုင် စိုးရိမ်ရှာတတ်ကြောင်း သူသတိပြုမိခဲ့ဖူးသည်။ တစ်နေရာရာသို့ သူတို့တပြုံတမကြီး သွားစရာပေါ်လာတတ်သည့်အခါမျိုးတွင်လည်း ကြွေပါလာသည့်အခါမျိုးတွင် အငှားကားကို ဦးစွာ ဖျတ်ခနဲ လှမ်းတားတတ်သူမှာလည်း ကိုမြတ်နိုင်။ တကယ်တော့ ကိုမြတ်နိုင်လည်း သူ့နည်းနှင့်သူ ကြွေ့ကို ခင်သူဟု သူထင်မြင်သည်။

www.burmeseclassic.com

www.burmeseclassic.com


ကြွေကကော၊ ကြွေဟန်ဆောင်နေသည်ဟု သူ စွပ်စွဲချင်သည်။ ပါးစပ်က မလိုက်တော့ဟု ဆိုနေသည့်တိုင် ရင်ထဲက စိုးရိမ်ပူပန်စိတ်ကိုမူ ကြွေ့မျက်လုံးမှာ ဖုံးဖိမထားနိုင်ခဲ့။ သူလည်း ထိရောက်သော စကားတစ်ခွန်းကိုသာ ကြွေ့အား ပြောလိုက်တော့သည်။

"ဒီမှာ လူရင်းဆိုလို့ ကျွန်တော်တို့ပဲရှိတာ။ ကျွန်တော်သာ တကယ်လို့ ကိုမြတ်နိုင်လိုဖြစ်ပြီး ကြွေက လာကြည့်ဖော်တောင် မရဘူးဆိုရင် အတော်စိတ်ထိခိုက်ရမှာပဲ"

ကြွေက သူ့အား စိတ်ရှုပ်ထွေးစွာ မော့ကြည့်ရှာသည်။ ကြွေ့မျက်နှာမှာ အထင်းသားပေါ်လာနေသော ခံစားမှုအရိပ်အယောင်များကို သူ ခွဲခြမ်းစိတ်ဖြာကြည့်နေရင်း ကြွေ့အစား ရင်နာရသလို ရှိနေသည်။ ကြံ့ခိုင်စမ်းပါ ကြွေရယ်ဟု ပွင့်ပွင့်လင်းလင်း အားပေးလိုက်ချင်သော်လည်း သူ မရဲ။

"ကြွေ လိုက်ကြည့်သင့်တယ်။ ကိုမြတ်နိုင်လည်း ဝမ်းသာရှာမှာပဲ"

ကြွေက တိတ်ဆိတ်နေဆဲ။

"လုပ်ဖော်ကိုင်ဖက်တွေလည်း ဖြစ်တယ်။ မိတ်ဆွေရင်းတွေလည်း ဖြစ်တယ်"

ကြွေ၏ ငုံ့ထားသောခေါင်းပင် မမော့သေး။

"ကျွန်တော်တို့နှင့်အတူ မသွားချင်ဘူးဆိုလည်း ကြွေတစ်ယောက်တည်း..."

"ကြွေ လိုက်ပါ့မယ်။ ကိုဉာဏ်လင်းနဲ့ အတူသွားတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com


သူ့စကားမဆုံးခင် ဖြတ်ဝင်၍ ပြောလိုက်သော ကြွေ့ အသံကလေးမှာ သိသာစွာ တိုးညင်းတုန်ယင်နေခဲ့လေသည်။

ကြွေ့အလှည့်ကျတော့...

ကိုညာဏ်လင်းသည် ရန်ကုန်ဆေးရုံကြီးပေါ်က ကြွေ့ခုတင် ခြေရင်း၌ရပ်ကာ ယင်းသို့လျှင် အကြိမ်ပေါင်းများစွာ မကျေမနပ် ရေရွတ်ရလိမ့်မည်ဟု ဟိုစဉ်ကမူ မတွေးမိခဲ့ပေ။

လေး ငါး နှစ်ဆိုသော အချိန်ကာလသည် ဘဝများစွာ အခြေအနေများစွာကို ပြောင်းလဲပစ်နိုင်စွမ်း ရှိလိမ့်မည်ဟူ၍ လည်း အလေးအနက် မတွေးခဲ့ဖူးပေ။ ထိုအချိန်ကာလတို အတွင်း ကြိုတင်ကြံစည်ခဲ့သည်တို့ ဖြစ်မြောက်တာလည်း ရှိ၏။ ပမာဆိုရလျှင် သူနှင့် ဖြူလေးဝေတို့ ရည်ရွယ်ထားသည့်အတိုင်း လက်ထပ်ပြီးခဲ့ကြပေပြီ။ ထိုနည်းတူ မထင်မှတ်ခဲ့တာတွေ ဖြစ်လာတာလည်း ရှိသည်။ ကြွေ့ကို သည်လိုရောဂါဝေဒနာ ဖိစီးကာ သူတို့အား ဆောလျင်စွာ ခွဲခွာသွားလိမ့်မည်ဟု သူ ဘယ် အခါကမှ မတွေးထင်ခဲ့ဖူးပေ။

သူတို့လူစု အကွဲကွဲအပြားပြားဖြစ်ခါ လွမ်းမောဖွယ် ညကျောင်းကလေးမှ ခွဲခွာလာရသောအဖြစ်ကို သူ မျက်ရည်ဝေ့စွာ မကြာခဏ သတိရတတ်ခဲ့၏။ ပထမဆုံး ခွဲထွက်ဖြစ်ခဲ့သူမှာ လည်း သူကိုယ်တိုင်ပင် ဖြစ်နေခဲ့လေသည်။ ဖခင်၏ ပုံနှိပ်စက်မှာ တကယ်တမ်း ဝင်၍ ဦးစီးရပြီဆိုသောအခါ သူသည်

www.burmeseclassic.com

www.burmeseclassic.com


စေတနာ ညကျောင်းနှင့် အဆက်ပြတ်ခဲ့ရတော့သည်။ ဒုတိယ ခွဲခွာသွားသူ ကား ကိုကျော်သူ။ နောက်ဆုံးတော့လည်း ကိုကျော်သူမှာ ဝန်ထမ်းအလုပ်ကိုပင် ရွေးချယ်လိုက်ကာ နယ်သို့လွင့်သွားပြန်သည်။ ကိုကျော်သူနှင့် မရှေးမနှောင်းမှာပင် စီးပွားရေးလောကအတွင်း သို့ တိုးဝင်လမ်းခွဲသွားသူကား ကိုမြတ်နိုင်။ နောက်ဆုံးမှာ ည ကျောင်းကလေး၌ သစ္စာရှိစွာ တစ်ဦးတည်း ကျန်ရစ်ခဲ့သူကား ကြွေတစ်ဦးတည်းပင် ဖြစ်တော့သည်။

သို့သော် ကြွေနှင့်သူမှာ အခြားသူတွေလောက် အဆက်ပြတ် မသွားခဲ့ပေ။ သူသည် အားလပ်ချိန်များတွင် ကြွေ့အိမ်သို့ သွားရောက်လည်ပတ်ကာ စကားစမြည်ပြောရသည့် အရသာကို လည်း တပ်မက်ခုံမင်နေဆဲပင် ဖြစ်ခဲ့လေသည်။ ထို့ကြောင့်ပင် လျှင် ကြွေ ရောဂါဖြစ်ပုံ၊ ဆေးရုံတက်ရပုံအကြောင်းစုံကိုလည်း သူသာလျှင် အပြောပြနိုင်ဆုံး ဖြစ်နေပေတော့သည်။ ပြီးတော့ အကူအညီ အပေးရဆုံးသူလည်း ဖြစ်ခဲ့ရတော့သည်။

ကြွေ့ကို ဆေးရုံတင်ရစကပင် လက်လှမ်းမီရာ သူငယ်ချင်း မိတ်ဆွေတွေကို သတင်းပေးရင်း ကိုမြတ်နိုင်ထံသို့လည်း ရောက် ခဲ့ပြီးပေပြီ။ ကိုမြတ်နိုင်မှာ ယခင်ကထက် သိသာစွာ ပိုဝနေကာ ကုန်သည်ရုပ် လုံးလုံး ပေါက်နေသည်။ စာရင်းစာအုပ်တွေ၊ တရုတ်ပေသီးခုံတွေနှင့် အလုပ်ရှုပ်နေဆဲဖြစ်၍ သူ့ကိုပင် ရုတ်ခြည်း ဧည့်မခံအားခဲ့။ ကြွေအကြောင်း သူက ဖြုန်းစားကြီး ပြောချလိုက်တော့ ထိတ်လန့်တုန်လှုပ်သွားသော ကိုမြတ်နိုင် ၏ ဟန်ကိုမူ သူက သဘောကျ ကျေနပ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com


"သူ့ကျောက်ကပ်တစ်ခုက လုံးဝပျက်စီးနေပြီ။ နောက် တစ်ခုကလည်း ကောင်းကောင်း အလုပ်မလုပ်ချင်တော့ဘူးတဲ့။ မျှော်လင့်ချက်ကတော့ နည်းနေပြီပေါ့ဗျာ။ အဲဒါခင်ဗျား သွားကြည့် ဖြစ်အောင် ကြည့်ပါဗျာ"

သူသည် ကြွေ့အတွက် ကိုမြတ်နိုင်ကိုပင် မတောင်းပန်စဖူး တောင်းပန်ခဲ့သေးသည်။ သူနှင့် တွေ့လျှင် ပြုံးရယ်ခဲသော ကိုမြတ်နိုင်၏ မျက်နှာမှာ အလျင်ထက် ပိုမိုနူးညံ့ပျော့ပျောင်း နေသယောင်ပင်။ ပြီးတော့ တဖြည်းဖြည်းလည်း ညှိုးနွမ်း၍လာ သည်။

"သိတဲ့အတိုင်း ကြွေက ခေါင်းမာတယ် မဟုတ်လားဗျာ။ ပေလည်း ပေတယ်လေ။ ရောဂါတော်တော်ရင့်မှပဲ ကျွန်တော် တို့လည်း သိကြရတာ။ ဒါတောင် ဆေးရုံမတက်ချင်ဘူးလို့ ဇွတ် ငြင်းနေလို့ မနည်းဖျောင်းဖျကြရတယ်"

သူပြောသမျှကို ကိုမြတ်နိုင်သည် အငေးသား နား ထောင်နေခဲ့သော်လည်း ဘာမှ ပြန်ပြောဖော် မရခဲ့။

"အပေါ်ယံကတော့ ဟန်လုပ်တင်းထားတုန်းပဲ။ ဒါပေ မယ့် သူ့အခြေအနေကို သူ သိနေပုံရပါတယ်။ ကျွန်တော် ရောက် သွားရင် တခြားသူငယ်ချင်းတွေအကြောင်း မေးတတ်တယ်ဗျ။ ခင်ဗျားနဲ့ ကိုကျော်သူကိုလည်း မေးတယ်။ သူ တွေ့ချင်နေပုံပဲ"

ဒါတစ်ခုကိုတော့ သူ မုသားသုံးခဲ့ရပေသည်။ တကယ်တော့ ကြွေသည် နှုတ်က ဖွင့်ဟမေးခဲ့သည်တော့ မဟုတ်ပေ။ ဖော့နကြီး သော မိန်းကလေး၏ မျက်လုံးထဲမှ စကားတွေကိုသာ သူက

www.burmeseclassic.com

www.burmeseclassic.com


ဘာသာပြန် ကြည့်ခဲ့ခြင်းပင်။ သည်တုန်းက ကိုမြတ်နိုင်သည် သူ့ကို လေးလေးနက်နက်ပင် ပြန်ကြည့်ကာ...

"ကျွန်တော် သူ့ကို သွားကြည့်ပါ့မယ်"ဟု ကတိပေးခဲ့ပေသည်။

"ဒီလိုလုပ်လေ။ နက်ဖြန်ညနေ ကျွန်တော် လာခေါ်မယ်။ အတူ သွားကြတာပေါ့"

"ကောင်းသားပဲ။ ကျွန်တော် စောင့်နေပါ့မယ်"

သို့သော် နောက်တစ်နေ့ သူရောက်သွားသောအခါ ကိုမြတ်နိုင်ကို မတွေ့ရတော့ပေ။ ကိုမြတ်နိုင်က သူ့ကိုယ်စား စာတိုကလေးတစ်စောင်ကိုသာ ထားခဲ့သည်။ စာထဲမှာတော့ ကုန်အမှာစာများ ထပ်ရောက်လာ၍ မအူပင်သို့ သူအားချင်း ပြန်သွားရကြောင်း၊ ချိန်းထားပြီးမှ ပျက်ကွက်ရသဖြင့် သူ့ကို ခွင့်လွှတ်ပါရန်နှင့် မအူပင်မှ ပြန်ရောက်လျှင်ရောက်ချင်း ကြွေ့ကို သူသွားတွေ့ပါမည်သောအကြောင်းလောက်ကိုသာ ခပ်တိုတို ရေးထားသည်။

သူသည် ထိုနေ့မှစ၍ ကိုမြတ်နိုင်အိမ်သို့ မရောက်တော့ပေ။ ကြွေ့ကို ကြိုတင်ပြောမထားမိသည်မှာ ကံကောင်းလေစွဟု သူ သက်ပြင်းချရသည်။ ညနေတိုင်း ကြွေနှင့်တွေ့လျှင် ကိုမြတ်နိုင်အကြောင်း တမင်ပင် မပြောမိအောင် နေလိုက်သည်။ တစ်ခါတစ်ရံမှာတော့ ခါတိုင်းထက် ရွှင်လန်းမြူးကြွနေသလို ထင်ရသော ကြွေ့မျက်လုံးတွေကိုကြည့်ကာ...

www.burmeseclassic.com

www.burmeseclassic.com


"ကိုမြတ်နိုင် လာသေးသလား ကြွေ"ဟု မေးကြည့်ချင်သောစိတ်ကို ချုပ်တည်းထားရသည်။ ကိုမြတ်နိုင်ထံ သူသွားပြောပြီးဖြစ်သည်ကိုလည်း ကြွေ့အား သာ၍မသိစေလိုပြန်ပေ။

သူ့ရင်ထဲမှာတော့ ကိုမြတ်နိုင်အပေါ် နာကြည်းစိတ်နှင့်အတူ ကြွေတို့နှစ်ယောက်ကြား ငါကတော့ ကြားလေမသွေးခဲ့ပါဘူးလေဟု ကိုယ့်ကိုကိုယ် ယုံကြည်စိတ် မွေးနေမိသည်။ ပြီးတော့...

သည်လိုနှင့်ပင် ကြွေ့ဆန္ဒအရ ကြွေ့ကို အိမ်သို့ပြန်ခေါ်ခဲ့ကြရသည်။ သူ၏ နောက်ဆုံးရက်များမှာ ကြွေသည် တည်ငြိမ်အေးဆေးစွာနေသည်။ မောနေသော်လည်း အောက်ဆီဂျင်အပေးမခံတော့။ အပ်တန်းလန်းနှင့် ကြိုးတွေရှုပ်ထွေး ရစ်ပတ်ခံနေရသောအဖြစ်ကို လွန်စွာမုန်းတီး ငြီးငွေ့နေခဲ့ဟန် တူပေသည်။ အိမ်ရှေ့ ပြတင်းတံခါးမှန်သမျှကို ဖွင့်ခိုင်းထားခဲ့သည်။ စကားများများ မပြောနိုင်ခဲ့သည့်ကြားမှပင် မှာစရာရှိသည်တို့ကို မှာကြားခဲ့သေး၏။

သူ့မိခင်ကို မှာခဲ့သည့်အထဲတွင် သူ့ အဝတ်အစားများကို မိတ်ဆွေသင်္ဂဟ ဆွေမျိုးများထဲမှ နွမ်းပါးသူတို့အား ဝေငှပေးလိုက်ရန်၊ သူ့ကိုစွပြီးသည်နှင့် သူ့အတွက် ရိပ်သာတစ်ခုခု၌ တရား အားထုတ်ပေးပါရန် ပါခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com


ကိုညာဏ်လင်းကိုမူ ဆေးရုံပေါ်မှာ သူ တကိုင်ကိုင်ရှိခဲ့သော ဗလာစာအုပ်ကလေးကို အပ်ကာ...

"ကိုညာဏ်လင်း၊ ကောင်းမယ်ထင်သလို ကြည့်စီစဉ်လိုက်ပါ"ဟု မှာခဲ့လေသည်။ ပြီးတော့...

"ကိုမြတ်နိုင်တစ်ယောက်ကိုလည်း ပစ်မထားပါနဲ့ ကိုညာဏ်လင်းရယ်။ သူ့မှာ အကူအညီ လိုနေတယ်ဆိုရင် သူက မတောင်းတောင် ပေးလိုက်ပါနော်" ဟု သံယောဇဉ် အမျှင်တန်းခဲ့သေး၏။

ကြွေ၏ ဗလာစာအုပ်ကလေးထဲမှ ဆေးရုံပေါ်မှ မှတ်တမ်းကဗျာတွေကို ကိုညာဏ်လင်း တွေ့ရသည်။ ဆေးဖိုး ၂၅၀ ကျပ်မျှကို မတတ်နိုင်သောကြောင့် သေဆုံးခဲ့ရသည့် နောက်မှာပင်၊ ကလေးဖျက်ချမှုနှင့် တရားစွဲခံနေရသေးသော ၁၈ နှစ်ရွယ်မိန်းကလေးတစ်ယောက်အကြောင်း၊ လူနာအတွက် မိမိတို့ လစာကလေးများထဲမှ ငွေစုပေးကြသော အလုပ်သင် ဆရာဝန်ကလေးများအကြောင်း၊ ဆေးရုံပေါ်မှ လူနာရှင်ကို မိမိ၏ ကိုယ်ပိုင်ဆေးခန်းသို့ ပြန်ချိန်းနေသော တာဝန်ကျ ဆရာဝန် အထူးကုတစ်ယောက်၏အကြောင်း၊ ကြိမ်ခြင်းထဲမှာ လက်သုတ်ပဝါနှင့်ပတ်လျက် ဆေးပုလင်း ခိုးထုတ်သွားသော အနီဝတ်ကလေးတစ်ယောက်၏အကြောင်း၊ ပြီးတော့ နာကျင်နေသော ဝေဒနာတွေကြားမှ ဆာလောင်နေသော မျက်နှာ နွမ်းဖျော့ဖျော့များအကြောင်း။

ကြွေသည် သူ၏နောက်ဆုံးအချိန်ကိုလည်း တာဝန်ကျေစွာကုန်ဆုံးစေခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com


"ဒါမှ တကယ့်သရုပ်မှန် ကဗျာတွေပဲ ကြွေ။ စိတ်ချ စာတစ်အုပ်ဖြစ်အောင် ကျွန်တော် လုပ်မယ်"

ကြွေ့ကို သူ ကတိပေးလိုက်ပြီးသည့် နောက်တစ်နေ့မှာ ပင် ကြွေ ကွယ်လွန်လေသည်။

ခုတော့ ကိုဉာဏ်လင်းသည် နိဗ္ဗာန်ယာဉ်နောက်မှ လိုက် ပါပို့ဆောင်ရင်း ကြွေ၏ ခွဲခွာခြင်းမှာ စောလွန်းနေသေးသည်ဟု နှမြောတသနေသည်။ စကားပြောနိုင်သေးသော တစ်နေ့က ကြွေ အေးဆေးစွာ ပြောခဲ့ပုံကိုလည်း ပြန်လည် ကြားယောင်နေပြန် လေသည်။

"ကြွေ့တစ်သက်မှာ ကြွေ တတ်စွမ်းနိုင်သမျှ အစွမ်းကုန် ကြိုးစားလုပ်ခဲ့ပြီးပါပြီ။ ဒီထက် ဘာများပိုပြီး ကြွေ လုပ်နိုင်ဦးမှာ လဲလို့တော့ ဆက်လက် အသက်ရှင် နေကြည့်ချင်ပါသေးတယ်။ ဖြစ်ချင်ပါလျက် မဖြစ်နိုင်သေးတာတွေ၊ ကြိုးစားပါလျက် မအောင်မြင်သေးတာတွေ၊ ဒါပေမယ့် အချိန်မရတော့ဘူးဆို တော့လည်း ဝမ်းနည်းရုံပဲပေါ့ ကိုဉာဏ်လင်းရယ်"

ဝေ့ဝဲရုံသာ သီဝေလာသော မျက်ရည်တို့ဖြင့် ကြွေက ပြော ခဲ့သည်။

ကိုဉာဏ်လင်းသည် အိမ်မှာ ကိုယ်ဝန်အရင့်အမာနှင့် ကျန် ရစ်ခဲ့သော ဇနီးသည် ဖြူလေးဝေကို ပြန်ပြောပြရမည့် ကြွေ၏ နောက်ဆုံးခရီးအကြောင်းကို ပြည့်စုံသည်ထက် ပြည့်စုံအောင် ဆက်၍ မှတ်သားနေမိပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com


ကြွေ ဆုံးသည့်နေ့ကပင် ဆောင်းကုန်စသာ ဖြစ်လျက် မိုးသက်မုန်တိုင်း ကျရောက်ခဲ့သည်။ မြန်မာ့ ပင်လယ်ပြင်၌ မုန်တိုင်းထန်နေ၍ ရေပြင်မြေပြင်လေမှာ တစ်နာရီ မိုင် ၄၀ နှုန်း တိုက်ခိုက်ကြောင်း ရေဒီယိုမှ ကြေညာလေသည်။ မိုးရေ ဖျန်းဆွတ်သောကြောင့် သကြၤန်ကြိုရန် ဖူးငုံပြင်ဆင်နေကြပြီဖြစ်သော ပိတောက်ဦးတချို့ ပွင့်ကြသည်။ ကြွေ့ထံသို့လည်း တပည့်မကလေးများက ပိတောက်တွေ ယူလာခဲ့ကြသည်။ ကြွေသည်လည်း ပိတောက် တွေနဲ့ ကြွေ ဖြစ်သွားခဲ့လေသည်။ ကြွေသာ အသက်ထင်ရှား ရှိနေဦးမည်ဆိုလျှင်…

"လက်တွေ့ဘဝဆိုတာ ဒီလိုပဲပေါ့ ကိုဉာဏ်လင်းရယ်" ဟု ပြောပေလိမ့်ဦးမည်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အရိုးကုဆေးရုံအတွင်းမှ ဒေါက်တာသောင်းကျော်လွင် မောင်းထွက်လာသော ဂျာမနီပြည်ဖြစ် လိပ်ခုံးကားနီကလေးမှာ ဝင်းပေါက်ဝတွင်ပင် ရပ်တန့်သွားရတော့သည်။ ဟံသာဝတီလမ်း၏အောက်ဘက်ပိုင်းမှ အထက်သို့ တဖြည်းဖြည်းပျံ့လွင့်လာသော ကြေးစည်သံများကို ကြားလိုက်ရသောကြောင့် ဖြစ်သည်။ မကြာမီ အသုဘတစ်ခု ချလာသည်ကို မြင်ရတော့မည်။ ကားတန်းရှည်ကြီးနှင့် တိုးမိတော့မည်။

ဒေါက်တာသောင်းကျော်လွင်သည် စိတ်တိုစွာ တောက်တစ်ချက် ခေါက်လိုက်သည်။ သည်ကနေ့အဖို့ အစီအစဉ်များ ကို သူ့ထုံးစံအတိုင်း အချိန်ကိုက်ထားခဲ့မိရာ လွဲချော်ကုန်ပေတော့မည်။ မနက်က အိမ်မှမထွက်မီ 'သူကလေးထံ' ဖုန်းဆက်ပြီး တကူးတက ဝင်ခေါ်ခဲ့ရသည်။ ကနေ့အဖို့ နေ့တစ်ပိုင်းလုံး အားနေမည်ဖြစ်၍ သူကလေးနှင့်အတူ ရုပ်ရှင်တစ်ပွဲကြည့်၊ တစ်နေရာရာသို့ သွား၊ တစ်ခုခု စား၊ ပြီးလျှင် သူကလေးကို ပြန်ပို့၊

www.burmeseclassic.com

www.burmeseclassic.com


ည တာဝန်ဆက်ဝင်။ သို့သော် မူလ အစီအစဉ်ထဲတွင် မပါသော အရိုးကုဆေးရုံမှ သူငယ်ချင်းဆရာဝန်နှင့် ဝင်တွေ့ခြင်းအလုပ်ကို လမ်းကြုံသည်နှင့် လုပ်လိုက်မိရာ မမျှော်လင့်ဘဲ နည်းနည်းကြာခဲ့သည်။

သည်ကြားထဲ အသုဘက တစ်မျောင့်။ သည်လမ်းမှာ သည်လိုပဲ အသုဘတွေ ခဏခဏ ချလာတတ်လေသလားဟု ခုမှပင် သူ တွေးကြည့်မိတော့သည်။ ပြီးတော့ စိတ်မသက်သာစရာ၊ နားမချမ်းသာစရာ မြင်ကွင်းကို စိတ်ပျက်လက်ပျက်ငေးမောနေလိုက်သည်။ သေခြင်းတရားကို အမြင်ရိုးနေပြီ ဖြစ်သော ဆရာဝန်ပေမယ့် အသုဘကိုတော့ သူ မနှစ်မြို့ပေ။ ကြည့်လေ ရှေ့ဆုံးက ရိုက်လာသည့် ကြေးစည်သံများ ဘယ်လောက် တုန်လှုပ်ချောက်ချားဖို့ ကောင်းသလဲ။ ပျော်လို့ရွှင်လို့ ကောင်းတုန်း ခုလိုအရွယ်မှာ အသုဘကမ္ဘဌာန်း စီးဖြန်း၍ မနေချင်။ ရုပ်ရှင်ချိန် မမီတော့မှာကိုသာ သူ စိုးရိမ်ရင်း လက်က နာရီကို တကြည့်ကြည့် ရှိရသည်။

မကြာမီ ခြံစည်းရိုး သစ်ရွက်တို့ကြားမှ နိဗ္ဗာန်ယာဉ် ဖြူဖြူကလေး၏ ရွှေရောင်နဖူးစည်း ကနုတ်နွယ်များကို လှမ်းမြင်လိုက်ရတော့သည်။ နိဗ္ဗာန်ယာဉ်နောက်မှာ ကိုယ်ပိုင်ယာဉ် အဖိုးတန်တွေ မဆုံးနိုင်အောင် တရွေ့ရွေ့ မောင်းလာနေကြသည်။ တော်တော်စည်တဲ့ အသုဘဟု သိလိုက်သည်။ သူ တော်တော်စိတ်ပျက်သွားသည်။ ရန်ကုန်မြို့မှာ ကားတန်းရှည်သော အသုဘနှင့် တိုးရတာလောက် စိတ်ပျက်ဖို့ကောင်းတာမရှိ။ တစ်ခါတစ်ရံ မျက်နှာကြီးတို့၏ အသုဘမှာ အလောင်းက ပြာဖြစ်ပြီးသည့်တိုင် ကား

www.burmeseclassic.com

တန်းရှည်ကြီးကမူ ရေခဲတိုက်မှ ထွက်နေဆဲ ရှိတတ်သည်။ တကယ်တော့ လေညင်းခံ ကားစီးရရုံအပြင် ဘာအဓိပ္ပာယ်မှ မရှိ။ လမ်းပိတ်ဆို့မှု သက်သက်မျှသာဟု ငြူစူစွာ သူ တွေးတော နေခိုက် နိဗ္ဗာန်ယာဉ်ဖြူကလေးသည် သူ့ရှေ့သို့ တရွေ့ရွေ့ ရောက်လာလေသည်။ ထိုအခိုက် ကြေးစည်သံတို့သည် ပို၍ ကျယ်လောင်စွာ ပျံ့လွင့် လာကြသည်။ နိဗ္ဗာန်ယာဉ်ထဲမှ သေတ္တာဖြူကလေးမှာလည်း တစ်စထက် တစ်စ ပိုမိုထင်ရှား ပီပြင် လာနေသည်။ ဒေါက်တာသောင်းကျော်လွင်သည် အမှတ်မဲ့ပင် သေတ္တာဖြူကလေး၏အလယ် ဆေးမင်နက်အောက်ခံပေါ်မှာ ငွေခြည် ဖိတ်လက်စွာဖော်ထားသော စာတန်းကို ဖတ်ကြည့်လိုက်သည်။

နှင်းလဲ့ကြွေ
အသက် (၂၆)နှစ်

သူ့တစ်ကိုယ်လုံး တုန်ခိုက်လှုပ်ရှားသွားတော့သည်။ မျက်လုံးတို့သည် သေတ္တာဖြူကလေးမှာ မခွာတမ်းစိုက်လျက် နှလုံးခုန်သံတို့ ပြင်းထန်ရိုင်းပျလာလျက် သူ ဝမ်းသာသွားသလား၊ ဝမ်းနည်းသွားသလား သူ့ကိုယ်သူလည်း မဝေခွဲနိုင်။ ဝမ်းသာသည်လို့တော့ သူ ဝန်မခံချင်။ လူတစ်ယောက်လုံး သေသည့်ကိစ္စမှာ ဝမ်းသာသည်ဆိုလျှင်တော့ နှလုံးသားမဲ့ရာကျလိမ့်မည်။ သည်လို ဝမ်းသာပုံမျိုးတော့မဟုတ်ပါ။ သို့ပေမယ့်လည်း ဘယ်လိုပြော

www.burmeseclassic.com

www.burmeseclassic.com


ရ မလဲ။ အရွယ်ကောင်း မိန်းကလေးမှာ ချစ်ကြင်သူမဲ့စွာ ကွယ်လွန်သေသောအဖြစ်ဆိုတာ တစ်မျိုးတော့ ဂုဏ်ယူဝမ်းသာစရာပေါ့။ အထူးသဖြင့် တစ်ချိန်က ကိုယ့်ရဲ့မိန်းကလေး ဖြစ်ဖူးသူမို့ ပိုလို့ ဝမ်းသာစရာပေါ့။ လောလောဆယ် သူ့အပါးမှ ကိုယ်ခွာခဲ့သော်လည်း သူ့အပါးမှာတော့ ကိုယ့်အပြင် တခြားတစ်ယောက်ယောက် မရှိစေချင်။ သည်လို ဝမ်းသာပုံမျိုးပါပဲ။

ဒါပေမယ့် ကိုကိုလွင် စိတ်ထိခိုက်ရပါတယ် ညီမရယ်။ ကြွေ့ကို နောက်ထပ် တွေ့ဖြစ်အောင် တွေ့ဦးမယ်လို့ ကိုကိုလွင် ကြိုးစားခဲ့ပေမယ့်...

ကြေကွဲသော မျက်လုံးတို့ပေါ်မှာ နာကြည်းရိပ်တွေ တငွေ့ငွေ့ ပေါ်လာနေတော့သည်။

ကြွေနှင့် သူတွေ့ကြတော့ ကြွေသည် တက္ကသိုလ် ကျောင်းသူဘဝမှာသာ ရှိသေးသည်။ ကြွေ့ကို သာမန်အဖြစ် သူ သိနေခဲ့သည်မှာတော့ကြာပြီ။ မတော်ချင်လျှင် မခေါ်ဘဲ နေနိုင်သော ဆွေမျိုးနီးစပ်များပင် ဖြစ်သည်ဟု ဆိုနိုင်သည်။ ငယ်စဉ်က အနေဝေးကြ၍ ရင်းရင်းနှီးနှီး ရှိခဲ့သည်မဟုတ်။ ကြီးလာတော့လည်း တစ်ခါနှစ်ခါ မြင်ဖူးတွေ့ဖူးရုံအပြင် ထူး၍ မရင်းနှီးခဲ့ကြပြန်ပေ။ သူ့အသက် သုံးဆယ်ကျော်စ ယာယီ အပျော်များကို ငြီးငွေ့စပြုချိန်မှာ အိမ်ထောင်ရေးကို အမှန်တကယ်ပင် သူ စိတ်ကူး

www.burmeseclassic.com

www.burmeseclassic.com


သည်။ ထိုအခါ ကြွေနှင့်သူ စတင် ရင်းနှီးဖို့ အကြောင်းဖန်လာလေသည်။

သူ့အတွက် တစ်ဆွေလုံး တစ်မျိုးလုံး သမီးကညာ အရှာထွက်ကြပုံကို မှတ်မိ၍ပင် နေသေးသည်။ နှမတွေက သူတို့ သူငယ်ချင်း လက်ထောက်ကထိက မမတစ်ယောက်နှင့် ဆွယ် ကြသည်။ ပညာတတ်လွန်းပြီး အသက်ကြီးနေ၍ သူ စဉ်းစားသည်။ ဦးလေးများက မိုးကုတ် သူဌေးသမီးတစ်ယောက်နှင့် စပ်ဟပ်ကြပြန် သည်။ ရုပ်ရည်ဘာညာ အားလုံးမဆိုးဟု ထင်သည့်တိုင် ဆွေမျိုး အင်အားအုံတောင့်လွန်းသည်ကို စဉ်းစားပြန်ကာ ပဏာမ စာရင်းထဲမှာတော့ သွင်းထားလိုက်သည်။ သူ့ ပါရဂူ တစ်ယောက်ကလည်း နှမဖြစ်သူနှင့် တကူးတက မိတ်တွေဘာတွေ ဆက်ပေးကာ လိုလားဟန်တွေပြနေလေသည်။ ရှုပါ မသားနား၍ ဗီလင်မလာပေမယ့် နိုင်ငံခြား ထပ်သွားရဖို့အရေး၊ တောကြိုအုံကြား လွင့်မသွားရဖို့ ကာကွယ်ရေးတွေအတွက် သူ့ စာရင်းမှာ တစ်ယောက်တိုးလာပြန်သည်။

ထိုစဉ်မှာပင် သူ့အမေဘက်မှ ဒေါ်လေးတွေက ကြွေ့ကို တင်ပြလာလေသည်။ ကြွေက သူ့ထက် ရှစ်နှစ်လောက် ငယ်သည်ဆိုခြင်းအပြင် ကြွေ၏ အမေတစ်ခု သမီးတစ်ခုသာရှိသော အိမ်မှာ သူရမည့် အိမ်ဦးနတ်နေရာအတွက် ကျေနပ်ကာ ကြွေ့ကိုလည်း သူထည့်စဉ်းစားပြန်လေသည်။ ပြီး ကြွေ့မေမေမှာလည်း အထုပ်ကလေးတစ်ထုပ် ရှိပြန်သေးသည်တဲ့။

သို့နှင့်ပင် သူ့ဒိုင်ယာရီမှာ ဇယားကွက်တွေ တိုးလာသည်။ ကြွေ့အတွက် ဇယားကွက်မှာ စနေနေ့ဟု ရေးထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ပတ်တစ်ခါ တွေ့ဖြစ်လေသည်။ ရက်မမှားရအောင် ဒိုင်ယာရီကိုတော့ ခဏခဏ လှန်ကြည့်ရသည်။ အသက်ကသာ သည့်ထက် ကြီးကြီးမလားဘူးဆိုလျှင် သည်လိုယောင်ဝါးဝါးလုပ် နေရသည်ကို သူကျေနပ်နေမည်ပင်။ ကထိကမမ၏ ပျော်ပွဲစား တစ်ဝက် လေ့လာရေးတစ်ဝက်ခရီးများမှာ ကန့်လန့်ကန့်လန့် ပါသွားရ သည်ကတစ်မျိုး ပျော်စရာကောင်းသလို အဝေးပြော တယ်လီဖုန်း လိုင်းပေါ်မှာ မိုးကုတ်သူကလေးနှင့် အပြန်အလှန် စကားပြော ရသည်ကလည်း တစ်မျိုးရင်ခုန်စရာ၊ ကားကို ကိုယ်တိုင်မောင်း ကာ ဆေးရုံမှာ သူ့အား လာကြိုတတ်သူ ဆရာ့နှမနှင့် ထောက်ကြံ့ အထိ ကားအပျော် လျှောက်စီးရသည်မှာလည်း ဦးနှောက်ကြည် ဆေးတစ်ခွက်။ သည်ကြားထဲ အနီဝတ်၊ အပြာဝတ်ကလေး တချို့ နှင့်လည်း...

ကြွေနှင့် တွေ့ဆုံရပုံကတော့ တစ်ဘာသာထူးလို့ နေသည်။ အစကမူ သည်ကျောင်းသူ ချာတိတ်မကို သူ့ကားပေါ်မှာ အလွယ်တကူ တင်ကာ သူကချင်သည့်ဇာတ်ကို သူကစ၍ ဇာတ် စီးလေမည်ဟု တွက်ထားဖူးသည်။ လက်တွေ့မှာတော့ သူ့မှာ ဇာတ်တိုက်လို့ပင် မရ။ ကျောင်းသူဖြစ်၍ ကြွေ့မှာ အားလပ်ချိန် လည်း များစွာမရှိ။ ကျောင်းသို့ သူလာသည်ကိုလည်း ကြွေက မကြိုက်။ အတန်းဖျက်ကာ သူ့ကို ဧည့်မခံအား။ သူကလည်း ကထိကမမနှင့် တိုးနေဦးမည်စိုး၍ ကြွေ့ကို ကျောင်းမှာ သွားတွေ့ဖို့ အထူးမကြိုးစားမိတော့။

ကြွေ့အိမ်သို့သွားတိုင်း စနေမိုးနှင့် သူတိုးနေမြဲ အဖြစ်ကိုမူ သတိရနေသည်။ ကြွေနှင့် စတွေ့ရသည်ကပင် မိုးရာသီမှာ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com


သည်။ ထိုစဉ်ကတည်းက ကံဆိုးမ သွားရာ မိုးလိုက်လို့ရွာ ဆိုသော စကားပုံကို သူသတိရထားလျှင်လည်း အကောင်းသား ပင်။ မိုးလေသည်းသည်းထဲမှာ အပြင်ထွက်ရန် ကြွေ အထူး ငြင်းမနေရတော့ဘဲ ကြွေ၏ သေးငယ်သပ်ရပ်သည့် အိမ်ရှေ့ စာကြည့်ခန်းမှာ သူထိုင်ရသည်။ ကြွေက သူ့ကို စားစရာတစ်ခု ခုနှင့် အမြဲ ဧည့်ခံကာ ပျူငှာဖော်ရွေစွာ စကားပြောလေသည်။

ကြွေ့မှာ သူ့ကို စိတ်ပါလက်ပါ ပြောပြစရာ အကြောင်းအရာတစ်ခုခုကလည်း အမြဲရှိနေတတ်သည်။ ကြွေက သူစိုက်ထားသော ပန်းပင်များအကြောင်း၊ သူ့ သူငယ်ချင်းတစ်ယောက် ရေးဆွဲနေသော ပန်းချီကားအကြောင်း၊ သူ နောက်ဆုံးတက်ခဲ့သော ပြင်စည်မင်းသားကြီး၏ တလိုင်းသံအကြောင်းတို့ကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောပြတတ်သည်။ တစ်ခါတစ်ရံ ကြွေ စာဖတ်နေဆဲ သူ ရောက်သွားလျှင် ကြွေသည် လက်ထဲကစာအုပ်ကို မချဘဲ သူ့ကို ဧည့်ခံလေသည်။ ခဲနီခဲပြာများဖြင့် တေးမှတ်နေရင်းက အချို့ စာပိုဒ်များကို သူ့အား ဖတ်ပြသည်။ ထိုအခါ သူက အလိုက်သင့် ခေါင်းကိုညိတ်ကာ ကြွေနှင့် စကားရောနှော ပြောနိုင်အောင် ကြိုးစားရသည်မှာ ပင်ပန်းငြီးငွေ့ဖွယ်ကောင်းလှသည်ဟု ထင်မိလေသည်။ ကြွေဖတ်နေသော စာအုပ်များကို သူ စိတ်မဝင်စား။ အထင်လည်း မကြီး။

"ကြွေတော့ စာဖတ်ရတာကို သိပ်ပျော်တာပဲ။ ဖတ်စရာ အသစ်မရှိရင် ကြိုက်တဲ့အဟောင်းတွေကိုပဲ ပြန်ပြန်ဖတ်တာပဲ။ ဘယ်တော့မှ ရိုးတယ်မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com


"ကိုကိုလွင်တို့လည်း ငယ်ငယ်တုန်းကတော့ ဖတ်တာပါပဲ။ ခုတော့ အလုပ်တွေကများ၊ အချိန်မပေးနိုင်တော့ စာမဖတ်နိုင်တော့ဘူးလေ"

"ဒါပေါ့လေ၊ ကြွေတို့ကတော့ အလုပ်မရှိ တစ်ရာ့ကိုးတွေ အပဟုတ်လား။ အားအားရှိ စာပဲဖတ်နေရတာပေါ့ ဟုတ်လား"

ကြွေ့မျက်နှာထားက ရိုးအေးဟန်ဖြစ်ပေမယ့် အသံက ထေ့ငေါ့သံဟု သူထင်လိုက်သည်။ နောင်အခါ ကြွေနှင့် စာအကြောင်း ပေအကြောင်း စကားလက်ဆုံ မကျကောင်းတော့ဟု ဆုံးဖြတ်ခဲ့သည်။ ပြီးတော့ နုနယ်သော ကြွေ၏ စာဖတ်ခြင်းကို စိတ်ကူးယဉ်ဝါသနာဟု သတ်မှတ်ပြန်သည်။ စာဖတ်ပြီး အတွေးနှင့် ကြည်မွေ့ရသော အငွေ့အရသာထက် ပိုမိုထူးကဲသော လက်တွေ့လူ့ဘဝအရသာတို့ များစွာရှိသေးကြောင်း ကြွေ့အား သိစေမည်ဟု နောက်ဆုံးမှာ ကျိတ်ပြုံးနှင့် ချိုသွေးထားလိုက်သည်။

နောင်အခါ ကြွေနှင့်တွေ့တော့ သူ့မှာ တခြားပြောစရာအကြောင်းအရာလည်း များများမရှိလေရာ ကြွားသည်ဟု ထင်မှာစိုးသော်လည်း ပြောပလောက်စရာ ဖြစ်သားပဲဟုလည်း တွက်ပြန်ကာ အနောက်နိုင်ငံရောက် သူ့အတွေ့အကြုံများကိုသာ ပြောဖြစ်ခဲ့လေသည်။ ကြွေကလည်း စိတ်ပါဝင်စားစွာ နားထောင်ခဲ့လေသည်။ သူအများဆုံး ပြောပြတတ်သည်မှာ သူကိုယ်တိုင်က ဂုဏ်ယူမှန်းမသိ ဂုဏ်ယူနေမိသော သူ၏ စန်းပွင့်ပုံများအကြောင်းပင်တည်း။ သည်လိုနှင့် 'ချစ်သောရှာလီ' ဆိုသော

www.burmeseclassic.com

www.burmeseclassic.com


အဖြူမလေး အကြောင်းကစလို့ ပြောမိသည်။ ကြွေကလည်း ပေါ့ပေါ့ပါးပါးပင် နားထောင်နေရင်းက...။

"ရာဇဝင်ကြွေး ဆပ်တာလား"ဟု ဖြတ်၍ မေးတော့ သူ့ မှာ မခံမရပ်နိုင် ဖြစ်ခဲ့ရသည်။

"ဒီလိုမပြောပါနဲ့ ကြွေရယ်။ မဆုံဆည်းနိုင်တဲ့ ဘဝနှစ်ခုပါ"ဟု ဆွေးမြည့်စွာ ပြောမိသည်။ ထိုခဏမှာပင် ရှာလီကို ပြင်းပြင်းထန်ထန် သတိရမိသေးသည် ထင်၏။ သူ့အပေါ် ရှာလီ လိုက် လျောခဲ့ပုံ ပြုံးမျက်နှာနှင့် ယုယကြင်နာ တွတ်တီးတွတ်တာ စကား ဆိုခဲ့ပုံများကိုလည်း မမေ့နိုင်၊ ခွဲခါနီး နောက်ဆုံးည အကြောင်းကို ပြောပြစဉ်ကများ မျက်ရည်များဝဲလျက် အသံတွေပင် တုန်ယင် နေခဲ့သေးသည်။

ကြွေသည် သူပြောသမျှကို နားထောင်ရင်း သူ့မျက်နှာကို စူးစိုက်ကြည့်နေခဲ့သည်။ မျက်တောင်များ မခတ်ခဲ့။ မျက်နက်အိမ် မရွေ့လျားခဲ့။ ဘာကြောင့်မှန်းတော့ မသိ၊ ကြွေ့မျက်လုံးများကိုသူ ကြာရှည်ရင်မဆိုင်နိုင်ခဲ့ပေ။ ပြီးတော့ မနှစ်ခြိုက်နိုင်ပေ။ ကြွေ့ တစ်ကိုယ်လုံးတွင် မျက်လုံးများသာ အလှဆုံးဆိုသည်ကို သူသိပေသည်။ သို့ပေမယ့် ကြွေ့မျက်လုံးတွေက စူးရဲလွန်းသည်ဟု သူထင်သည်။ အတွင်းစိတ်ကို ထိုးဖောက်ကြည့်နိုင်ရန် စူးစမ်းပုံမျိုးပဲ ရှိ့သလိုလည်း ရှိခဲ့သည်။ မိန်းကလေး မျက်လုံးဆိုတာ ရှက်ရိပ် ရှက်ယောင်လျှင်လည်း ဝမ်းမှလှုပ်ခတ် ရွေ့ကစားကာ ကြာဗျာပါ လျှင်လည်း ပါမှလှတော့ပေါ့ဟု သူခံယူသည်။ ပြီးတော့ မနာလိုစိတ်ပွားတတ်တာ၊ စိတ်

www.burmeseclassic.com

www.burmeseclassic.com


ကောက်ကြြူစူတတ်တာလေးတွေကိုလည်း မျက်လုံးများမှတစ်ဆင့် ပြသင့်သေးသည် ထင်ပြန်သည်။

"ဒါလောက်တောင် တွယ်တာနေမှဖြင့် မြန်မာပြည်ခေါ်ခဲ့ ရောပေါ့ကိုကိုလွင်ရယ်"

"ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်လူမျိုးကို ကိုကိုလွင် ပိုချစ်တယ်"

ကြွေသည် ရုတ်တရက် ဟက်ခနဲ တစ်ချက်ရယ်လိုက် ကာ-

"ကိုယ့် တိုင်းပြည်ဆိုတာ ရန်ကုန်မြို့ကို ပြောတာလား" ဟု ပြုံးကျဲကျဲ မျက်နှာနှင့် မေးလေသည်။

သူလည်း ကြွေ့ကို တစ်ချက် မျက်သွားပြန်ကာ အဖြူမ ကလေးနှင့် ခါးချင်းဖက်ရိုက်ထားသော ဓာတ်ပုံကို ရုတ်တရက် ချက်ချင်း ထုတ်ပြလိုက်မိတော့သည်။ ကြွေက ဓာတ်ပုံကို သေသေချာချာ ယူကြည့်ပြီး ပြုံးစပ်စပ် အမူအရာနှင့် ထိုအချိန်မှ စတင်ကာ သူ့ကို 'မစ္စတာ ဂျိန်းစဘွန်း'ဟု ခေါ်ခဲ့လေသည်။ အဓိပ္ပာယ်ကို သူ ရုတ်တရက် နားမလည်ဘဲ သဘောများပင် ကျခဲ့သေးသည်။ ခု ပြန်တွေးကြည့်တော့ ကြွေသည် ထိုအချိန်မှစ၍ သူ့ကို တစ်လျှောက်လုံး သတိအနေအထားနှင့် စောင့်ကြည့်ဖို့ အကြံ ရသွားခဲ့လေသလားဟု သံသယဖြစ်သည်။ ထိုစဉ်အခါများကမူ သူသည် ကိုယ့်အတွက် ထောင်ချောက်ကို ကိုယ့်ဘာသာ ဆင် နေမှန်း မသိနိုင်ခဲ့ပေ။ ကြွေကနောက်သလို ပြောင်သလိုနှင့်-

"ကိုကိုလွင်ရဲ့ ချစ်ပုံပြင်ကလေး တစ်ပုဒ်လောက် ပြော စမ်းပါဦး အပျင်းပြေနားထောင်ရအောင်"ဟု ဆိုလေတိုင်း သူက

www.burmeseclassic.com

လည်း ဖုံးဖိသိုသိပ်မနေဘဲ ပြောပြတတ်လေသည်။ သည်လိုနှင့် ကထိက မမ၊ မိုးကုတ်မေ၊ ဆရာ့နှမတို့အကြောင်းတွေ၊ ကြွေ သိသွားသည်။ သူနှင့် ပတ်သက်သမျှ အမျိုးသမီးများအကြောင်း ကို သူကိုယ်တိုင်က ပြောပြ၍သာ ကြွေသိရခြင်း ဖြစ်ပါသည်။ ဒါကို သူ့ရိုးသားမှုပေပဲလို့ ကြွေမယူဆသင့်ပါလား။

တစ်ခုတော့ ဆိုစရာရှိသည်ပင်။

"ကြွေရယ် ဒါတွေက ဖွဲတွေပါ။ ကြွေ့ကိုတွေ့မှ ကိုကို လွင် တကယ့်အချစ်ကိုတွေ့တာ"ဟူ၍တော့ လက်မွန်မဆွ သူ မပြော နိုင်ခဲ့တာ အမှန်ပင်။ မိန်းကလေးများနှင့် တွေ့တိုင်း သောင်း ကျော်လွင်က စလို့ ချစ်စကား ဆိုရိုးမရှိ ဟူသော အစဉ်အလာကို ထိန်းလိုတာလည်း ပါမည်။ ထိုသို့ ဆိုလိုက်လျှင် သူ့ ကို ကြွေက နှောင်ဖွဲ့လိုက်နိုင်ကာ သူ၏ လွတ်လပ်ခွင့်ကို ထိပါးသွားစေ မည်လားဟုလည်း တွက်သည်။ ပြီး ကြွေ့ကို စတွေ့တွေ့ချင်း တန်းတန်းစွဲလို့ ဆိုရလောက်အောင် မချစ်မိတာလည်း အမှန်ပင်။ သူသည် အချစ်ကို ရှာခဲ့သူ မဟုတ်။ အိမ်ထောင်ဖက်ကောင်း တစ်ယောက်ကိုသာ သူ့သတ်မှတ်ချက် အရည်အချင်းတို့နှင့်တကွ ရှာဖွေတွေ့ရှိလိုသူသာတည်း။

သို့နှင့်ပင် ကြွေသည် သူနှင့် စင်ပြိုင်တို့၏ အခြေအနေ ကို တစ်စထက်တစ်စ နားလည်လို့လာသည်။ သူကလည်း အေး စက်စက်ဖြစ်နေသော ကြွေ့ကို အားမရနိုင်ဘဲ ကြွေ့မနာလိုစိတ်ကို နှိုးဆွချင်ပြန်သေးရာ-

www.burmeseclassic.com

www.burmeseclassic.com


"မနေ့က ကြွေ့ဆီ လာမလို့ လုပ်တုန်း သယ်လ်မာရယ်လေ သူကိုယ်တိုင် ကားမောင်းပြီး ကိုကိုလွင့်ကို ရုပ်ရှင်ကြည့်ဖို့ လာခေါ်တာ အားနာလို့ ပါသွားတယ်"ဟူသော အပြောမျိုး။

"ရွှေ့အပတ်ကျရင် ခင်ခင်မော်တို့ မိုးကုတ်က ဆင်းလာကြလိမ့်မယ်၊ ကိုကိုလွင် သွားကြိုရမယ်။ ပြီးတော့ သူတို့ လည်ချင်ပတ်ချင်တဲ့ နေရာတွေလည်း လိုက်ပို့ရဦးမယ်လေ" ဟူသော အပြောမျိုးတွေကို လွယ်လွယ်ပင် ပြောဖြစ်ခဲ့သည်။ ထိုအခါ ကြွေက သူ့ကို စိတ်ကောက်ဟန်ပြကာ နှုတ်ခမ်းစူလို့ နေမည်လား။

"ကြွေကိုလည်း ရုပ်ရှင်လိုက်ပြရမယ်"ဟု အားကျမခံ ပူဆာမည်လား။ ထိုနောက်မှာတော့ သူသည် ကြွေက ပူဆာလို့သာ လိုက်လျောရသော ဟန်မျိုးနှင့်...

တကယ်တမ်းမှာတော့ သူ့တွက်ကိန်းတွေ တစ်ခုမျှ ဖြစ်မလာခဲ့။ ကြွေသည် သူပြောပြသော စင်ပြိုင်တွေ၏အကြောင်းကို အေးဆေးစွာ နားထောင်ကာ ပြုံးနေတတ်လေသည်။ ထို့ အခါ သူ့စိတ်ထဲ မချင့်မရဲ ဖြစ်လာကာ...

"ကြွေ့ကိုလည်း ကိုကိုလွင် ရုပ်ရှင်လိုက်ပြဖို့ စိတ်ကူးထားတာကြာပြီ။ မအားနိုင်သေးလို့ ကြွေရယ်။ ဘာပဲဖြစ်ဖြစ် ရွှေ့အပတ်ကျရင်တော့ သွားကြည့်ကြမယ်လေ။ သမ္မတမှာ ပြနေတဲ့ ဒေါက်တာဇီဗားဂိုး သိပ်ကောင်းသတဲ့"

ထိုအခါ ကြွေ၏ အပြုံးသည် ထူးခြားစွာ ပို၍အရောင်တောက်လာကာ...

www.burmeseclassic.com

www.burmeseclassic.com


"ကြွေ ကြည့်ပြီးပြီ ကိုကိုလွင်ရဲ့။ ပထမပတ်တုန်းကတည်း ကပဲ"ဟု အေးဆေးစွာ ပြောလေသည်။

သို့သော် သမ္မတရုံမှာ ထိုရုပ်ရှင်ကားကို သူသွားကြည့်ပြီး အထွက်မှာတော့ ကြွေ့ကို လူအုပ်တွေကြားမှာ ဘွားခနဲ သွား တွေ့သည်။ သူ အတော်ပင် အောင့်သက်သက် ဖြစ်ခဲ့ရသည်။ ကြွေနှင့် ပြန်ဆုံတော့ စိတ်ထဲမှာပင် မျိုသိပ်မထားနိုင်ဘဲ...

"မနေ့က တွေ့လိုက်ပါတယ်နော်။ သမ္မတက ထွက်လာ တာ"ဟု ဖွင့်ထုတ်ပြောလိုက်မိတော့သည်။ ကြွေ မျက်နှာပျက် သွားကာ အိုးတိုးအန်းတိုး ဖြစ်သွားမလား သူ့ကို အားနာ ကာ တောင်းပန်လေမလားဟု သူ မျှော်လင့်ခဲ့လေသည်။ သို့ သော် ကြွေ့ မျက်နှာမှာ ရှက်ရွံ့အားနာဟန် လုံးဝမတွေ့။

"သြော်... ကိုကိုလွင်လည်း အဲဒီနေ့က လာကြည့်သလား။ ဘာလို့ နှုတ်မဆက်တာလဲ။ ကြွေက မမြင်လိုက်တာ နာတာပဲ။ ကိုကိုလွင့်ဘေးက အမျိုးသမီးကို မမြင်ဖူးလိုက်တော့ဘူးပေါ့"

သူ့ရင်ထဲမှာ ပို၍ အောင့်သက်သွားရပြန်တော့သည်။ အမှန် တော့ ထိုနေ့က သူ့ဘေးမှာ တကယ်ပင် ဘယ်အမျိုးသမီး တစ်ယောက်မှမပါ။ ကြွေ့ကို လှမ်းခေါ်လိုက်ရအကောင်း သား။ ထိုအခါ ကြွေက သူ့ဘေးက မိတ်ဆွေဆရာဝန်ကိုသာ မြင်သွား ပြီး သူ့အပေါ် သံသယ ရှင်းပေလိမ့်မည်။ ခုအခါ မှာ တော့ ကြွေ၏ သံသယကင်းခြင်းကို သူ အဘယ်ကြောင့် အလို ရှိလာခဲ့ပါသလဲ။ သူ့ကိုယ်သူ ပြန်မေးမကြည့်ခဲ့။ ခု တလော ဘယ်အမျိုးသမီး တစ်ယောက်ဆီကိုမှ သူ သိပ်မရောက်

www.burmeseclassic.com

တော့ကြောင်း သူက ပြော မပြရဘဲ ကြွေ့ဘာသာ သိလာဖို့ကောင်းသည်ဟု ဖြူစု မိလေသည်။

ပြီးတော့ ထိုနေ့က 'ကြွေ ဘယ်သူနဲ့ ရုပ်ရှင်လာကြည့်ပါလိမ့်'ဟု သူဝန်တိုစွာ သိလိုခဲ့သဖြင့် ရုတ်တရက် နှုတ်မဆက် ဖြစ်လိုက်ကြောင်း ပြန်မပြောပြလိုက်။ ကြွေ့ဘေးက ကောလိပ် ကျောင်းသူကလေးနှစ်ယောက်ကိုသာ တွေ့တော့ သူများစွာ ဝမ်းသာသွားခဲ့ကြောင်းကိုလည်း ကြွေ့အား ဖွင့်မပြောနိုင်ခဲ့ပေ။

"ကြွေ ညာတယ်"

သူက မကျေမချမ်းနိုင်ပင် ပြောခဲ့သည်။

"ဘာကိုလဲ ကိုကိုလွင်ရဲ့"

"ကြည့်ပြီးပြီဆို"

"ဟုတ်တယ်လေ၊ ဟိုနေ့က ဒုတိယအကြိမ် ပြန်ကြည့်တာ"

"ထပ်ကြည့်ချင်ရင် ကိုကိုလွင့်ကို ပြောရောပေါ့"

"သူငယ်ချင်းတွေနဲ့ ကြုံသွားလို့ပါ။ မကြုံရင်လည်း တကူးတက ထပ်ကြည့်ဖြစ်လောက်အောင် ကြိုက်တဲ့ကား မဟုတ်ပါဘူး"

"ထားပါတော့လေ။ နောက်တစ်ခါ ရုပ်ရှင်ကြည့်ချင်ရင် ကိုကိုလွင့်ကို ပြောပေါ့"

"ဟုတ်ကဲ့၊ အခုတော့ စာမေးပွဲနီးပြီ ကိုကိုလွင်ရဲ့"

စိတ်ထဲမှာ များစွာ မခံချိမခံသာ ဖြစ်ခဲ့ရသည်။ သို့သော်လည်း သူ့ကိုယ်သူ လူကြီးလူကောင်း ပီသကြောင်း ပြသနိုင်ရန် မကျေနပ်ချက်ကို ဖုံးကွယ်ခဲ့ရသည်။ ကျဉ်းမြောင်းသွားမည်ဟု ထင်ရသော သူ့မျက်လုံး သူငယ်အိမ်ကို ကြွေ တွေ့မသွားစေရန် ဟန်ဆောင်ပြုံးရယ်ကာ စကားပြောင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


"အဲဒီကားထဲမှာ ကြွေ ဘယ်သူ့ကို အကြိုက်ဆုံးလဲ ဟင်"

"တွမ်ကော့တီးနေးကို အကြိုက်ဆုံးပဲ"

"ဘယ်သူ"

"မင်းသမီးရဲ့ ငယ်ရည်းစား တော်လှန်ရေးသမားလေး လုပ်တဲ့ မင်းသားပေါ့။ သူ့အခန်း နည်းပါတယ်။ ဒါပေမယ့် သိပ်တော်တာပဲ"

ထိုမင်းသားကို သူကောင်းကောင်းပင် မမှတ်မိလိုက်။ မထင် မရှား ဇာတ်ရံတစ်ယောက်ပဲ။ ပြန်စဉ်းစားကြည့်တော့ တိုက်ပွဲ ခန်းတစ်ခုမှာ ရွှေကိုင်းတပ် မျက်မှန်ကလေး ဖုတ်ခနဲ ပြုတ်ကျ သွားတာပဲ မှတ်မိလိုက်သည်။ ရုပ်ရည်ကလည်း သာမန်ပဲ။ သူက တော့ ကြွေသည် နှုတ်ခမ်းမွေးစစနှင့် နှုတ်ခမ်းပါးကလေး စိုပြောင်ကာ မျက်ရည်ဝဲတတ်သော ဇာတ်လိုက် အိုမာရှုရစ်ကိုသာ သူ့နည်းတူ ကြိုက်လိမ့်မည်ဟု ထင်ခဲ့၏။

"သူလုပ်ရတဲ့ ဇာတ်ကောင်စရိုက်ကိုက ကောင်းတာ။ ဘယ် လောက် ရဲရင့်ပြတ်သားတဲ့ ယောကျ်ားတစ်ယောက်လဲနော်။ အနစ်နာလည်း ခံနိုင်တယ်။ ရိုးသားပြီး သစ္စာရှိတယ်။ ဘဝနာခဲ့ တဲ့ ငယ်ချစ်ကို လက်ထပ်နိုင်ခဲ့တယ်။ တော်လှန်ရေးအတွက်စာရွက် တွေ လိုက်ဝေနေတဲ့အခန်းရယ်၊ ငယ်ချစ်ကို ကုန်သည်ကြီးရဲ့ အမြှောင်မယား ဖြစ်နေရကောင်းလားလို့ ကရုဏာဒေါသော ပါးရိုက်လိုက်တဲ့အခန်းကို အကြိုက်ဆုံးပဲ"

ကြွေ့ကို သူ အံ့သြစွာ ကြည့်နေမိတော့သည်။ ထိုစဉ် ကတည်းက ကြွေနှင့်သူ တစ်လမ်းစီကလာ၍ ကိုယ့်လမ်း ကိုယ်

www.burmeseclassic.com

www.burmeseclassic.com


သွားနေကြပြီဟု သိခဲ့ဖို့ကောင်းပေသည်။ အတွေးချင်း ဘယ်လိုမှ မဆုံနိုင်ခဲ့ပေ။

"ကိုကိုလွင်ကတော့ ဇီဗားဂိုးရဲ့ ဇနီး 'ဆွန်ညာ'လုပ်တဲ့ 'ဂျယ်ရယ်လင်းချက်ပလင်'ကို အကြိုက်ဆုံးပဲ"

"ဟင် ကြွေတော့ မကြိုက်ပေါင်။ ကိုယ့်နောက်ကွယ်မှာ ကိုယ့်ယောကျ်ား ဒါလောက် ခြေပုန်းခတ်နေတာတောင် သူက တော့ အေးအေးဆေးဆေးပဲ။ တကယ်တော့ မိန်းမတစ်ယောက် ဟာ ဒီလောက် မအနိုင်ပါဘူး ကိုကိုလွင်ရဲ့"

"ကိုကိုလွင်ကတော့ ဒီလိုမယူဆဘူး။ သူ တကယ့်ကို လုံးဝ မသိတာ။ သူက ကလေးလိုပဲ အပြစ်ကင်းတယ်။ သံသယ ကင်း တယ်လေ။ သူ့ယောကျ်ားကို ဘယ်လောက်ချစ်သလဲ။ အမြဲတမ်း စိတ်ချမ်းသာအောင် ထားတယ်။ ခေတ်ပျက်ထဲမှာ သူတို့ ငတ် နေရတာတောင် ယောကျ်ားကို အသိမပေးဘူး တွေ့လား။ တကယ် လို့ သူ့ယောကျ်ားအကြောင်းကို သိတောင်မှ ခွင့်လွှတ်မယ့်ပုံပါ ပဲ"

သူက အဓိပ္ပာယ်ပါစွာ ဆက်ပြောမိ၏။

"ယောကျ်ားဆိုတာမျိုးကတော့ ကြွေရယ်၊ မေဂျာအပြင် မိုင်နာတွေလည်း ရှိဦးမှာပေါ့။ ဒါကို မေဂျာနေရာကရတဲ့ လူက သဘောထားကြီးနိုင်ရမယ်လေ"

ထိုအခါ ကြွေက တဟဲဟဲရယ်ကာ မထီတရီ စပြုံးနေ လေသည်။

"ဇီဗာဂိုးနဲ့ လာရာလည်း ကောင်းတာပဲ။ မဆုံဆည်းနိုင် တဲ့ချစ်သူနှစ်ဦးလေ။ ဇီဗားဂိုးက လာရာကို လူကြမ်းလက်ထဲမတတ်

www.burmeseclassic.com

www.burmeseclassic.com


သာလို့ ပြန်ထည့်လိုက်ရတဲ့ အခန်းများ ကိုကိုလွင်တောင် မျက်ရည်ဝဲတယ်”

“တော်စမ်းပါ၊ ဘာကောင်းတာလဲ။ ကိုယ်လေးလက်ဝန် ကြီးနဲ့ မယားကို ခေတ်ပျက်ကြီးထဲ ပစ်ထားပြီး သူများရဲ့ အမြှောင် မယားနဲ့ မျောက်ဇာတ်ခင်းတာ ဘာအချစ်လဲ။ အချစ်ဆိုတဲ့ စကားကို ကိုကိုလွင် ပေ့ါပေ့ါမပြောစမ်းပါနဲ့”

ကြွေ ဘာကြောင့် ဒါလောက် ဒေါသတကြီး ပြောခဲ့ရတာလဲဟု သူ နားမလည်နိုင်ခဲ့ပေ။ ပြီးတော့မှသာ ကြွေ၏ ‘အချစ်’ ဆိုသည်ကို သူ ပြုံးမိသည်။ အတွေ့မပါတဲ့ အငွေ့ချစ်ကိုသာ ကြွေ ဆိုလိုတာ ထင်ပါရဲ့။

ဩော်… စိတ်ကူးယဉ်တဲ့ ကြွေ။

“တကယ်တော့ ဒီကားရဲ့ ရည်ရွယ်ချက်ကိုက မရိုးဘူး”

ဘုရားရေ…

မိန်းမနဲ့ နိုင်ငံရေး ဘာဆိုင်လို့တုန်း။ နေနှင့်ဦး လက်ထပ်ဖြစ်ရင် ကြွေ့ကို စာအုပ်တွေနှင့် ခွဲခွာပစ်ရဦးမည်။

ကြွေ့ကိုမိန်းမဆန်လာဖို့ တော်တော်ပြုပြင်ရလိမ့်ဦးမည်ဟု သူ တွေးခဲ့သည်။ ထိုအခိုက်မှပင် ကြွေက သူ့စာအုပ်စင်မှ စာတစ်အုပ်ကို ရွေးထုတ်ကာ…

“ရော့၊ ကိုကိုလွင် ပြန်ရင်ယူသွား၊ ဖတ်ကြည့်”

သူပြောတဲ့ နိုင်ငံရေးဆိုတာတွေ ပါလိမ့်မည် ထင်သည်။

“ကိုကိုလွင်က ဆရာဝန်ပါ ကြွေ၊ နိုင်ငံရေးသမား မဟုတ်ဘူး”

www.burmeseclassic.com

www.burmeseclassic.com


နောက်ဆုံးမှာ မာမာထန်ထန်ပင် သူပြောပစ်လိုက်သည်။

ထိုအခါ ကြွေ့အပြုံးကို သူမြင်ရသည်။ အပြုံးထဲမှာ အထင်သေးခြင်းတွေ များစွာပါကြောင်း ခံစားသိမှတ်လိုက်ရ သည်။

သူတို့ချင်း မာနကြည့်ဖြင့် အတန်ကြာအောင် ကြည့်မိခဲ့ကြသည်။ ဘယ်သူကမှ အလျှော့မပေးခဲ့ကြ။

"ဟုတ်ပါတယ်၊ ကိုကိုလွင်က ဆရာဝန်မှ နိုင်ငံခြားပြန်အထူးကုသမားတော်ကြီးဆိုတာ ကြွေသိတာပေါ့။ ဒါပေမယ့် ကြွေကတော့ ကိုကိုလွင့်ကို ဇီဗားဂိုးလို ဆရာဝန်မျိုးမဟုတ်ဘဲ 'နော်မန်ဗက်သွန်း'တို့၊ 'ဒေါက်တာလွိုက်ဇာ'တို့လို ဆရာဝန်မျိုးဖြစ်စေချင်တာ"

ကြွေ့အသံက ဝမ်းနည်းဟန်ပါနေသည်။ သူ နည်းနည်းစိတ်ပြေသွားကာ ခက်ပါလားဟု ညည်းမိသည်။ ကြွေ ရွက်ပြလိုက်သော နာမည်တွေကို သူ သိသားပဲ။ ကြွေဟာ တော်တော်စိတ်ကူးယဉ်ပြီး သူရဲကောင်းဆန်ချင်တာပဲ။ လက်တွေ့ဘဝမှာ ဒါမျိုးတွေ ဘယ်နှယောက် တွေ့နိုင်လို့တုန်းဟုတွေးကာ စိတ်ပျက်လက်ပျက်ဖြစ်လာသည်။

သို့သော်လည်း ထိုသို့စိတ်ပျက်လက်ပျက်ဖြစ်သည့်ကြားကပင် ကြွေသည် သူ့အပေါ် လွှမ်းမိုးစပြုလေပြီကိုလည်း သိလိုက်လေသည်။

ကြွေနှင့် တွေ့ဆုံရခြင်းကို သူပိုလို့ စိတ်ဝင်စားလာသည်။ ကြွေ

www.burmeseclassic.com

www.burmeseclassic.com


သည် သူ့ကို မငြင်းပယ်သေး။ သို့သော်လည်း မလိုက်လျောသေး။ ကြွေ့ကို သူနှင့်အတူ ရုပ်ရှင်ကြည့်ဖို့ ချိန်းလို့မရ။ ညနေခင်း အပျင်းပြေ လမ်းလျှောက်ထွက်ဖို့ပင် ခေါ်လို့မရ။ သူ့ကို ကြွေ ဘာကြောင့် မလိုက်လျောနိုင်သလဲဟု သူ တွေးတောစ ပြုလာသည်။ ကြိမ်ဖန်များစွာမှာတော့ အလကား မူနေတာပါဟုသာ တွေးဖြစ်သည်။ သူ့ကိုယ်သူ ယုံကြည်မှုကို ဘာကြောင့် လျှော့ချရမလဲ။ တစ်ခုလည်း ဖြစ်နိုင်သေးသည်လေ။ အခြားသော အမျိုးသမီးများ၏ လိုက်လျောမှုအကြောင်းကို ကြွေ့အား သူက ပြောပြတတ်ခဲ့လေရာ 'ကြွေတို့ကတော့ အဲဒီအစားထဲကမဟုတ်ပေါင်'ဟု သူ့ကိုယ်သူ တန်ဖိုးမြှင့်ပြချင်လို့လည်း ဖြစ်နိုင်သည်ပင်။

တစ်ခါကတော့ ရလာသော အခွင့်အရေးကို လက်မလွှတ်တမ်းယူကာ ကြွေ့အား အပြင်သို့ ခေါ်ထုတ်ခဲ့ဖူးသည်ကို အမှတ်ရနေသည်။ မျက်စိအားနည်းကာ အဝေးမှုန်ဖြစ်စပြုလာသော ကြွေ၌ မျက်စိစမ်းသပ်ဖို့ကိစ္စတစ်ရပ် ပေါ်လာခဲ့သည်။

"အီးအင်တီမှာ ကိုကိုလွင်နဲ့ ကျွမ်းတဲ့ မျက်စိအထူးကုတွေ ရှိတယ်ကြွေ၊ စမ်းသပ်ခလည်း မပေးရပါဘူး။ မျက်မှန်ဆိုင်မှာ လည်း ကိုကိုလွင့် အသိရှိပါတယ်"

ကြွေသည် သူ့ အကူအညီကို သိပ်စဉ်းစားမနေဘဲ ယူလိုက်တော့ သူအလွန်ဝမ်းသာ တက်ကြွသွားခဲ့သည်။ ကြွေ့ကို ဆေးရုံသို့ ခေါ်ဆောင်သွားသည့်နေ့က သူ့စိတ်တွေ မကြုံစဖူး လှုပ်ရှားကာ ပျော်ရွှင်နေမိသည်။ ကြွေကတော့ အေးဆေး

www.burmeseclassic.com

www.burmeseclassic.com


ငြိမ် သက်စွာပင် လိုက်ပါလာသည်။ မိန်းမလှကလေးပေါင်း များစွာကို ဘေးမှာထားကာ သွားခဲ့ဖူးပေါင်းလည်းများပြီ။ ကြွေ့လောက်ပင် ခက်ခက်ခဲခဲ ခေါ်ထုတ်မနေရ။ ထိုစဥ်အခါများကတော့ ယခုလောက် မလေးနက်မိဖူးပေ။ ရှားပါးခြင်းသည် တန်ဖိုးတစ်ရပ် ဆိုသည်ကို သူပိုလို့ ယုံလာသည်။ ဘာပဲဖြစ်ဖြစ် သူသည် ဇနီး မယား သမီး သားတို့နှင့် တင့်တယ် တည်ငြိမ်နေဖို့ ကောင်းပြီဖြစ်သော သူ၏ အသက်သုံးဆယ်ကျော် အရွယ်ကို မပြတ်သတိရရင်း သူ့စိတ်ကြိုက် လက်ရွေးစင်တစ်ယောက်ကို ရွေးချယ်ရင်းပင် ကြွေသည် သူ၏ နံပါတ်တစ်နေရာကို ရမှန်းမသိရလာပြီ ဖြစ်ကြောင်း သူသိနေသည်။

ထိုနေ့က သူ့မှာ သတိဝီရိယတွေ ထားနေရသေးသည်။ သူ့ကို သိနေကျ မျက်လုံးပေါင်း များစွာက အကဲခတ်ကြည့်ကြည့်လျက် ရှိသည့်ကြားမှ သူ့မှာတော့ ကြွေ့မျက်လုံးများကိုသာ စောင့်ကြည့်နေခဲ့ရသည်။ သူနှင့် ရင်းနှီးသော စစ်စတာကြီး နှစ်ဦးက ကရင်သံဝဲဝဲနှင့် သူ့ကို လာနှုတ်ဆက်ကာ ကြွေ့ဘက်ကို မျက်လုံးဝဲကြည့်တော့ သူက...

"ဒါ ကျွန်တော့် သတို့သမီးလောင်းလေ"ဟု အင်္ဂလိပ်လို ခပ်တည်တည် ကြွေးကြော်လိုက်လေသည်။ ပြီးတော့ သည်လို ပြောဖြစ်လိုက်သည်ကို သူ့ဘာသာ အံ့သြနေသည်။ သူသည် သူ့ဘာသာ မသိဘဲ ဆုံးဖြတ်ပြီး ဖြစ်နေသည်။ စစ်စတာကြီးတွေက အံ့သြဝမ်းသာဟန်ဖြင့် သူတို့ရင်ဘတ်ကိုသပ်ကာ...

"အို... ဟုတ်လား၊ ကွန်ကရက်ကျူလေးရှင်း ဒေါ်တာ။ ဒီတစ်ခါတော့ ကျွန်မတို့ တကယ် စားရတော့မှာနော်"ဟု

www.burmeseclassic.com

www.burmeseclassic.com


ဘွင်းဘွင်းကြီးပြောနေစဉ် သူတို့အနားက အမြန်ဆုံး ခွာသွားဖို့ သူ သတိရသည်။ ကြွေကတော့ သူပြောလိုက်သော အင်္ဂလိပ်စကားကို ကောင်းစွာ နားလည်ဟန်မရှိဘဲ သူနှင့် စစ်စတာကြီးတွေကို ကြောင်စီစီကလေး ကြည့်နေရှာသည်။ ထိုစဉ်မှာပဲ သူနှင့် တစ်ခါနှစ်ခါလောက် ဒိတ်လုပ်၍ ထွက်ဖူးသော အနီဝတ်လေး တစ်ယောက်က သူ့လက်မောင်းကို ခါတိုင်းလိုပင် ရင်းရင်းနှီးနှီး လာပုတ်သည်။

"သိပ်ဟုတ်နေပါလား ဆရာကြီးရဲ့"

ကြွေ့ရှေ့မှာ ကြွေ့ဆည်ထားလျက်က သူ နည်းနည်း မျက်နှာပျက်ခဲ့သည်။ ကြွေ့မျက်နှာပေါ်မှာ အပြောင်းအလဲကို မတွေ့ရတော့မှ သူ စိတ်အေးသွားသည်။ ပြီးတော့ သည်လို စိုးရိမ်ပူပန်မိသည်ကိုပင် ကိုယ့်ကိုကိုယ် မကျေမနပ်ဖြစ်ရပြန်သည်။ ကြွေသိရော ဘာဖြစ်သေးလဲ၊ စန်းပွင့်တဲ့ မိန်းကလေးတွေ လိုလား အခွင့်အရေးပေးတဲ့ သူ့အခြေအနေကို အမှန်အတိုင်းပဲ ကြွေ သိမထားသင့်ဘူးလား။ သူ့အတွေးကို သူပြန်ပြင်ပြန်လေသည်။ ဟုတ်သည် သည်အတိုင်းပင် ကြွေ လက်ခံရမည်။ ပြီးတော့ သူ့အပေါ် ခွင့်လွှတ်လျစ်လျူရှုဖို့ပင်။

ဒေါက်တာသောင်းကျော်လွင်၏ ဘဝ နှင့် ခံယူချက်ကို သောင်းကျော်လွင်၏ နံပါတ်တစ်သည် နားလည်ပြီး ဖြစ်ရပေမည်။

သူ့အတွေးဆုံးတော့ သူ့မိတ်ဆွေ မျက်စိပါရဂူ၏ အခန်းဝသို့ ရောက်လာသည်။ ခုချိန်မှာ သူ့ကိုသာ ကြွေ အားထားနေ

www.burmeseclassic.com

www.burmeseclassic.com


ရပြီရယ်လို့ မော်ကြွားတက်ကြွစွာ အခန်းတွင်းသို့ စွတ်ဝင်လိုက်သည်။ ကြွေသည် သူ့နောက်က ရုတ်တရက် လိုက်မဝင်ပေ။

"လာလေ ကြွေ၊ ဘာလုပ်နေတာလဲ"

ကြွေ့မျက်နှာမှာ စိတ်အိုက်နေပုံမျိုး၊ မှုန်သိုးသိုးဖြစ်နေသည်။ ပြီး ခပ်ကုပ်ကုပ်ပဲ ဝင်လိုက်လာသည်။ အခန်းထဲမှာတော့ တိုကင်ပြားကလေးတွေ ကိုင်လျက် ထိုင်စောင့်နေသော လူနာဆယ့် လေးငါးယောက် ရှိနှင့်နေသည်။ သူက ထိုလူနာများ ကို အမှုမထားဘဲ ဖြတ်ကျော်ကာ ဆရာဝန်ရှိရာအတွင်းခန်းထဲသို့ လှမ်းဝင်ဖို့ပြင်သောအခါ ကြွေကတော့ ထောင့်တစ်နေရာက တန်းလျားလွတ်ပေါ်သို့ ဝင်ထိုင်လိုက်သည်။ ကြွေ့ကို သူ စိတ်မရှည်နိုင်ခဲ့ပေ။

"ဆရာဝန်က အထဲမှာ ကြွေရဲ့။ လာ တစ်ခါတည်း ဝင်စမ်းမယ်"

"ဒီလူတွေ ကုန်တော့မှ ဝင်တာပေါ့ ကိုကိုလွင်"

"ဘာဖြစ်လို့လဲ ကြွေ"

"ကြွေ ကြားက မဖြတ်ချင်ဘူး"

"ခက်ပါလား၊ ကြွေ့ကို ဘယ်သူက ဘာပြောမှာမို့လဲ"

"မျက်လုံးတွေနဲ့တော့ ကြည့်ကြမှာပေါ့။ အဲဒါက ပိုအခံရခက်တယ်"

"ကြည့် ကြည့်ပေါ့။ ပွဲပါသွားတာမှတ်လို့။ ကိုယ်အရင်ရဖို့သာလိုတာ။ နို့မို့ရင် ကြွေ သိပ်စောင့်နေရလိမ့်မယ်"

"ကြွေ စောင့်ပါ့မယ်။ ကိစ္စမရှိပါဘူး"

www.burmeseclassic.com

ကြွေသည် ဘာမဟုတ်တာကလေးကိုပင် ခေါင်းမာနေခဲ့သည်။ သူ စိတ်ပျက်ကာ ဒေါသလည်း ထွက်သွားသည်။ ဒါဖြင့်ရင် သူ့အကူအညီကို ဘာကြောင့် ယူသေးလဲ။ သူ့လုပ်ပိုင်ခွင့် တွေကို အသိအမှတ်မပြုတဲ့ သဘောလား။

"ကြွေ သိပ်ကလေးဆန်တာပဲ။ နေရာတကာမှာ ဒီလိုပဲ ကိုယ့်လုပ်ပိုင်ခွင့်နဲ့ကိုယ်ရှိကြတာပဲ ကြွေရဲ့။ လုပ်လည်းလုပ်နေကြတာပဲ။ အဆန်းမှ မဟုတ်တာ"

"လုပ်ပိုင်ခွင့်ရတိုင်း မလုပ်ချင်ပါဘူး။ လုပ်သင့်မှ လုပ်တာကောင်းတာပေါ့ ကိုကိုလွင်။ အခွင့်ထူးခံ လူတန်းစားလည်း မဖြစ်ချင်ပါဘူး"

"နေရာတကာ သူတော်ကောင်းဆန်ချင်နေရင် ငတ်သွားမှာပဲ ကြွေ။ အခုဥစ္စာက အားနာစရာလည်း မလိုဘူး။ လူတိုင်း ဒီလိုဝင်ခွင့်ရှိတာလည်း မဟုတ်ဘူး။ ကိုကိုလွင့် မိတ်ဆွေမို့သာ"

"ဒါပေမယ့် ဒါပြည်သူ့ဆေးရုံပဲ ကိုကိုလွင်"

စကားစစ်ထိုးပွဲကလေးသည် အတန်ပင် ရှည်ကြာနေခဲ့သည်။ သူ့မိတ်ဆွေ ဆရာဝန်ထွက်လာပြီး သူတို့ကို လှမ်းမြင်၍ ခေါ်လိုက်တော့မှ စစ်ထိုးပွဲပြီးတော့သည်။ ကြွေလည်း မျက်နှာအိုအိုနှင့် ထလိုက်လာသည်။ ကဲ နောက်ဆုံးတော့လည်း ဒီလို လုပ်တာပဲ မဟုတ်လား။ သက်သက် လူစွမ်းကောင်းလုပ်ပြနေတာဟု ကြွေ့ကို ချဉ်တင်တင် ရှိလာသည်။ ပြီးတော့ စိတ်ထဲမှာ နည်းနည်းမှ မကောင်းနိုင်ခဲ့ပေ။ ကြွေ့ကို သူ စိတ်ကောက်နေကြောင်း သိသာသွားအောင် အပြန်မှာ ကြွေ့အား လိုက်မပို့တော့။

www.burmeseclassic.com

www.burmeseclassic.com


"ကိုကိုလွင် ဒီမှာ ကိစ္စကလေးတစ်ခုရှိသေးတယ်။ ကြွေ ပြန်ချင်ပြန်တော့"

သူကောက်နေတာကို ကြွေသိနိုင်သည်ဟု တွက်ခဲ့သည်။ ဒီလို အကြောင်းကလေး ပြလိုက်မှပဲ အခုကတည်းက ကိုယ်ကချည်း လိုက်လျှောနေရတာမျိုး မဖြစ်ချင်ပေ။ ကြွေက တစ်ပြန်တလဲ လိုက်လျှောတာမျိုးကိုလည်း သူလိုချင်သေးသည်။ သူကောက် မှန်းသိလျက် ကြွေက ပျော့ပျောင်းလာကာ သူ့ကို ပြန်လို့ ချော့ စေချင်သည်။

"အို… ကြွေ စောင့်နေမှာပေါ့။ ပြီးမှ အတူပြန်မယ်လေ။ ကိုကိုလွင် လိုက်ပို့ပေးရမှာပဲ"ဟု အန္တွံ့ခံချင်သေးသည်။ သို့ မဟုတ်လည်း သူ့ကို မျက်စောင်းထိုးကာ၊ ခြေဆောင့်ကာ၊ ဒေါ နှင့်မောနှင့် ကြွေ ထွက်သွားတာကို မြင်ချင်သည်။ သို့သော် ကြွေ သည် သူက ပြန်ချင်ပြန်တော့ဟုဆိုသည်နှင့် ရုတ်ခြည်း ထပြန် လေသည်။ လွတ်ပြီ ကျွတ်ပြီ ဟူသော သဘောမျိုးနှင့် မျက်နှာ ကလေးပင် ကြည်လင် သွားလိုက်သေးသည်။ သူ့ကိုလည်း ကျေးဇူးတင်ကာ လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်လိုက်သေးသည်။ ကဲ ဘယ်လောက်များ ခက်လိုက်တဲ့ မိန်းကလေးပါလဲ။ ကြွေနှင့် ပတ်သက်ပြီး စိတ်မောစရာတွေ အများကြီး တွေ့ရလိမ့်ဦးမည် ဟုလည်း သူ စိတ်လေးစွာ သက်ပြင်းချခဲ့ရသည်။

နောက်ပိုင်းမှာတော့ သူ တွေးပူမိသလောက် ကြွေနှင့် ပဋိပက္ခ

www.burmeseclassic.com

www.burmeseclassic.com


မဖြစ်လှတော့ချေ။ တစ်ကြိမ်တည်းသာ အဖုအထစ် ကလေး ဖြစ်သွားရသည်ဟု ဆိုနိုင်မည်။ ဒါကလည်း သူ ဆန္ဒစောသွား၍သာ ဖြစ်ရသည်ဟု သူ့ကိုယ်သူ အပြစ်တင်လိုက်သည်။

တစ်ညမှာ လမ်းကြုံသည်နှင့် ကြွေတို့အိမ်သို့ သူရောက်သွားသည်။ စာဖတ်နေသော ကြွေ့ကို ခဏပဲဖြစ်ဖြစ် သွားနှောင့်လိုက်ဦးမည်ဟု ကြံရွယ်ကာ ရည်ရွယ်ချက်မဲ့ လှည့်ဝင်ခဲ့ခြင်းလည်း ဖြစ်သည်။ အိမ်ရောက်တော့ ကြွေ စာဖတ်မနေ။ အသင့်ဝတ်စားကာ အပြင်ထွက်မည့်ဟန် ပြင်ထားသည်။

"ဘယ်သွားမလို့လဲ ကြွေ"

သူ့ကိုမြင်တော့ လာနေကျအချိန်မဟုတ်သဖြင့် ကြွေ အံ့သြသွားသည်။

"အဆောင်က ကြွေ့သူငယ်ချင်းတစ်ယောက်ကို ဒီည မန္တလေး အမြန်ရထားနဲ့ သူ့မြို့ကို ခဏပြန်မလို့ ကြွေက လိုက်ပို့ပေးမလို့လေ အခုပဲ ဘူတာဆင်းကြတော့မလို့"

ထိုအခါတွင်မှ ဧည့်ခန်းကုလားထိုင်တွင် ထိုင်နေသော ညိုညို မြင့်မြင့် မိန်းကလေးတစ်ယောက်ကို မြင်မိတော့သည်။ မိန်းကလေး၏ ရှေ့မှာ ခရီးဆောင် လက်ဆွဲသေတ္တာတစ်လုံးနှင့် ကြိမ်ခြင်းတောင်းကြီးကြီးတစ်လုံး ထုပ်ပိုးချည်နှောင်၍ ချထားသည်။

"ကိုကိုလွင့်ကို စောစောက ကြိုပြောထားရောပေါ့ ကြွေရယ်။ ကိုကိုလွင် ကားယူခဲ့မှာပေါ့။ ခုတော့ ခဏပဲဆိုပြီး ဒီအတိုင်းထွက်လာတာ"

ကြွေက ဘာမှပြန်မပြောဘဲ ပြုံးနေလေသည်။ ကြွေသည် သူ့ကိစ္စများအတွက် မိမိအား ဘယ်တော့မှ အပူကပ်လေ့ မရှိ

www.burmeseclassic.com

www.burmeseclassic.com


တတ်တာကို သူ မကျေနပ်ပေ။ ကြွေ့မေမေ ဒေါ်ဒေါ်စောကတော့ သူ ရောက်လာခြင်းအတွက် ဝမ်းသာသွားကာ…

“မောင်လွင် ရောက်လာတာ အတော်ပဲဟေ့။ အပြန်မှာ သမီးတစ်ယောက်တည်း ဖြစ်နေမှာမို့ ဒေါ်ဒေါ်လိုက်မလို့ ခုတော့ မင်းပဲ မင်းနှမတွေကို လိုက်ပို့ပေးပါကွယ်”ဟု ပြောလေသည်။

ကြွေ့မျက်နှာကို သူကြည့်တော့လည်း ကန့်ကွက်ဟန်ကို မမြင်ပေ။ ပထမဆုံးအကြိမ်အဖြစ် ညအချိန်မှာ ကြွေနှင့် အပြင်ထွက်ခွင့်ရခြင်းပင်တည်း။ ဘူတာမှာ အစစအရာရာပြီးစီးအောင် သူကပင် ဆောင်ရွက်ပေးလိုက်ရသေးသည်။ အားလုံး နေသားတကျရှိတော့မှ ကြွေက သူငယ်ချင်းမကလေးနှင့် သူ့ကို မိတ်ဆက်ပေးသည်။

BURMESE CLASSIC .com

“ဒေါက်တော သောင်းကျော်လွင်၊ နှလုံးအထူးကုသမားတော်ကြီး”ဟု ကြွေက ခပ်နောက်နောက်ပင် ဆို၏။ ဘာလို့ ‘ကြွေ့ရဲ့ ကိုကိုလွင်” လို့ မပြောသလဲဟု သူ ဘဝင်မကျ။ မိန်းကလေးကတော့ သူ့ကို ခပ်ရို့ရို့ပြုံးကာ ခေါင်းညိတ်၍ အသိအမှတ်ပြုလေသည်။ ကြွေ့လို ခပ်ရိုးရိုး ပုံတုံးတုံးကလေးပါပဲ။ ဟိတ်ဟန်မရှိသော ပုံရိုးကလေးကိုမြင်တော့ သနားသွားသလိုရှိကာ မိန်းကလေးဘက်သို့ လက်ယာလက်ကို ကမ်းပေးလိုက်သည်။ ကြွေတို့နှစ်ယောက်လုံး ကြောင်သွားကြသေးသည်။ ပြီးမှ မိန်းကလေးက ရှက်ရွံ့ရွံ့မျက်နှာပေးဖြင့် သူ့လက်ကလေးကို ထွေး၍ ပေးရှာသည်။

www.burmeseclassic.com

www.burmeseclassic.com


မျက်နှာ ဖြူဖပ်ဖြူလျော် ဖြစ်နေသော မိန်းကလေး၏ လက်ကို သူက ရဲရဲတင်းတင်းပင် ဆုပ်ကိုင်ကာ လက်ဆွဲ နှုတ်ဆက်နေစဉ် 'အမယ်လေးဟဲ့၊ တက္ကသိုလ်ကျောင်းသူ လုပ်နေပြီးတော့' ဟု သူ့စိတ်ထဲက ရယ်ချင်နေသေးသည်။ တစ်ချိန်တည်းမှာပင် သူ့ကို သရော်ပြုံးဖြင့် ကြည့်နေပြီဖြစ်သော ကြွေ့မျက်နှာထားကိုလည်း မသိယောင် ဆောင်လိုက်သည်။ ကြွေ့ကို သည်လို ကလိလိုက်ရသည့်အတွက်လည်း ဝမ်းသာနေသည်။

"သင်းသင်းရေ၊ ဘယ်လိုမှ မအောက်မေ့နဲ့နော်။ ဒီ ဒေါက်တာကြီးက 'နိုင်ဂျန်ဂါး' အဲ အဲလေ နိုင်ငံခြားက ပြန်လာတာ မကြာသေးတော့ အကျင့်ပါနေလို့ပါ"

ကြွေသည် သူ့သူငယ်ချင်း၏ ပခုံးကိုဖက်ကာ မဲ့မဲ့ရွဲ့ရွဲ့ ပြောလိုက်သည်။

"ကိုကိုလွင့်လက်ကို စင်စင်ဆေးလာရဲ့လား"

သူ့ကိုလည်း လှမ်း၍ ရိလိုက်သေးသည်။ သူက ခပ်ပေ့ါပေ့ါပင် ရယ်ပြလိုက်ရသည်။ သို့သော် ကြွေ့ မျက်လုံးများကိုတော့ သေချာစွာ စူးစမ်းကြည့်မိသည်။ ကြွေ မနာလို ဖြစ်နေပြီလား။ သူလည်း မိန်းမတစ်ယောက်ပဲ။ ပြုံစူတတ်တာဟာ မနာလိုခြင်းပေ့ါဟု သူ တွေးသည်။

ရထားထွက်သွားပြီး သူနှင့် ကြွေလည်း မိုးပျံတံတားကြီးပေါ်မှ ဖြတ်ကာ ပြန်ခဲ့ကြသည်။ သူ့စိတ်ထဲမှာ ပျော်နေသည်။ ကြုံတောင့်ကြုံခဲ အခွင့်အရေးပဲဟု သူသိသည်။ ကြွေကတော့ ခပ်အေးအေး ခပ်သွက်သွက်ပင် သူ့ဘေးမှ လျှောက်လိုက်လာသည်။ ကြွေ့ကို သူချက်ချင်း ပြန်မပို့ချင်ခဲ့ပေ။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


"စောပါသေးတယ် ကြွေရယ်၊ အခုမှ ရှစ်နာရီသာသာ ရှိသေးတာ။ အအေးတစ်ခုခု သောက်ကြရအောင်နော်"

"ပြန်ကြပါစို့ ကိုကိုလွင်၊ အိမ်မှာ မေမေတစ်ယောက်တည်း၊ ကြွေလည်း စာကျက်ချင်သေးတယ်"

သူ သက်ပြင်းချလိုက်သည်။ မာကျူရီ မီးတိုင် ဖွေးဖွေးအောက်ရောက်တိုင်း ကြွေ့တစ်ကိုယ်လုံး ခရမ်းပြာ ဖျော့ဖျော့အရောင်သို့ ပြောင်းပြောင်းသွားပုံကို သူငေးကြည့်ရင်း မချင့်မရဲဖြစ်လာသည်။ ယူကေမှာတုန်းက အဖြူမကလေးနှင့် ကပွဲရုံတွေမှာ ညလုံးပေါက် ကြည်မွေ့ခဲ့ပုံကို ပြန်လည်တသ အောက်မေ့လာသည်။ ယစ်ရွှေရည်ကို တစ်ကျိုက်မော့လိုက်၊ တေးအငြိမ့်မှာ အဖြူမကလေးကို ရင်ခွင်ဝယ်ပွေ့ရင်း တစ်ကြော့ကလိုက်၊ ပြီး အိမ်အပြန်လမ်းပေါ်မှာ တစ်ယောက်ခါးတစ်ယောက်ဖက်လျက် လူရှင်းသော လမ်းထောင့်ချိုးတွေရောက်တိုင်း ခြေဖျားထောက်ကာ သူ့လည်တိုင်ကို ရီလေးခိုလာတတ်သော အဖြူမကလေးနှင့် နှင်းဆီငုံ နှုတ်ခမ်းကလေးကို...

သူ့ကိုယ်တွင်းမှ သွေးများ ပူနွေးစပြုလာကြသည်။ သူ လျှောက်နေသော ဗိုလ်ချုပ်လမ်းကို လန်ဒန်ရဲ့ လမ်းမကြီးတစ်ခုသာ ဖြစ်လိုက်ပါတော့ဟု တောင့်တမိ၏။ သူ့မှာ ကားပါလာလျှင်လည်း အကောင်းသားပင်။ သူ့ကိုယ်သူ ကျိန်ဆဲမိပြန်သည်။

"ဆူးလေဘက်အထိ ဆင်းသွားမယ်လေ၊ အဲဒီမှာ ကားပေါတယ် ကြွေ၊ မြန်မြန်ပြန်ရတာပေါ့"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


မဟာဗန္ဓုလပန်းခြံဘက်သို့ သူ့စိတ်အတွေးက ကျော်၍ ရောက်သွားသည်။ မဟာဗန္ဓုလသည် 'ဟိုက်ပတ်' ဥယျာဉ် လောက် မကျယ်သော်လည်း သူတို့နှစ်ယောက်အား လုံအောင် ဖုံးကွယ် ထားနိုင်မည့် သစ်ပင်ရိပ်တွေ များစွာရှိသည်လေ။ သစ် ရိပ် တွေကြားထဲအရောက်မှာ ကြွေ့ကို သန်မာသော သူ့လက် ချောင်း များဖြင့် ရစ်ပတ်တွယ်ပတ်ကာ သရော်သလို ပြုံးတတ်သော ကြွေ၏ ခပ်စွာစွာနှုတ်ခမ်းတို့ကို ဒဏ်ခတ်ရဦးမည်။ ကြွေ ဖတ်နေ သော စာအုပ်တွေထဲ ရှာတွေ့နိုင်မည် မဟုတ်သည့် အချစ် အကြောင်း ကြွေ့ကို လက်တွေ့သင်တန်းပေးရဦးမည်။ ထိုအခါ အေးစက်သော ကြွေသည် သွက်လက်လာလိမ့်မည်ဟု ထင်ရ သည်။

BURMESE CLASSIC .com

အတွေးမဆုံးခင်မှာပင် သူ့ဘာသာ မသိလိုက်ဘဲ ကြွေ့ ပခုံးကို သူ့လက်တစ်ဖက်ဖြင့် သိုင်းဖက်မိလျက်သား ဖြစ်သွားသည်။ ကြွေသည် လမ်းလျှောက်နေရာမှ ပြုန်းခနဲ ရပ်ပစ်လိုက်သည်။ ထို အခါ သူ့ကိုယ်မှာ ရှေ့သို့ အနည်းငယ် လွန်သွားသည်။ ကြွေ့ မျက်နှာမှာ များစွာပျက်နေသော ဒေါသဖြင့် သူ့ကို ခပ်စိမ်းစိမ်း စိုက်ကြည့်နေသည်။ သူက အသာအယာပင် ခပ်ပေါ့ပေါ့ရယ် မော လိုက်ကာ သူ့လက်များကို မရုတ်သိမ်းဘဲ ထားကြည့်သေး သည်။ သည်တော့ ကြွေက သူ့လက်မောင်းကို ခပ်ဆတ်ဆတ် ရိုက်ပုတ် ထုတ်လိုက်ပြီး...

"ဒါ လန်ဒန် မဟုတ်ဘူး"ဟု ဒေါသတကြီး တစ်ခွန်း တည်း ပြောလိုက်လေသည်။ သူ လန့်ဖျပ်ကာ လက်အရှုပ်လိုက်

www.burmeseclassic.com

www.burmeseclassic.com


မှာပင် ကြွေသည် ခမ်းလှမ်းလှမ်းရှိ ကားမှတ်တိုင်သို့ အားကုန်သုတ်၍ ပြေးသွားကာ ထွက်စပြုနေပြီဖြစ်သော ဟီးနိုးကားတစ်စီးပေါ်သို့ ခုန်တက်လို၏။

"ကြွေ... ကြွေ နေဦးလေ"

သူ ပြေးလိုက်ရမှာ ရှက်နေစဉ် ဟီးနိုးကားကာ ဘီးလှိမ့်ကာ ထွက်ခွာသွားသည်။

ထိုမှစ၍ ကြွေသည် နေ့ဖြစ်စေ၊ ညဖြစ်စေ သူနှင့်အတူ အပြင်သို့ မထွက်တော့ပေ။ သို့သော် ခါးသီးစွာ ငြင်းဆန်ခြင်းမျိုး မဟုတ်ဘဲ လိမ္မာပါးနပ်စွာ ရှောင်ကွင်းပုံမျိုးဖြင့်သာ ကြွေက တုံ့ပြန်လေသည်။ သူ့ကိုတော့ ဖော်ရွေ ပျူငှာစွာ ပြောဆိုဆက်ဆံပြီး သူကလည်း 'နေနှင့်ဦး'ဟု ချိုသွေးထားရပြန်သည်။ ကြွေ့ကိုမူ ပိုမိုသတိရတသဖြစ်သည်။ ခပ်ဆတ်ဆတ် သမင်ရိုင်းမ ကလေးအား အမိထောင်ဖမ်းဖို့ ကျော့ကွင်းသစ်ကို သူ စဉ်းစား တွေးတောနေခဲ့လေသည်။

သည်လိုနှင့် ကြွေတို့၏ တက္ကသိုလ် အတန်းတင် စာမေးပွဲများလည်း နီးကပ်လာခဲ့သည်။ သည်နှစ်ပြီးလျှင် ကြွေလည်း ဘွဲ့ရတော့မည်။ ကြွေ့ထံမှ အဖြူအမည်းကို ကွဲပြားစွာ မတွေ့သေးပေမယ့် သူကမူ အပိုင်တွက်ထားပြီး ဖြစ်သည်။ သူ့ကို ကြွေဘာကြောင့် ခေါင်းခါနိုင်မည်လဲ။ အဆုံးမှာတော့ သူ့ပုံ သူ့

www.burmeseclassic.com

www.burmeseclassic.com


ရည်၊ သူ့ဝင်ငွေ၊ ရွှေ့အလားအလာ၊ သူ့လိပ်ခုံးကားနီကလေး ဒါတွေကို အများတကာ မိန်းမတွေလို ကြွေကကော မလိုလားပဲ ရှိမည်လား။

အေးစက်သော ကြွေ့မျက်လုံးများကို အားမရသည်တော့ အမှန်ပင်။ သို့ပေမယ့် မိန်းမဆိုတာ သည်လောက်တော့ စျေးကိုင်မည်ပေါ့ဟု သူ တွေးသည်။ ကြွေ၏ စျေးကိုင်ပုံ ကိုင်နည်းက တခြားမိန်းမတွေနှင့်မတူတာ တစ်ခုပဲ ထူးခြားသည်။ ကြွေ့မှာ မာကျောခြင်းကိုသာ သူတွေ့သည်။ သူ့အပေါ် မလိုက်လျော။ သူ၏ ပြုံပြင်မှုများကိုလည်း ကြွေက ဂရုမစိုက်လှ။ သူ့ကို ဘယ် တော့မှ စလို့မချော့။ စိတ်ကောက်လို့ပင် ကောက်မှန်းမသိ။ ပြီး သူ့အပေါ် စိတ်ကောက်ဟန်လည်း ဘယ်တော့မှမပြ။ သူ့ကို မန္တဲ့၊ မပူဆာ၊ မခရာ၊ ပြီးတော့ အို... သူ့အတွေးကို လွှဲပစ်လိုက် သည်။ ကြွေက ရိုးရိုးအေးအေးသမားမို့သာပါ။ သူ့ကို အားကိုး ရှာသားပဲ။ နေရာထားသားပဲ။ ပြီးတော့ ဖော်ရွေပျူငှာစွာ ဆက်ဆံသားပဲ။ ကြွေက သူ၏ မိန်းကလေးများနှင့် ရောနှောပွန်းတီးလိုသော 'ဇ' ကလေးကိုသာ မကျေနပ်တာ ဖြစ်ချင်ဖြစ်မည်။ ဒါက မနာလို စိတ် လေ။ မနာလိုစိတ်ဆိုတာ အချစ်ပေါ့။ သူ့ကို ကြွေက ချစ်နိုင် မည်မှာမလွဲ။ သူကလည်း အနေအထိုင်ကို ပို၍ ဆင်ခြင်လိုက်ရ ဦးမည်။ ကြွေ့ကိုသာ အချစ်ဆုံးလို့ လိုအပ်လာလျှင် ပြောရဦးမည်။ နောက်ဆုံးမှာ...

"ကြွေရယ် ကိုကိုလွင်တို့ လက်ထပ်ကြပါစို့"ဟု သူပြော လိုက်ရုံသာပင်။ ထိုအခါ ကြွေသည်လည်း ဟန်မဆောင်နိုင်တော့

www.burmeseclassic.com


ဘဲ သူ့အား လက်လွတ်သွားမည်ကို စိုးရိမ်စိတ်နှင့် သဘောတူပေလိမ့်မည်။ သူ့ဝသီအတိုင်း ခပ်တည်တည်နှင့် ခေါင်းညိတ်သော ပုံမျိုးတော့ ဖြစ်ချင်ဖြစ်မည်။

သူသည် ကြွေ့ကိုသာ အပြီးသတ် ရွေးချယ်လိုက်သည်။ ဆရာ့ နှမနှင့် ကတိက မမကို ဘယ်လိုအကြောင်းပြ၍ ခေါက်ရမလဲလို့တော့ အပင်ပန်းခံကာ နည်းနည်းစဉ်းစားရသည်။ သူတို့က အရှည်သဖြင့် ဆက်ဆံသွားရမည့်သူတွေမို့ မိတ်မပျက်ဖို့ လိုပေသည်။ ပြီးတော့ မိုးကုတ်မေ၊ သူကတော့ အနေဝေးသူမို့ မျက်နှာပူစရာ အကြောင်းမရှိလှ။

ဘယ်လိုပဲတွက်တွက် ကြွေ့ဘက်က မဲတွေသာနေသည်။ ရုပ်ရည်နှင့် ပညာသင့်တင့်ပြီးသား ကြွေသည် အသက်အငယ်ဆုံး ဖြစ်နေတာကတစ်ချက်၊ စာရင်းရှုပ်စရာ သားချင်း ဆွေမျိုးကင်းတဲ့ တစ်ကောင်ကြွက်ဘဝကတစ်ချက်၊ ပြီးကြွေတို့ ၏ တစ်ထပ်တိုက်ကလေး၊ သိမ်ကြီးဈေးအထည်ဆိုင်၊ ကြွေ၏ စကားကြီး စကားကျယ်ပြောဟန်၊ ဂျစ်ကန်ကန်စရိုက် ဒါတွေလည်း တစ်ဘာသာ ထူးခြားလို့နေသည်ပင်။ အားလုံးခြုံကြည့်လျှင်တော့ ကြွေ ဘယ်လိုပဲပြောပြော ကြွေ့ ရုပ်ပုံလွှာမှာ သူ သဘောအကျဆုံး “ ဆွန်ညာ” နှင့် အတူဆုံး ဖြစ်နေတော့သည်။

“ကြွေ စာမေးပွဲကိုစိတ်ရှင်းရှင်းနဲ့ဖြေချင်သေးတယ်” ဟု ကြွေက ပြောထားသဖြင့် ကြွေ့ထံ သူ မသွားတော့။ သို့ပေမယ့် စာမေးပွဲ နောက်ဆုံးနေ့မှာ သူလာမည့်အကြောင်း ကြွေ့ထံ

www.burmeseclassic.com

www.burmeseclassic.com


ကြိုတင်ပြောထားနှင့်သည်။ ကြွေကလည်း ခွင့်ပြုသည်။ သည် တော့ သူကတစ်ဆင့်တိုးကာ--

"ဒီလိုလုပ်ရအောင်၊ ကိုကိုလွင် ကြွေတို့အိမ် မလာတော့ဘဲ ကျောင်းကိုလာမယ်လေ၊ ကြွေ့ကို ဟိုက်စွမ်မှာ အဝကျွေးမယ်၊ ပြီးတော့ ကိုကိုလွင်တို့ ရုပ်ရှင်တစ်ပွဲ ကြည့်ကြရအောင်နော်။ စာမေးပွဲဖြေရတာ ဦးနှောက်ကို သိပ်ပင်ပန်းစေတာ၊ ကိုကိုလွင် ကိုယ်ချင်းစာတယ်၊ ကြွေ့ကို အနားယူစေချင်တဲ့ သဘောပါ၊ ကိုကိုလွင့်ကို အထင်မလွဲနဲ့နော်"

"ကြွေတို့ စကားအရင်ပြောကြမယ်လေ၊ ပြီးတော့မှ ကျန်တာတွေ စဉ်းစားကြတာပေါ့နော်၊ ကြွေကလည်း ကိုကိုလွင့်ကို ပြောစရာတွေရှိနေပါတယ်"

သူ့ရင်ထဲမှာရင်ခုန်စပြုလာသည်။

"အခုပြောလိုက်လို့ မဖြစ်ဘူးလား။ ကိုကိုလွင် ကြားချင်လှပြီ ကြွေရယ်"

"အခုတော့ ကြွေ့ခေါင်းထဲမှာ စာမေးပွဲအောင်ဖို့ပဲ ရှိနေတယ်။ သိပ်မှ မကြာတော့ဘဲ။ စောင့်လိုက်ပါနော်"

"ကောင်းပြီလေ။ ကိုကိုလွင်စောင့်ပါ့မယ်။အဲဒီနေ့ကျရင်..."

"ကျောင်းကိုပဲ လာခဲ့ပါ"

သူကျေနပ်သွားလေသည်။ ထိုနေ့မှာ ကြွေတို့ စာမေးပွဲ အချိန်မစေ့ခင်ကပင် သူ ရောက်နှင့်နေသည်။ ကြွေက သူ့ကို အပန်းဖြေရိပ်သာဘက်ဆီ ခေါ်လာခဲ့လေသည်။ အနုပညာခန်း နံဘေးရှိ ကျောက်ခုံများပေါ်တွင် ထိုင်ကြကာ ကြွေက အေးအေး ဆေးဆေး စပြောသည်။

www.burmeseclassic.com

www.burmeseclassic.com


"မေမေ့ကို ကိုကိုလွင့် ဒေါ်လေးတွေကတစ်ဆင့် စကားကမ်းလှမ်းတာ ဘယ်လောက်ရှိသွားပြီလဲဟင်"

"လေးငါးလတော့ ရှိရောပေါ့"

ကြွေက သူနှင့်တွေ့လျှင် ပြုံးနေကျ အပြုံးမျိုးနှင့်…

"ကနေ့ဆိုလျှင် ငါးလနှင့် ၁၂ ရက်တိတိရှိပါပြီ"

"ကြွေက အတိအကျ မှတ်မိတာပဲနော်"

ကြွေ၏ မှတ်မိခြင်းအတွက် သူ ဝမ်းသာနေသည်။

"အဲဒီမတိုင်ခင်က ကြွေတို့ တွေ့ဖူးသိဖူးရုံ ရှိတာနော်။ ဒီနောက်ပိုင်းမှ ရင်းနှီးလာခဲ့ရတာ"

"ဟုတ်တယ်လေ"

"ကိုကိုလွင်နဲ့ ကြွေ ပထမဆုံး တွေ့ကြတဲ့နေ့က ကြွေပြောခဲ့တာတွေရော မှတ်မိရဲ့လား"

သူ ပို၍ ဝမ်းသာလာသည်။ ကြွေသည် နောက်ကြောင်းကို စားမြုံ့ပြန်နေပေပြီ။

"ဆိုပါဦး"

"ကိုကိုလွင်ကလည်း ကြွေ့ကို လေ့လာပါ။ ကိုကိုလွင့်ကိုလည်း ကြွေ လေ့လာပါ့မယ်။ ကိုကိုလွင့်ဘက်က အဖြေရရင်လည်း ချက်ချင်းပြောပြနိုင်တယ်ဆိုတာလေ"

"မှတ်မိပါတယ် ကြွေရဲ့။ ကိုကိုလွင်တို့ချင်း နားလည်မှုရနေကြပြီ မဟုတ်လား။ ဘာပြောစရာလိုသေးလဲ"

သူ့အနည်းငယ် စိုးထိတ်လာကာ ကြွေ့မျက်လုံးတို့ကို စူးစမ်း ကြည့် ကြည့်လိုက်သည်။ ကြွေသည် အခါတိုင်းထက်ပင် အေးဆေး တည်ငြိမ်လျက် ရှိလေသည်။

www.burmeseclassic.com

"ကိုကိုလွင် နားလည်မှုလွဲနေမှာကိုတော့ ကြွေ စိုးရိမ်တယ်။ အခု တစ်ယောက်သဘောကို တစ်ယောက်က ပွင့်ပွင့်လင်းလင်း ထုတ်ပြောကြဖို့ တော်ပြီလို့ ကြွေ ထင်ပါတယ်။ ကြွေ့ ဘက်ကတော့ အဖြေရနေပါပြီ ကြွေ ပြောရတော့မလား"

"ပြောပါ ကြွေ"

ကြွေသည် သူ့မျက်လုံးများကို တည့်တည့်ပင် ရင်ဆိုင်ကာ...

"ကြွေ ဝမ်းနည်းပါတယ် ကိုကိုလွင်။ လူကြီးတွေ မျှော်လင့်ကြသလို ကြွေတို့ မဖြစ်နိုင်ကြပါဘူး"

သူ့ရင်ထဲမှာ အံ့ဩစိတ်နှင့်အတူ ခံပြင်းစိတ်၊ ရှက်စိတ်၊ ဝမ်းနည်းစိတ်တွေ လုံးထွေးကာ တစ်ဟုန်ထိုး ပေါ်လာသည်။

"တစ်ယောက်တည်းက တစ်ဖက်သတ် ဆုံးဖြတ်ချက်ချလို့ ရသလားကြွေ"

သူက စိန်ခေါ်သောအပြုံးဖြင့် တိုက်ပွဲကို စတင်လိုက်လေသည်။

"မရရအောင် ကြွေက ဘာကတိတွေများ ကိုကိုလွင့်ကို ပေးထားလို့လဲ။ ကိုကိုလွင်ကရော ကြွေ့ကို ဘာတွေ စကားလွန်ထားလို့လဲ။ ကြွေနဲ့ ကိုကိုလွင်ဟာ စကတည်းက ချစ်သူတွေမှ မဟုတ်ဘဲ"

"ချစ်သူတွေလို့ ပြောဖို့လိုသေးလို့လား"

"ကိုကိုလွင်ရဲ့ သောကောရောကောစာရင်းထဲ ကြွေကို ပါ ရော မထည့်လိုက်ဖို့တော့ တောင်းပန်ပါရစေ။ အချစ်ဆိုတာ ကိုကိုလွင် ထင်သလို ပေါ့ပေါ့ကလေးဖြစ်လာတာ မဟုတ်ပါဘူး

www.burmeseclassic.com

www.burmeseclassic.com


ကိုကိုလွင်ရယ်။ ကိုယ်နဲ့အပြင်ကို တစ်ခါနှစ်ခါ လိုက်ဖူးရုံ၊ ကိုယ့်ကို ပျူငှာချိုသာစွာ ဧည့်ခံစကားပြောရုံနဲ့ ဒီမိန်းမ ငါ့ကို ကျနေပြီလို့ မထင်လိုက်ပါနဲ့။ အရှင်းကြီးပဲ။ ကြွေတို့နှစ်ယောက်ကြားမှာ ဘာအနှောင်အဖွဲ့မှ မရှိခဲ့ကြဘူး”

သူ ပြုံးသည်။ တန်တော့ ကြွေ စကားခေါ်နေတာပဲ ဖြစ်ရမည်။ ငါ့နှယ်နော်။ မေ့တတ်ရန်ကော။ ဟုတ်တာပေါ့။ ဘယ် မိန်းမမဆို တရားဝင် ပွင့်ပွင့်လင်းလင်း ချစ်ရေးဆိုတော့ ခံချင်ကြတာချည်းပဲ။ သူတို့ကို ချစ်လှချည်ရဲ့၊ စွဲလမ်းလှချည်ရဲ့လို့ ပြောလေသဘောကျလေပဲ။ ငါကလည်းငါပါပဲ။ အစောကတည်းက ပြောဖို့ သတိရ လျက်သားနဲ့။ ကြွေ ရောင့်တက်သွားမှာစိုးလို့ တမင် မပြောဘဲ နေခဲ့မိတာ။ အချိန်ဆွဲလွန်သွားပြီ ထင်ပါရဲ့ဟု ကမန်းကတန်း သူ တွေးကြည့်သည်။

“ကိုကိုလွင့်ဘက်ကလည်း ပြောစရာရှိနေတယ် ကြွေ။ အမှန်တော့ ပြောဖို့ မလိုဘူးထင်လို့ မပြောဘဲ ကြွေ နားလည်နိုင်လိမ့်မယ်ထင်လို့ မပြောခဲ့တာ။ ကိုကိုလွင် လိုသွားရင် တောင်းပန်ရမှာပဲ။ တကယ်တော့ ကြွေ့ကိုလေ ကိုကိုလွင် မြတ်မြတ်နိုးနိုးကို ချစ်ပါတယ် ကြွေရယ်”

ကြွေသည် သူ့စကားအဆုံးမှာ ရုတ်တရက်ပင် အသံထွက်အောင် ရယ်ချလိုက်လေသည်။ သူ့မျက်နှာ အပျက်ကြီးပျက်နေပုံကို မြင်တော့မှ ကြွေက အရယ်ရပ်လိုက်သည်။ ရင်ထဲမှာ မခံချင်စိတ် ဒေါသနှင့် လက်စားချေလိုစိတ်တွေ တဖွားဖွား ပေါ်လို့ လာနေသည်။ ဘယ်လောက်များ အောက်ကျလိုက်တဲ့

www.burmeseclassic.com

www.burmeseclassic.com


အဖြစ်ပါလဲ။ သောင်းကျော်လွင်တို့ တစ်ခါမှ သည်လောက် အရှက်မကွဲခဲ့ဘူး။ အောက်မကျခဲ့ဘူး။ အောက်လည်း မကျို့ခဲ့ ဘူး။ အပျိုတွေ လာလွန်းလို့ ရှောင်ပုန်းနေရတဲ့ ကောင်မျိုးပါ။ အခုတော့ ဘာမဟုတ်တဲ့ မလောက်လေး မလောက်စားက ကြီးကျယ်လို့...

“တောက်”

ပြင်းထန်စွာ တောက်ခေါက်လိုက်မိသည်။ သူ့ မျက်သားတွေ နီရဲလာကာ မျက်စိသူငယ်အိမ် ပို၍ ကျဉ်းမြောင်းသွားသယောင် ပင် ထင်ရသည်။ သူ့မျက်နှာ ဘယ်လိုဖြစ်နေသည်ကို သူ့ ဘာသာပင် မှန်းကြည့်လို့ မရ။ ထိုအခါ ကြွေက သူ့ကို အားနာစွာ မျက်နှာ လွှဲကာ...

“ကြွေ ရိုင်းသွားရင် ခွင့်လွှတ်ပါ။ ကြွေ့စိတ်ထဲမှာ ရယ် ချင်စိတ်ပေါက်လာလို့ပါ”

“ကိုယ့်ကို စော်ကားလိုက်တာပဲ”

“ကြွေ တောင်းပန်ပါတယ်။ ဒါပေမယ့် ကိုကိုလွင့်ကို ကြွေ ဘယ်တော့မှ ယုံနိုင်မှာ မဟုတ်ဘူး”

“ထပ် စော်ကားတယ်”

“ကြွေ ဝမ်းနည်းပါတယ်။ ကိုကိုလွင်နဲ့ ပတ်သက်ရင် အဲ သလိုပဲ ခံစားရပါတယ်”

ကြွေ့ကို မျက်တောင်မခတ်ပင် သူ ကြည့်ခဲ့သည်။

“ကြွေတို့ အတွေးချင်း၊ ဝါသနာချင်းလည်း ဘယ်လိုမှ မတူ ကြပါဘူး ကိုကိုလွင်ရယ်။ မဖြစ်နိုင်ပါဘူး။ ပြီးတော့ ကြွေ တစ်

www.burmeseclassic.com

www.burmeseclassic.com


ယောက် လျော့သွားရုံနဲ့ ကိုကိုလွင်မှာ ဒါလောက် ထိခိုက်နိုင်မယ်လည်း မထင်ပါဘူး။ လက်ကျန်တော့ အများကြီးရှိသေးတာပဲ”

“ကြွေသာ နံပါတ်တစ်လို့ ကိုကိုလွင် ဘယ်နှခါ ပြောရမလဲ”

“အဲဒီနံပါတ်ချိတ်ထားတဲ့ စနစ်ကြီးကို သာပြီးမကြိုက်တာ။ ပဒေသရာဇ် ချစ်အဘိဓမ္မာလား၊ တစ်နောက်မှာ နှစ် သုံး လေး ငါးတွေ တစ်သီကြီးလား”

“ဒါက လက်မထပ်ကြခင်မှာ ရှိရမယ့် ရွေးချယ်မှုပဲ၊ တစ်သက်လုံး ကိစ္စအတွက် ဆန်ခါတင်တော့ ရွေးရမှာပဲပေါ့။ လက်ထပ်ပြီးရင် ကျန်တာတွေ အလိုလိုရှင်းသွားမှာပဲ”

ကြွေက ဝမ်းနည်းသော အမူအရာနှင့် ခေါင်းခါပြခဲ့လေသည်။

“အချစ်ဆိုတာ ရွေးချယ်မှုအပေါ်မှာ တည်ပြီးမှ ဖြစ်လာသတဲ့လား ကိုကိုလွင်ရယ်”

သူ ဘာဆက်ပြောရမှန်း မသိခဲ့။ ကြွေ ကျေနပ်အောင် သူ မပြောတတ်။

“တကယ်တော့ ကြွေတို့ အစကတည်းက မှားခဲ့ကြတာပါ။ အချစ်အကြောင်း မစဉ်းစားခင် အိမ်ထောင်ရေးကျော်ပြီး စဉ်းစားခဲ့ကြတယ်။ တကယ်တော့ ကြွေ့မှာ အိမ်ထောင်ပြုဖို့ ဒါလောက်လည်း အလျင်မလိုသေးပါဘူး။ ကြွေ လုပ်ချင်တာ၊ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com


ချင်တာကလေးတွေကို ဖြစ်အောင် လုပ်ကြည့်ချင်သေးတယ်။ ဥပမာ ကြွေ ကဗျာရေးတာတို့၊ ဆရာမ ဖြစ်ချင်တာတို့ပေါ့။ ပြီးတော့ အချစ်ဆိုတာကို ကြွေ သေသေချာချာ ခံစားနားလည်ခွင့်ရချင်သေးတယ်"

သူက ကြွေ့ကို သရော်ပြုံးဖြင့် တစ်ဖန်ပြန်ကြည့်ခဲ့သည်။

"ကြွေ့ကို ညီမတစ်ယောက်လိုသာ သဘောထားလိုက်ပါတော့။ လက်ကျန်တွေထဲက နံပါတ်တစ် နေရာအတွက် ထပ်ရွေးပါတော့"

သူ့မာနကို အဆုံးစွန်အထိ ထိခိုက်စေလေပြီ။

"တကယ်ပြောနေတာလား ကြွေ၊ ကိုကိုလွင် လက်ထပ်လိုက်ရတော့မလား"

"တကယ်ပြောနေတာပါ။ ကြွေ့ကိုလည်း ဖိတ်ပေါ့။ ကြွေ လာမှာပေါ့။ အပျိုရံ လုပ်ပေးရဦးမလား"

ကြွေက ရယ်ကာမောကာ ပေါ့ပါးစွာ ပြောခဲ့သည်။

"ကောင်းပြီ ၂၇ ရက်မှာ ကိုကိုလွင် လက်ထပ်မယ်"

ပြက္ခဒိန်ကို သူလှမ်းကြည့်ပြီး ကောက်ကာငင်ကာ ပြောချလိုက်သည်။

"ဒီလ ၂၇ ရက်လား"

သူ မဖြေ။

www.burmeseclassic.com

www.burmeseclassic.com


"ဟာ...မြန်လှချည်လား။ လက်စသတ်တော့ ကိုကိုလွင်က ဟိုမှာ ရက်တောင် သတ်ပြီးမှပဲ။ ဒါနဲ့များ ကြွေ့ဆီ လာသေးတယ်။ တကယ်လို့ ကြွေက လက်ခံလိုက်ရင်တော့ ဟိုကို ဖျက်မယ် ပေါ့လေ။ အဲဒါပေါ့ လှေနံနှစ်ဖက်နင်းဆိုတာ။ တော်ပါသေးရဲ့။ ကြွေက နုတ်ထွက်လိုက်ပေလို့။ နို့မဟုတ်ရင် ဘဝတူ မိန်းမသား တစ်ယောက်ကို မျက်ရည်ပေါက်ကြီးငယ်ကျအောင် လုပ်မိတဲ့ အကုသိုလ် ဝဋ်ကြွေးက ကြွေ့ကို သံသရာလည်သ၍ အဖန် တလဲလဲ လိုက်လံဖိစီး နှိပ်စက်နေတော့မှာပါလား။ ဘုရား ဘုရား ကံသီ ပေလို့"

ကြွေ၏ သရော်တော်တော် ပြောဟန်ကို ကြားယောင်မိ ဆဲပင်။

"ကြွေ့ကို ဖိတ်ဖို့ မမေ့နဲ့နော်။ ဒါနဲ့ သတို့သမီးက ဆေးရုံအုပ် ကြီးရဲ့ နှမလား"

ကြွေ့ကို သူစိုက်ကြည့်နေမိသည်။ ကြွေ့ မျက်လုံးထဲမှာ သူ လိုချင်သည့်အဖြေကို ရှာကြည့်သော်လည်း စဉ်းငယ်မျှပင် တွေ့မိ သည်ဟု သူ မထင်။

"ကထိက အပျိုကြီးလည်း ချောသားနော်"

ကြွေ့ကို ဘာတစ်လုံးမှ သူ ပြန်မပြော။ ထိုအခါ ကြွေသည် သူ့ကို ပြန်၍စိုက်ကြည့်လိုက်ကာ အလဲထိုးမည့်ဟန်နှင့်...

"ဟား ကြွေသိပြီ၊ ကြည့်စမ်း မိုးကုတ်သူကိုမှ ကြွေကို မေ့ထားတာကိုး"ဟု အတပ်သိနေပုံမျိုးဖြင့် ပြောလိုက်လေတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com


"ဒါ ကြွေ့ရဲ့ နောက်ဆုံးစကားပဲလား"

သူက အံ့ကြိတ်လျက်မေးမိသည်။ ကြွေက ခေါင်းညိတ်ပြခဲ့လေသည်။

"နောက်မှ နောင်တ မရစတမ်းနော်။ ဝမ်းထဲက တစ်မျိုး၊ ပါးစပ်က တစ်မျိုးတော့ မဖြစ်စေနဲ့ ကြွေ"

ကြွေသည် ပြောင်ချော်ချော် ပခုံးတွန့်ပြလိုက်ကာ သူ့ကို မျက်နှာလွှဲနေလိုက်တော့သည်။

"ဘယ်မိန်းမကိုမှ မပေးခဲ့တဲ့ လိုက်လျှောမှုတွေ ပေးခဲ့တယ်။ ဘယ်မိန်းမဆီမှာမှ ကြွေ့ကို အောက်ကျို့ရသလို မကျို့ခဲ့ရဖူးဘူး"

မာနကို ထိခိုက်သံမျိုးဖြင့် သူပြောခဲ့သည်။

"ကောင်းပါတယ်လေ။ ပြတ်သားသွားတာပေါ့။ သုံးရက်လောက်တော့ အကြီးအကျယ် စိတ်ဆင်းရဲရလိမ့်ဦးမယ်ထင်တယ်။ ပြီးတော့လည်း ပြီးသွားမှာပါ"

"ကြွေယုံပါတယ်။ အဲသလိုပဲ ဖြစ်စေချင်ပါတယ်"

သူ ဘယ်လိုဆက်ပြောရမည်မသိ ဖြစ်နေသည်။ အတန်ကြာ တိတ်ဆိတ်နေခဲ့သည်။ ကြွေကမူ သူ့ကို မကြည့်တော့ဘဲ စိတ် လက်ပေါ့ပါးသွားဟန်နှင့် မျက်နှာကလေး ကြည်လင်လာကာ သီရိဆောင်ဘက်သို့ ငေးမောနေလေသည်။ ထိုအခါမှ ကြွေ့ကို သူ သေသေချာချာ သတိထားမိလာသည်။ ကြွေ့ တစ်ကိုယ်လုံး

www.burmeseclassic.com

www.burmeseclassic.com


မြစိမ်းရောင်တွေ ဆင်ထားသည်ပါလား။ ကြွေနှင့် အစိမ်းရောင်မှာ မျှားစွာလိုက်ဖက်လှကြောင်း သူ ဝန်ခံရပြီ။ အခုမှ ကြွေသည် ပိုလှနေသယောင်ပင်။ လွတ်သည့်ငါးမှာ သူ့အမြင်တွင် ပို၍ပို၍ ကြီးလာနေလေသည်။ ကြွေ့ကို ဖွတ်ဆွဲခေါ်၍ ကားတင်ချင်စိတ်ပင် ပေါက်လာသည်။ သို့သော် သူ့မာနက သူ့စိတ်ကို ပြန်၍ ထိန်းချုပ်လိုက်စေသည်။

"ကိုကိုလွင် ကျေနပ်ရမှာပေါ့ ညီမရယ်။ ရင်ထဲကလာတဲ့ နောက်ဆုံးစကားတစ်ခွန်းကိုတော့ ပြောခဲ့ပါရစေ။ ကိုကိုလွင့်ကို ဘဝအဖော်နေရာမှာ ကြွေ ငြင်းခဲ့ပေမယ့် အစ်ကိုတစ်ယောက်၊ မိတ်ဆွေတစ်ယောက်ရဲ့နေရာမှာတော့ ကိုကိုလွင် ဆက်လက်တည်နေပါရစေ။ ကြွေ့ကို ညီမကလေးတစ်ယောက်လို ကိုကိုလွင် အစဉ် ခင်နေပါရစေ။ ကြွေ့မှာ အကူအညီ၊ အခက်အခဲ တစ်စုံတစ်ခု ရှိလာခဲ့ရင် ကိုကိုလွင် ပေးနိုင်ခွင့် ရပါရစေနော်"

စိတ်ရင်းတစ်ဝက်၊ ဖုံးကွယ်ခြင်း တစ်ဝက်နှင့်ပင် သူ နောက် ဆုံး ပြောဖြစ်ခဲ့သည်။ ဣန္ဒြေရရ ပြောခဲ့နိုင်ခြင်းအတွက်မူ သူ့ ကိုယ်သူ ကျေနပ်လိုက်မိသည်။

"ကျေးဇူးတင်ပါတယ် ကိုကိုလွင်၊ ကြွေ မှတ်ထားပါ့မယ်"

"ကြွေ့ဆီ အရင်လိုပဲ ကိုကိုလွင် လာလည်လို့ ရမယ်နော်"

"အကြောင်းကိစ္စ ရှိမယ်ဆိုရင်ပေါ့"

"မရှိရင်ကော"

www.burmeseclassic.com

www.burmeseclassic.com


ကြွေက ဆက်မပြောဘဲ ပြုံးနေလိုက်သည်။ ကြွေ့အပြုံးမှာ အဓိပ္ပာယ်ပြတ်သား ရှင်းလင်းနေသည်။ သူလည်း ထပ်၍ပြုံးဖြစ်သွားသည်။ တွေ့ပြီ၊ ကြွေ၏ အားနည်းချက်ကို သူတွေ့ပေပြီ။ ကြွေသည် မိမိနှင့် ပတ်သက်ပြီး သူ့သိက္ခာ ထိပါးမည်ကို ကြောက်ရွံ့စိုးရိမ်နေသည်လား၊ သူ့ကို သည်မျှ အယုံအကြည်နည်းနေပြီဆိုမှတော့ မထူးတော့ပြီ။ သူ တတ်နိုင်သလောက် ကြွေ့နာမည်ကို ထိပါးခြင်းဖြင့် လက်စားချေရသော် ကောင်းလေမည်လား။ မစားရသည့်အမဲ သဲနှင့်ပက်သည်ဟု ဆိုချင်ဆို၊ သူ့အဖို့ တရားသည်ဟု မယူဆသင့်ပေဘူးလား၊ သူ့စိတ်သည် အမုန်း၊ အငြိုးတို့နှင့် ရုတ်တရက် ချက်ချင်းတက်ကြွလာကာ...

"ဒါပေမယ့် လူ့စိတ်ဆိုတာကတော့ မပြောနိုင်ဘူး မဟုတ်လား"

သူ မဟုတ်တာလုပ်ခဲ့ကြောင်း သူကိုယ်တိုင် ပြန်ပြောနေကျအတိုင်း ကြွေ့ကို ပြောမိပြန်သည်။ ဒါကို ရိုးသားမှုဟု သူ့ ကိုယ်သူဆင်ခြေပေးခဲ့မြဲအတိုင်း အခုလည်း ကြွေ့ကို ရိုးသားစွာ သတိပေးခဲ့ခြင်းဟု သူဆိုမည်။ တရားမျှတသော မုဆိုးမှန်လျှင် သားကောင်ကို လက်တစ်ကမ်းအကွာ အကျော့ပေးကာ ပြေးစေ မြဲမဟုတ်လား။

"ကိုကိုလွင့်အဖို့ ကိုယ်လိုချင်တာကို ဘယ်တော့မဆို ရခဲ့တာပဲ။ မရရအောင်လည်း ယူခဲ့တာပဲ။ အခု ကြွေက ကိုကိုလွင့်မာနကို ပထမဆုံး ထိပါးလိုက်တဲ့ မိန်းကလေးပေါ့။ ဒီတော့

www.burmeseclassic.com

www.burmeseclassic.com


စိတ်ကောင်းမွေးနေတဲ့ကြားထဲက ကြွေ့ကို လက်စားချေချင်လည်း ချေမိမှာပဲနော်”

ကြွေသည် သူ့ဘက်ကို ပြုန်းခနဲ လှည့်ကြည့်လိုက်သည်။ အေးစက်မာကျောသော အပြုံးတစ်ခု ကြွေ့မျက်နှာပေါ်မှာ တဖြည်းဖြည်း ပေါ်လာသည်။ နှုတ်ခမ်းထောင့်စွန်းကို တွန့်မဲ့ပစ်လိုက်ပြီး မျက်ခုံးတစ်ဖက်ကို ဆတ်ခနဲ ပင့်တင်လိုက်ကာ အသည်းနှလုံး၏ နက်ရှိုင်းသော အတွင်းပိုင်းမှ လာပုံရသော လိုဏ်သံမျိုးနှင့်…

“သတ္တိရှိရင် စမ်းကြည့်လေ”ဟု မိုက်မိုက်ကန်းကန်း ပြောခဲ့လေသည်။

ထိုအခိုက် ကြွေ့မျက်လုံးမှ ထွက်လာသော အရောင်တွေမှာ စိမ်းလွန်းလှပါတကား။ သူ ဘယ်တော့မှ မေ့ပစ်လို့ ရနိုင်တော့မည် မဟုတ်သော သူ့ မသိစိတ်က စိမ့်၍ ကြောက်နေခဲ့သော ကြွေ၏ ခါးသည်း နာကြည်းမုန်းတီးမှုကို ဖော်ပြနေသော အကြည့်စိမ်းတွေပါတကား။

ကြွေ့အတွက် ၃ ရက်လောက်တော့ သူ ဆွေးရလိမ့်မည်ဟု အပြောကြီးခဲ့သော်လည်း တကယ်တမ်းမှာမူ ၃ ရက်မက၊ ၃ လပင်မက ၃ နှစ်လောက် သူ့ဘဝ မတည်ငြိမ် ဖြစ်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com


ကြွေနှင့် လမ်းခွဲလိုက်ရသည့်ညက သူ အိမ်မှာ တစ်ယောက်တည်း မူးအောင်သောက်ပြီး အိပ်ပစ်လိုက်သည်။ မနက်ကျတော့ အရက်နာ ကျနေသည့်ကြားက တယ်လီဖုန်းနားမှာ တစ်နေ့လုံး မခွာဘဲ ကြွေကများ သူ့ထံ ဖုန်းပြန်ဆက်လေမလားဟု စောင့်မျှော်နေမိခဲ့လေသည်။ သူပြောခဲ့သော ၂၇ ရက်သို့ တိုင်ခဲ့သော်လည်း ကြွေ့ထံမှ ဘာအဆက်အသွယ်မှ ထပ်မရတော့။

သူ့ဘက်က ရှုံးနိမ့်ပြီဆိုတာ သေချာသွားတော့ သူသည် စစ်ကူကို အားကိုးတကြီး ရှာဖွေခဲ့ပါသေး၏။ သူ့ဒေါ်လေးတွေ ကိုလည်းကောင်း၊ နောက်ဆုံး သူ့ဖခင်ကိုယ်တိုင်ကိုလည်းကောင်း ကြွေ့မိခင်ထံ စေလွှတ်ခဲ့သော်လည်း မပြေလည်ခဲ့။

"သားရာ၊ ကောင်မလေးက ရိုးပုံရိုးပေမယ့် အေးတော့ မအေးဘူးနော်။ ဂျစ်ကန်ကန်ကလေး။ မိုးကုတ်သူဌေးသမီးကို သာ ယူလိုက်ပါတော့"ဟု ဖခင်က တိုက်တွန်းခဲ့သည်။

နောက်ဆုံးမျှော်လင့်ချက်ဖြင့် သူကိုယ်တိုင် ဒေါ်ဒေါ်စော ရှေ့မှောက် ဝင်ရောက်ခဲ့ပေသေးသည်။ ကြွေနှင့် တွေ့ဆုံခဲ့သော သက်တမ်းတစ်လျှောက် တစ်ခါမှ မရိုကျိုးခဲ့ဖူးသော ယောက္ခမလောင်းအပေါ် ရိုကျိုးခြင်းဖြင့် အယူခံရာ...

"ငါ့တူရယ်၊ အစကတည်းက သမီးစိတ်တိုင်းကျ ဆုံးဖြတ်ပါစေလို့ ဒေါ်ဒေါ်စော ခွင့်ပေးတာပဲ မဟုတ်လားကွယ်။ သမီးဆန္ဒနဲ့ ဆန့်ကျင်ပြီးတော့ ဒေါ်ဒေါ်စော မတိုက်တွန်းပါရစေနဲ့"ဟု ချိုသာသော်လည်း သမီးအမေ ပီသစွာ ပြတ်သားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com


ကြွေနှင့် နောက်ထပ် တွေ့ဆုံဖို့ သူအခါခါ ကြိုးစားခဲ့သေးသည်။ ကျောင်းအဖွင့်မှာ ကြွေက မဟာဝဇ္ဇာ ပြန်တက်ရာ ကြွေရှိရာနောက် သူ တကောက်ကောက် လိုက်သည်။ ဆုံးဖြတ်ထားသည့်အတိုင်း ကြွေ့ပတ်ဝန်းကျင်မှာ သူသည် ကြွေ၏ သက်ဆိုင်သူတစ်ယောက်အဖြစ် သူနိုင်သလောက် မဏ္ဍပ်တိုင် လိုက်တက်ပြခဲ့သည်။ သူနှင့် ကျွမ်းသော ကြွေ၏ ဆရာတချို့ထံ ချဉ်းကပ်ကာ ဇာတ်စုံခင်း၍ အကူအညီတောင်းခဲ့သေးသည်။ ကြွေ၏ လွတ်လပ်ခွင့်နှင့် ဂုဏ်သိက္ခာကို များစွာ ထိခိုက်နစ်နာစေသောအလုပ်မျိုးတွေကို သူ ကြိမ်ဖန်များစွာ လုပ်ခဲ့ရာ သူက လိုက်လေ၊ ကြွေက ပြေးလေ ဝေးသည်ထက် ဝေးခဲ့ကြ၏။

နောက်ဆုံးမှာ ကြွေသည် သူ့ပညာရေးကိုပင် စွန့်လွှတ် ပြကာ ကျောင်းထွက်လိုက်သောအခါ သူ့စိတ်ထဲတွင် ထိခိုက် နာကျင်၍ သွားလေသည်။ ထိုအခါ နောက်တစ်လအတွင်းမှာပင် သူ့ လက်ထပ်ပွဲ အားချင်း စီစဉ်လိုက်သည်။ ဖခင် မဲဆန္ဒပေးသည့် အတိုင်း မိုးကုတ်သူကိုပင် ရွေးချယ်လိုက်သည်။ လက်ထပ်ရက်ကိုလည်း ကြွေ့ကို ပြောခဲ့သည့်အတိုင်း ၂၇ ရက်နေ့ကိုပင် ရွေးချယ်သည်။ တိုက်တိုက်ဆိုင်ဆိုင် မတ်လ ၂၇ ရက်၊ တော်လှန်ရေးနေ့ ဖြစ်သွားလေသည်။

ကြွေ့ထံ သူ့လက်ထပ်ဖိတ်စာကို ပို့ဖို့စိတ်ကူးကြည့်သေးသည်။ သူကသာ ဖိတ်ရဲလျှင် ကြွေ တကယ်လာမည်ဟု သူယုံကြည်နေသည်။ လူပုံအလယ် အများတကာရဲ့အမြင်မှာ ကြွေ့ကို ကျန်ရစ်ဘွဲ့ ထပ်ပေးလိုက်ချင်သေးသည်။ သို့သော် ကြွေ၏ မျက်လုံးစိမ်းနှင့် အပြုံးကို သူ ရင်မဆိုင်ရဲ။ ထိုအပြုံးမှာ...

www.burmeseclassic.com

www.burmeseclassic.com


"ကိုကိုလွင်ရဲ့ နံပါတ်တစ် ဘဝနဲ့စာရင် ကျန်ရစ်ဘွဲ့လေး ထပ်အပေးခံရတဲ့ဘဝက အများကြီး ပိုကံကောင်းတာပေါ့"

ဟူသော အဓိပ္ပာယ်တွေ အပြည့်အဝ ပါနေပေလိမ့်မည်။ သို့နှင့်ပင် ကြွေ့ကို သူ မဖိတ်ဖြစ်ခဲ့။

နံပါတ်တစ်နှင့် သူ၏ အိမ်ထောင်ရေးမှာလည်း မအောင်မြင်ခဲ့ပေ။ ကြွယ်ဝသော နံပါတ်တစ်၏ အသိုက်အဝန်းမှာ အိမ်ဦးနတ်နေရာကို သူ မရခဲ့။ သူသည် နံပါတ်တစ်တို့၏ အသုံးဝင်သော အစောင့်အရှောက် အခြွေအရံနေရာသာသာ မျိုး၌သာ တင်းတိမ်နေခဲ့ရသည်။ ထိုအခါ သူ့ဘက်ကလည်း နံပါတ်တစ် အပေါ် သစ္စာပြန်မပေးနိုင်တော့ပေ။ သည်လိုနှင့် အိမ်ထောင်သက် တစ်နှစ်အတွင်းမှာပင် အက်သံမြည်လာခဲ့လေသည်။ ထိုအခါ ကြွေပြောခဲ့ဖူးသော အချစ်အကြောင်းကို တွေးတောတတ်စပြုလာတော့သည်။

တစ်ခါတော့ မပြေလည်သော နံပါတ်တစ်ကို အပြီးတိုင်စွန့်ခွာကာ ကြွေ့ထံမှောက် ဒူးထောက်ဦးအံ့ဟု ကြံရွယ်လျက် မဟန်နိုင်အောင် မူးနေသောရက်များက ကြွေလာတတ်သော လမ်းထိပ်များမှ သူစောင့်ဆိုင်းနေခဲ့ဖူးသည်။ ကြွေ့ကိုတွေ့လျှင် သူ့ရင်ကို ဖွင့်ပြမည်။

ကြွေ ကြိုက်ပုံမရသော အထက်စီးဆန်သော စကားများကို အတတ်နိုင်ဆုံး ရှောင်ဖယ်ကာ ကြွေသနားလာအောင် အလှမ်းသယ်ပြမည်။

www.burmeseclassic.com

www.burmeseclassic.com


"ကြွေ ပေးခဲ့တဲ့ ဒုက္ခတွေလေ၊ ကျေနပ်ပါတော့"ဟု တောင်းပန်မည်။

"ကြွေမှ ထိန်းမပေးရင်တော့ ကိုကိုလွင့်ဘဝ ရေစုန်မှာ မျောရတော့မှာပဲ" ဟု အကျပ်ကိုင်မည်။ ကြွေ ပျော့ပျောင်းလာရပေမည်။ ထိုအခါ သူက ကြွေ့ကို လက်ထပ်ယူပါမည်။ ကြွေသည် ယောကျ်ားတစ်ယောက်၏ ဒုတိယအကြိမ် လက်ထပ်ခြင်းမှာ သတို့သမီးအဖြစ် ပါချင်ပုံ ရမရကိုမူ သူ မစဉ်းစားတော့။

သို့သော် ကံကြမ္မာသည် ကြွေနှင့်ပတ်သက်လျှင် သူ့ဘက်မှ မျက်နှာသာပေးခဲ့သည်ဟု တစ်ကြိမ်တစ်ခါမျှပင် မရှိစဖူး။ သူ စောင့်နေသည့်ကြားက ကြွေကလည်း လာတတ်မြဲ ဖြစ်ပါလျက် သူနှင့်ကြွေ တစ်ခါမျှ မဆုံ။ တွေ့လွဲကလေးသာ လွဲခဲ့ရသည် ချည်းပင်။

သူသည်လည်း တစ်ပတ်လောက်သာ ဖွဲ့ရှိနိုင်ကာ နောက်များမှာတော့ ပင်ပန်းဒုက္ခခံစရာ များများမလိုသော အိပ်ချင်ပြေကလေးများဘက်သို့ အာရုံရောက်သွားပြန်လေသည်။ သည်လိုနှင့်ပင် နံပါတ်နှစ်ကို သူ တွေ့သည်။ သူနှင့် နံပါတ်နှစ်မှာ တစ်ဌာနတည်းက အမှုထမ်းတွေ ဖြစ်ကြသည်။ မပြေလည်သော သူ့အိမ်ထောင်ရေးကို ဘန်းပြကာ နံပါတ်နှစ်ကို သူ စည်းရုံးခဲ့သော်လည်း သူ့ဇာတ်ကို သူ မနိုင်။ သူ့ထုံးစံအတိုင်း တစ်နှင့်

www.burmeseclassic.com

www.burmeseclassic.com


နှစ်ကြား အိယောင်ဝါးလုပ်နေရင်းက ပြဿနာတွေ ဖိတ်ခေါ်မိလျက်သား ဖြစ်နေတော့သည်။

နံပါတ်တစ်၏ 'ကျွန်မသာလျှင်...'ဟူသော ကြော်ငြာတွေ သတင်းစာထဲ ပလူပျံခဲ့ပြီးနောက် (တစ်)ကို အပြတ်ရှင်းဖြစ်ဖို့ (နှစ်)၏ ဆန္ဒပြခြင်းများကို ရင်ဆိုင်ခဲ့ရပြီးနောက် နှစ်ယောက်စလုံးကို အပြီးတိုင် သူ မစွန့်လွှတ်နိုင်ဘဲ ပိုနေမြဲ ကျားနေမြဲ ဖြစ်မှန်းမသိ ဖြစ်အောင်တော့ သူ စွမ်းဆောင်နိုင်ခဲ့သည်။

တစ်နှင့်စာလျှင် ငယ်ရွယ်လှပသော နှစ်ကိုတော့ ပိုမို တွယ်တာခဲ့သည် အမှန်ပင်။ ပြီး ကြွေ့ကို သူတွေ့ဖို့ မကြိုးစားရဲတော့သည်လည်း အမှန်ပင်။ အခုနေအခါများ သူ့ကိုတွေ့လျှင် ကြွေက တစ်၊ နှစ်၊ သုံး၊ လေး ဟူသော ဂဏန်းများကို သံနေ သံထားနှင့် ရွတ်ပြကာ သူ့အား လှောင်ရယ်ရယ်ပြလေဦးမည်လား။

တစ်၊ နှစ်တို့နှင့် ပြဿနာတွေကြား သားသမီးများ ပွားစည်းကာ သူ နေသားကျလာခဲ့လေသည်။ ကြွေ့ကိုတွေ့ဖို့ သူ မကြိုးစားသောအခါမှ လမ်းပေါ်မှာ ကြွေ့ကို မကြာခဏ ပြန်တွေ့ရသည်။ တွေ့တိုင်းလည်း ကြွေက သူ့ကို မြင်သည်မရှိ။ သူကသာ ဦးအောင်မြင်တတ်ကာ လမ်းပေါ်မှာ လျှောက်သွားနေသော ကြွေ့နောက်သို့ သူ့ကားနှင့် ဘေးချင်းလိုက် ယှဉ်၍ ဟွန်းသံပေးသည့်တိုင် ကြွေက လှည့်ကြည့်ဖော် မရတတ်ပေ။

တစ်ခါတစ်ရံ မြေနီကုန်းနှင့် လမ်း ၃၀ နား တက္ကသိုလ်စာအုပ်အဟောင်းဆိုင်များရှေ့မှာ ကြွေ့ကို လူငယ်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com


နှင့် တွေ့ရတတ်သည်။ ရယ်ကာ မောကာ၊ ပြောကာ ဆိုကာ နှင့် ကြွေ့လက်ထဲမှာလည်း စာအုပ်တွေ ပွေ့ပိုက်လျက်သားနှင့်။ ကြွေ အလုပ်ရပုံ မပေါ်သေး။ မဟာဝိဇ္ဇာတော့ ဖြစ်သွားပြီလား မဆိုနိုင်။ ကြွေ့ကို ခုထိလည်း သူ နားမလည်နိုင်သေးပေ။ ကြွေသည် ဘာကြောင့်များ သူ၏ နုပျိုသောအချိန်တွေကို စာအုပ်တွေပိုက်လျက် ဖြုန်းနေရပါလိမ့်။ ငြိမ့်ညောင်းသော သူ့ကားကူရှင်ကို ငြင်းပယ်ကာ ဖိနပ်ပါးအောင် လမ်းလျှောက် နေတတ်ပါလိမ့်။ တကယ်တော့ ကြွေဟာ ခပ်ကြောင်ကြောင် ပါပေပဲဟု သက်သက်ညှာညှာ သူဆိုမည်။ သို့ပေမယ့် သည် ခပ်ကြောင်ကြောင် ကောင်မလေးကိုပဲ သူဘာလို့ မကြာမကြာ သတိရနေသည်လဲဟု သူ မတွေးတတ်ပေ။

ကြွေကတော့ သူ့ကို သတိရနေပါသေးသလား။ စာအုပ်ပုံ တွေ နံဘေးမှာ ကြွေနှင့်အတူ ယှဉ်တွဲရပ်နေသော လူငယ် ကလေးကို ဖျတ်ခနဲ မြင်ယောင်လိုက်သည်။ ညိုညိုသွယ်သွယ် သနားကမားကလေးပဲ။ ကြွေ့လို ဘွဲ့ရ အလုပ်လက်မဲ့ထဲကပဲ ထင်ပါရဲ့။ ကြွေနှင့် တော်တော်ရင်းနှီးနေပုံရ၏။ ဘယ်အထိ ရင်းနှီးနေကြသလဲ။ သူနှင့်တုန်းက အပြင်ထွက်ဖို့ သူခေါ်တိုင်း ခေါင်းခါ လည်ခါ ငြင်းတတ်သော ကြွေသည် ထိုလူငယ်ကလေး နှင့်မူ လွတ်လပ်ပေါ့ပါးစွာ ပြုံးရယ်ရွှင်ပြနေသည်။ မနာလိုစိတ် သည် သူ့ရင်ထဲမှ တွန်းထိုးထွက်ပေါ်လာနေခဲ့သေးသည်။ ကြွေ ၏ လက်ထပ်သတင်းကိုလည်း စိတ်ဝင်တစား စောင့်မျှော်နေ လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


ခုတော့ ကြွေသည် သူ့ရှေ့မှာ ရောက်နေပေပြီ။ သည် တစ်ခါလည်း ကြွေက သူ့ကို နောက်ချန်စောင့်ခိုင်းခဲ့ကာ ရှေ့မှ သွားလိုရာအရပ်သို့ နောက်မလှည့်တမ်း သွားနေပါပြီကော။ သူသည် ကြွေသွားလိုရာသို့ ချောမောလျင်မြန်စွာ သွားနိုင်ရန် သူ့ကားကိုပင် ရပ်စောင့်ပေးနေပြီကော။

ကားဖြူကြီးပေါ်မှ ပန်းခွေဖြူများ၊ ပန်းခွေများကြားမှ တစ်စွန်းတစ်စ ပေါ်နေသော သေတ္တာဖြူကလေးကို သူငေးစိုက်ကြည့်နေမိသည်။

"အသက်ငယ်ငယ်လေး ရှိသေးတယ်နော်။ သနားစရာ"

သူ့ဘေးက ဒိုင်ယာနာမကလေးက ကရုဏာစကား ဆိုရှာလေသည်။ သည်တော့မှ သူလည်း လန့်ဖျပ်သွားကာ သေတ္တာဖြူကလေးထံမှ သူ့အကြည့်ကို လွှဲလိုက်သည်။

"ဟဲ ဟဲ ကိုကိုလွင့်ဘေးက ဒိုင်ယာနာကလေးက နံပါတ်ဘယ်လောက်တုံး"

ကြွေ့အသံနှင့် သရော်ပြုံးကို ကြားယောင်၊ မြင်ယောင်လိုက်သည်။ တကယ်တော့ ကြွေသည် နောက်ဆုံးအချိန်အထိ သူ့ကို နားလည်သွားခဲ့မည် မဟုတ်ပေ။ နားလည်အောင် ကြိုးစားခဲ့မည်ဟုလည်း သူ မထင်။ ထို့အတူ ခွင့်လွှတ်ခဲ့မည်လည်း မဟုတ်။ တကယ်တော့ သူ မဆင်မခြင် အပြောကျွံခဲ့သလောက် မပက်စက်ခဲ့သေးပါဟု ကြွေ့မျက်နှာကို စေ့စေ့ကြည့်ကာ ဝမ်းနည်းစွာ ရှင်းပြနေချင်သေးသည်။ အခုတော့ ကြွေနှင့်သူ မျက်နှာချင်းဆိုင်၊ ဘယ်အခါမှ မတွေ့နိုင်တော့ပြီ။ 'ဆွန်ညော'အဖြစ်

www.burmeseclassic.com

www.burmeseclassic.com


သူ စိတ်ကူးယဉ်ခဲ့သော ကြွေက ဘယ်မိန်းမသားမှ တကယ့် ဆွန်ညာ မဖြစ်နိုင်ဟူသော သင်ခန်းစာကိုတော့ သူ့အား ပေးခဲ့ပေသည်။ အခုတော့ သူသည်လည်း ဆွန်ညာကို မရှာတော့။ တကူးတက မရှာရဘဲ သူ့အနားသို့ ရောက်ရောက်လာတတ်သော ဒိုင်ယာနာ ကလေးတွေနှင့် ကြည်မွေ့နေတတ်သည်မှာ ကြာပြီကော။

သူသည် ကားတန်းအဆုံးကို အောင့်အည်းစောင့်ဆိုင်းနေရစဉ် မိန်းကလေးနှစ်ဦး ဖေးမ ဖက်တွယ်ထားရသော ကြွေ့မိခင် ဒေါ်ဒေါ်စောကိုလည်းကောင်း၊ ဝီလီဂျစ်တစ်စီးပေါ်မှ လူညို ယဉ် ကလေးကိုလည်းကောင်း သေသေချာချာ တွေ့လိုက်သေးသည်။ ကားတန်းကြီးအဆုံးမှာ သူပါ ခရီးသွားဟန်လွှဲ ကြွေ့အား လိုက်ပို့ ရကောင်းလေမည်လားဟု ကြံရွယ်မိသော သူ့စိတ်ကူးကို နောက် ဆုံးမှာတော့ အပြီးတိုင် ဖျက်ပစ်လိုက်တော့သည်။

ကားတန်းရှည်ကြီး ဆုံးသွားသည်နှင့် သူသည် ကားကလေး ကို ကြွေနှင့်ဆန့်ကျင်ရာ လမ်းအောက်ဘက်သို့ ကွေ့ချိုး ဆင်း လိုက်လေတော့သည်။

"တော်တော်စည်တဲ့ အသုဘပဲနော်။ လူချစ်လူခင်များတဲ့ မိန်းကလေး ထင်ပါရဲ့"

"ဘယ်က ဟုတ်ရမလဲ၊ ဂျစ်ကန်ကန်မလေးပါ" ဟု ဒိုင် ယာနာကို ပြောလိုက်မည်ပြင်ပြီးမှ မပြောဘဲ ထားလိုက်သည်။ သူ သည် ကြွေနှင့်တုန်းကလောက်လည်း နှုတ်မလွယ်တတ်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com


အတန်ကြာ တိတ်ဆိတ်နေခဲ့သော သူ့ကားကလေးထဲမှာ မကြာမီ ခိုးခိုးခစ်ခစ် ရယ်သံကလေးများ၊ နွဲ့သံ ခရာသံ၊ ငြင်းပယ်သံကလေးများဖြင့် ပြန်လည်စည်ဝေလာပြန်လေသည်။ တကယ်တော့ ထိုဒိုင်ယာနာတို့ကသာ ကြွေထက် ပို၍ သူ့ကိုနားလည်ကြပေသည်။ သူ့၌ နံပါတ်တစ်နှင့် နှစ်တို့ ရှိပြီးဖြစ်ကြောင်းလည်း သူ မပြောမီကပင် သူတို့က သိထားပြီးသား။ သူ့ဆေးခန်းသို့ ခေါင်းကိုက်၊ ဗိုက်နာ၊ မူးဝေ အားနည်းရောဂါများဖြင့် လာရောက် ပြသကြသော သူ့လူနာများ ဘဝကပင် သူ့ကို ယုံကြည်ကိုးစား ထားပြီးသား။ သူ့အကူအညီကို လွယ်လွယ်ယူတတ်၍ သူ့အပေါ်လည်း လွယ်လွယ်ပင် လိုက်လျောနိုင်သူများ ဖြစ်ကြသည်။

ခုပင်ကြည့်လေ၊ သူကလေးကို မိဘများ ရှေ့မှောက်ကပင် သူခေါ်လာခဲ့သည်။ ခေတ်သမီးရှင်အချို့မှာ ကြွေ့မိခင် ဒေါ်ဒေါ်စောလို အမြော်အမြင်နည်းသူများ မဟုတ်ကြတော့ပေ။ ယောကျ်ားကောင်း မိန်းမတစ်ထောင် ဆိုသော စကားမှာ မြန်မာပြည်၌ လွန်ခဲ့သောနှစ်ပေါင်း ထောင်ကျော်ကပင် ရှိခဲ့ပြီးကြောင်း ကောင်းကောင်းသိကြပေသည်။ သူ့ကို သည်လို နားလည်တတ်လျှင် သူကလည်း ကောင်းစွာ တာဝန်သိတတ်ပါသည်။ မျှတသော အပေးအယူအတွက် သူသည် ဘယ်တုန်းကမှ ပျက်ကွက်တတ်သူ မဟုတ်ပေ။

ခုပင် သူကလေးနှင့်အတူ လူရှင်းသော ရုပ်ရှင်နေ့ပွဲတစ်ခုသို့ သွားရဦးမည်။ မီးများအမှိုတ် မှောင်ရိပ်ထဲမှာ သူကလေးက ခိုးခိုးခစ်ခစ် ရယ်လိုက်လျှင် လှုပ်ရှားသွားမည့် ဆံနွယ်များကို

www.burmeseclassic.com

www.burmeseclassic.com


ဖယ်ရှား၍ ခေတ်မိန်းကလေးတို့ လည်ဟိုက်အင်္ကျီပုံစံ ချုပ်ရတာ ဘယ်လောက်များ အကုန်သက်သာပါလိမ့်မလဲဟု သူ့ အလုပ် မဟုတ်သော်လည်း တိုင်းတာကြည့်ရဦးမည်။ ထိုအခါ မည်မျှလောက် ပျော်စရာကောင်းလိုက်လေမည်နည်း။

ထိုအချိန်မှာပင် သူနှင့်ကွေ့သည် နောက်ဆုံးအကြိမ်အဖြစ် ဝေးသထက် အဝေးဆုံးနေရာများသို့ တရွေ့ရွေ့ ဆန့်ကျင်သွားနေကြကြောင်း သူ သတိမရနိုင်တော့ပြီ။

နောက်ဆုံးတော့လည်း ရန်ကုန်မြို့နေ လူတစ်ယောက်၏ ဘဝမှာ မီးခိုးမျှင်တန်းကလေးတစ်ခုသာ အဆုံးသတ်ရပေတော့သည်။ မီးသဂြိုဟ်စက်၏ ခေါင်းတိုင်ဝမှ လူခနဲထွက်လာသော မီးခိုးငွေ့တို့သည် အသုဘပို့ ပရိသတ်အား ကြွေ့ကိုယ်စား နောက်ဆုံးနှုတ်ဆက်လိုက်သကဲ့သို့ပင် ရှိလေသည်။ အများစုတို့မှာ ကားများပေါ်မှာပင် နေရာမပျက် ထိုင်နေကြလျက် ဆွေနီးရင်းချာများနှင့် အနီးကပ်ကြည့်ရှု စုံစမ်းလိုသူအချို့သာ မီးသဂြိုဟ်စက်ရှေ့၌ စုပြုံရပ်ကြည့်နေကြလျက် ရှိသည်။ အဘွားအိုတစ်ယောက်က မူ ဩော် အပြီးတိုင် သွားရှာပေါ့ဟု ရေရွတ်မြည်တမ်းရှာသည်။ မီးခိုငွေ့တန်း မပြယ်မီမှာပင် အောက်သို့ ဆင်းကြည့်သူများလည်း ကားများပေါ်သို့ ပေါ့ပါးစွာ ပြေးလွှားတက်လာကြလေသည်။ အခုအခါ သူတို့အားလုံး၏ဆန္ဒမှာ အိမ်သို့ အမြန်ဆုံး ပြန်ရောက်ကြဖို့ပင် ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com


တစ်စီးကိုတစ်စီး လုကျော်တက်ကာ အမြန်ဆုံး ပြန်ထွက်သွားကြသော ကားတန်းကြီးသည် တစ်ခဏအတွင်းမှာပင် သုသာန်တံခါးဝကို လွန်မြောက်သွားကြလေသည်။ ကြံတောသုသာန်သည် ကြွေ့နောက်မှ ရောက်လာကြသော အခြားလူတစ်ယောက်၏ မီးသင်္ဂြိုဟ်ခြင်း အခမ်းအနားဖြင့် အစည်ကားမပျက် ကျန်ရစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်လောက်မှာပင် ကိုမြတ်နိုင် ပါလာသော တိမ်ညွန့်မေ သင်္ဘောသည် ပန်းဆိုးတန်းဆိပ်ကမ်းသို့ ဆိုက်ကပ်လာခဲ့သည်။ ကုန်းပေါင်နှင့် သင်္ဘောကုန်းပတ် ယှဉ်မိသည်ဆိုလျှင်ပင် ကိုမြတ်နိုင်သည် ဖျတ်ခနဲခုန်ကူးလိုက်သည်။ သည်လိုလုပ်နေကျ မဟုတ်သဖြင့် လဲကျလုမတတ် ယိမ်းယိုင်သွားသော ကိုမြတ်နိုင်ကို ကြည့်ကာ နောက်မှ မိန်းမအချို့က အလန့်တကြား အော်လိုက်ကြသည်။ တချို့ကတော့ မကြားတကြား အပြစ်တင်ကြလေသည်။

ကိုမြတ်နိုင်သည် အသံအားလုံးတို့ကို ကျောခိုင်း နောက်ချန်ထားပစ်ခဲ့လျက် ခပ်သုတ်သုတ် လျှောက်လာသည်။ ဆိပ်ခံတံတားပေါ်မှ ခရီးသည်များ၊ ကာယအလုပ်သမားများကို ကွေ့ရှောင် ကျော်တက်လာရင်း သူ့လက်က နာရီကိုလည်း မကြာ မကြာ မြှောက်ကြည့်နေမိသည်။ နာရီလက်တံက မွန်းလွဲတစ်နာရီခွဲလုပြီဖြစ်ကြောင်း သူကြည့်လိုက်တိုင်း ညွှန်ပြနေမြဲပင်။ ကြွေ့ကို သူ မမီတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com


ကိုမြတ်နိုင်သည် လူတွေရှုပ်ထွေး ဆူညံနေဆဲဖြစ်သော ဆိပ်ကမ်းလမ်းမပေါ်မှာ ရပ်လျက် သူ ဘာလုပ်ရကောင်းမလဲဟု အပြန်ပြန်အလှန်လှန် စဉ်းစားတွက်ချက်ကြည့်နေသည်။ အမြဲတမ်း တည်ငြိမ်အေးဆေးနေသော သူ့မျက်နှာမှာ စိတ်ရှုပ်ထွေးဆုံးဖြတ် ရခက်ဟန်ဖြင့် မျက်မှောင်ကုတ်ထားနေသည်။ ကြွေ့အိမ်ကိုပဲ သွားလိုက်ကာ ကျန်ရစ်သူ ဒေါ်ဒေါ်စောကို အားပေးနှစ်သိမ့်ရ ကောင်းလေမည်လား။ သူ့ကိုမြင်လျှင် ဒေါ်ဒေါ်စောမှာ အသစ်တစ် ဖန် ပြန်လည်ခံစားရပြန်ကာ သမီးကိုတ၍ ငိုရှာလေဦးမည်လား။

ကိုညာဏ်လင်းကတော့ သူ့ကို နှုတ်မှဖွင့်၍ မပြောသည့်တိုင် အပြစ်တင်လိုဟန်ဖြင့် ကြည့်ပေလိမ့်မည်။ သူကလည်း ပြန်လည် ရှင်းပြလိုစိတ် မရှိလှပေ။ တကယ်တော့ ကြွေ၏ နာရေး ကြော်ငြာကို သတင်းစာတွင် တွေ့ရသောအခါ မျှော်လင့်ထားပြီး ဖြစ်သည့်တိုင် သူ တုန်လှုပ်ခဲ့ပုံ၊ သင်္ဘောဆိပ်သို့ အပြေးအလွှား ဆင်းလာကာ ညသင်္ဘောကိုစောင့်ရပုံ၊ မြစ်ပြင်ထဲမှာ မကြုံစဖူး နှင်းတွေ ထူထပ်သိပ်သည်းစွာ ကျနေခဲ့၍ သင်္ဘောအထွက် နောက်ကျရပုံတွေကို ရှင်းပြစရာ ရှိလျှင် ကြွေ့ကိုသာ ရှင်းပြလိုက်ချင်တော့သည်။ ကြွေ့ကိုယ်စား အခြားတစ်ပါးသောသူတို့၏ ပြစ်တင်ဝေဖန်ခြင်းကိုလည်း သူ မခံယူနိုင်ပေ။

ကိုမြတ်နိုင်သည် ယတိဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် ဆိုးဆိုက်လာသော အငှားကားတစ်စီးပေါ်သို့ တက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com


"ကြည့်မြင်တိုင် ဟံသာဝတီလမ်းကို အမြန်မောင်းပေးပါဗျာ။ တခြားခရီးသည်တွေ မတင်ပါနဲ့တော့"

နေရာအတိအကျကို ထပ်မမေးဘဲ မောင်းထွက်လိုက်သော ကားဆရာအား သူက ကျေးဇူးတင်နေမိသည်။ ကားပေါ်မှာ သက်သက်သာသာ ထိုင်မိတော့မှ သူ့အဘယ်မျှ ပင်ပန်းနေကြောင်း သတိပြုမိလာသည်။ ညက တစ်ညလုံးလိုပင် သင်္ဘောပေါ်မှာ တစ်မှေးမျှမပျော်ဘဲ စိုးရိမ်ကြောင့်ကြစွာ လိုက်ပါလာခဲ့ရသည်။ သူ့ခေါင်းသည် စိတ်ထိခိုက်ခြင်းနှင့် အိပ်ရေးပျက်ခြင်းတို့ ပေါင်းစပ်၍ အုံခဲလေးလံနေသည်။ နားထင်စပ်မှ တဒိတ်ဒိတ် ခုန်နေသော ဝေဒနာကို အံတင်း၍ ခံစားနေလိုက်သည်။ ရန်ကုန်နွေ၏ နေ့လယ်နေကလည်း ကတ္တရာလမ်းတွေ အရည်ပျော်လုအောင် ပူပြင်းလွန်းလှသည်။ နေပူထဲမှ ဖြတ်တိုက်လာရသော လေညင်းသည်ပင် ပူပူနွေးနွေးကြီး ဖြစ်နေသည်။ သူသည် ထိုအပူတောမှ ကြွေ့ထံသို့ ရောက်အောင် ကြိုးစားပမ်းစား လာနေခဲ့ပါကြောင်း ကြွေ့အား တိုင်တည်နေခဲ့သည်။

ကြွေ့ကို မည်သို့ သင်္ဂြိုဟ်မည်မှန်း သတင်းစာတွင် ပါမလာ၍ သူ မသိ။ တစ်ဦးတည်းသော သမီးဖြစ်၍ အလွမ်းပြေ ဖြစ်ရန် ဂူသွင်းတန်ကောင်းပါရဲ့ဟူသော ကောင်းစွာ မရေရာ လှသည့် မျှော်လင့်ချက်ကလေးတစ်ခုနှင့်ပင် ကြံတောသုသာန် သို့ သူလာခဲ့ပေသည်။ အနည်းဆုံး ကြွေ့ မြေပုံကလေးကိုပဲ တွေ့ရတွေ့ရ သူ ကျေနပ်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com


သုံးဘီးကားကလေးသည် ကမ်းနားလမ်းမကြီးတစ်လျှောက် မြို့ဆင်ခြေဖုံးဆီ စုန်ဆင်းလာခဲ့သည်။ အလုံဘက်သို့ ရောက်လျှင် သခင်မြပန်းခြံဘေးမှ ချိုးကွေ့ကာ အောက်ကြည့်မြင်တိုင် လမ်းမအတိုင်း ဆက်မောင်းလာခဲ့သည်။ ထိုအခါ သူတို့ ခေတ်က ကူရှင်ကျောင်းဟုခေါ်သော အလုံ အမှတ် ၄ ကျောင်းကြီးကို ဘွားခနဲ လှမ်းမြင်ရလေသည်။

နာရီစင်ကြီး ကျောင်းဆောင်များ၊ စကြံလမ်းများ၊ သံတိုင် ကျောင်းဝင်းစည်းရိုးနှင့် သံပန်းခက်ဖော် တံခါးမကြီး၊ တံခါးမ ကြီးဘေးက မလွယ်ပေါက် တစ်ခုပြီးတစ်ခုသို့ သူသည် ငေးကြည့် သွားမိသည်။ ကျောင်းတက်ချိန်မဟုတ်၍ ကျောင်းဝန်းကျင်မှာ လူသူရှင်းနေသော်လည်း သူ့စိတ်အမြင်ထဲမှာ ကြွေ့ ရုပ်ပုံလွှာကို ကျောင်းဝန်းအတွင်း ထင်ယောင် မြင်ယောင်လာသည်။ သည် ကျောင်းမှာ မဟုတ်သော်လည်း သည်လို ကျောင်း အင်္ဂါရပ်နှင့် ပြည့်စုံသော စာသင်ကျောင်းတစ်ခု၏ ပရိဝုဏ်ထဲမှာ ကြွေ့ကို သူ စသိခဲ့ဖူးပေသည်။

လွန်ခဲ့သော ၅ နှစ်ခန့်က သူလည်း အများတကာတွေလို သိပ္ပံ ဘွဲ့တစ်လုံးကို ပိုက်လျက် လက်တွေ့ လူ့လောက အတွင်းသို့ ယာယီ ကျောင်းဆရာဘဝမျိုးဖြင့် ယောင်နန ရောက်လာခဲ့ရ သည်။

www.burmeseclassic.com

www.burmeseclassic.com


ကြွေရှိနှင့်နေသော စေတနာညကျောင်းသို့ စဝင်ရသော ညကို မနေ့တစ်နေ့ကလိုပင် သူ မှတ်မိနေသေးသည်။ စာသင်ကြားမှု အတွေ့အကြုံလည်း လုံးဝမရှိ။ ဝါသနာပါသည်ဟုလည်း မဆိုသာဘဲ သူငယ်ချင်းတစ်ယောက် အဆွယ်ကောင်းသည်နှင့် ကိုယ်တိုင်ကလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ ဖြစ်နေခိုက်မို့ အလွယ်တကူပဲ သူ ကျောင်းဆရာ ဖြစ်ခဲ့သည်။ စေတနာ့ဝန်ထမ်း အပျော်တမ်း ဆရာဘဝမျိုးလို့ပင် ဆိုကြပါစို့။

ထိုညက ကျောင်းဝန်းအတွင်းသို့ ရင်ခုန်စိုးရွံ့စွာ သူဝင်လာခဲ့သည်။ ညကျောင်း၏ ပုံသဏ္ဌာန်သည် သူနေခဲ့ဖူးသော နေ့ကျောင်းနှင့် ခြားနားလှကြောင်း အနီးကပ် သိမြင်လိုက်ရတော့ ပို၍ပင် သွေးလန့်သွားသည်။ ကျောင်းသားအများစုမှာ သူနှင့်ရွယ်တူတွေ၊ မတိမ်းမယိမ်းတွေ ဖြစ်နေသည်။ သူ့ထက် အနည်းငယ် ကြီးကြသူများပင် ပါချင်ပါဦးမည်။ ပုံစံအမျိုးမျိုး၊ ဘဝ အခြေခံအမျိုးမျိုး၊ ပညာကို ရိုးရိုးကုပ်ကုပ် သင်လိုသူ၊ အပျော်လာသူ၊ အဖော်ရှာသူတို့နဲ့ ရောထွေး ဆူညံနေသည်။

ကျောင်းသို့ သူရောက်လာချိန်က အနည်းငယ် စောနေခဲ့သည်။ အလုပ်တွေ ရှုပ်နေသော သူ့မိတ်ဆွေ တာဝန်ခံဆရာကလည်း သူ ဝင်ရမည့်အတန်းနှင့် အချိန်ဇယားကို ပေးပြီး ပျောက်ကွယ်သွားပြန်သည်။ ဆရာခန်းမှာ ထိုင်နေစဉ် ကျောင်းခံဆရာတွေ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြသော်လည်း တစ်ယောက်ကိုမျှ သူမသိ။ နှုတ်နည်းသော ဘာသာလဝါ နေတတ်သော သူ့စရိုက်ကြောင့် မည်သူ့ကိုမျှလည်း သူက

www.burmeseclassic.com

www.burmeseclassic.com


စတင်ကာ မိတ်မဖွဲ့ဖြစ်။ မျက်နှာစိမ်းတွေကြား သူအနေရကျပ်သလို ဖြစ် လာကာ ဆရာခန်းမှ မကြာမီ ပြန်ထွက်လာခဲ့ပြီး ကျောင်းတစ်ပတ် လျှောက်ကြည့်လိုက်သည်။

ကျောင်းတက် ခေါင်းလောင်းထိုးတော့မှ သူ ဝင်ရမည့် အတန်းရှိရာဘက် ပြန်လှည့်လာခဲ့သည်။ ထိုအခန်းမှာ ကျောင်း အပေါ်ထပ် ဆင်ဝင်လှေကားနှင့်ကပ်လျက် လက်ယာဘက်တွင် ရှိရာ လှေကားတစ်ဆစ်ချိုးအရောက်တွင် သူ့နောက်မှ တက် လိုက်လာသော ကြွေက သူ့ကို စတင် နှုတ်ဆက်လိုက်ခြင်း ဖြစ် ပေသည်။

"ဆရာသစ် ထင်ပါရဲ့နော်"

ဖြူဖြူသွယ်သွယ် ကြည့်ပျော် ရှုပျော် ရုပ်ရည်မှာ ရဲဝံ့ စူးရှ သော မိန်းကလေး၏ မျက်လုံးတို့ကို သူ အရင်ဆုံး သတိပြုမိ သွားသည်။ ပညာတတ် မိန်းကလေးတို့တွင် တွေ့ရတတ်သော သွက်လက်ဖော်ရွေ ရည်မွန်ခြင်းကိုလည်း တွေ့ရသည်။ ပြင်သစ် ဆံထုံးနှင့် အကျီအဖြူ လက်ရှည်၊ ကျောင်းစိမ်း မဟုတ်သော စိမ်းပြာလွင်လွင်၊ ပြောင်လုံချည်ကို ဝတ်လျက် ခါးကြားမှာ လေးထပ်ချိုး သေသပ်စွာ ခေါက်ထားသော လက်ကိုင်ပဝါ ထိုးညှပ်ထားပုံက ဆရာမဟန်ပေါက်နေသော်လည်း နုနယ်သော ကြွေ၏ မျက်နှာမှာ သူ့လိုပင် ကျောင်းထွက်စဖြစ်ကြောင်း ဖော်ပြ နေခဲ့သည်။

ကြွေ့လက်တစ်ဖက်က မြေဖြူသုံးလေးချောင်းနှင့် ကျောက် သင်ပုန်းဖျက်ကို ဆုပ်ကိုင်ထားလျက် ကျန်လက်တစ်ဖက်ကတော့

www.burmeseclassic.com

www.burmeseclassic.com


စာအုပ်တချို့ကို ပွေ့ကိုင်ထားလျက် ဖော်ရွေစွာပြုံး၍ နှုတ်ဆက်လိုက်ဟန်မှာ သူ့အတွက် ပထမဦးဆုံးသော အင်အားကို ဖြစ်ပေါ်လာစေခဲ့သည်။

"ဟုတ်ပါတယ်ခင်ဗျာ။ ကျွန်တော် မြတ်နိုင်ပါ"

ဝမ်းသာအားတက်စွာ ပြန်ဖြေလိုက်သံမှာ သူ၏ အကျင့်ပါနေကျ ဟန်အတိုင်း များစွာ မွန်ရည်သိမ်မွေ့ခဲ့ပေလိမ့်မည်။

"ကျွန်မက နှင်းလဲ့ကြွေပါ။ မြန်မာစာ သင်ပါတယ်။ ဆရာဦးမြတ်နိုင် ရောက်လာမယ့်အကြောင်း ကျွန်မတို့ ကြိုသိနေကြပါတယ်။ တခြားဆရာတွေနဲ့ကော တွေ့ပြီးပါပြီလား"

"တွေ့တော့ တွေ့ပါတယ်။ ဒါပေမယ့် မသိရသေးဘူး"

သူဖြေပုံကြောင့် ကြွေက သူ့ကို အားနာစွာ ပြုံးပြသည်။ ထိုနေ့က ကြွေသည် သူ့ကို များစွာကူညီခဲ့သည်။ သူဝင်ရမည့် အတန်းရှိရာသို့ ဦးဆောင်ခေါ်သွားကာ အတန်းသားတွေနှင့် သူ့ကို မိတ်ဆက်ပေးလိုက်သေးသည်။

"အတန်းသတိ မတ်တတ်ထ"

ဟု တိုင်ပေးလိုက်ပုံမှာ အမိန့်သံပါနေသည်။ စောစောက အတန်းပြင်ဘက်တွင် လွတ်လပ်ပွင့်လင်းစွာ ပြုံးနေခဲ့သော ကြွေ့မျက်နှာထားမှာ ကျောင်းသားများရှေ့၌မူ တည်တင်းတင်းကြီး ဖြစ်နေသည်။ နဂိုတည် မဟုတ်ဘဲ လုပ်ထားရသော တည်ပုံမျိုးမို့ သူ့စိတ်ထဲမှာ ရယ်မောလိုက်မိသေးသည်။ အတန်းနောက်နားက ကျောင်းသား နှစ်ယောက် သုံးယောက်၏ မျက်နှာထားမှာလည်း သူ့လိုပင် ရယ်ချင်နေပုံမျိုး ဖြစ်နေသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com


လှမ်းတွေ့လိုက်သည်။ သို့သော် ကြွေ့ကို ကြောက်ကြပုံတော့ ရသည်။

"ဟောဒါ မင်းတို့ရဲ့ သင်္ချာဆရာသစ်ပဲ။ ဆရာ့နာမည် ဦးမြတ်နိုင်လို့ခေါ်တယ်။ မှတ်ထားကြနော်။ ဆရာက မင်းတို့အတွက် စေတနာနဲ့လာတဲ့ ဆရာဖြစ်တယ်။ တို့ကျောင်းရဲ့နာမည်ကိုက စေတနာညကျောင်း၊ စေတနာကို စေတနာနဲ့ တုံ့ပြန်ကြလိမ့်မယ်လို့ ဆရာမ မျှော်လင့်ပါတယ်"

ကြွေ့အသံက စိန်ခေါ်နေသံမျိုးပင်။ ကြွေ့အကြည့်ကလည်း နှိပ်ကွပ်ကြည့်၊ အများစုက ငြိမ်နေကြသော်လည်း နောက်နားဆီမှ 'ဟုတ်ကဲ့ပါ ဆရာမ'ဟု ပြောင်ချော်ချော် တီးတိုးဖြေသံ ထွက်လာသေးသည်။ သူ့ရင်ထဲမှာလည်း အခုန်မြန်စ ပြုလာသည်။ ဆယ်တန်းမှာ ချိုးကပ်နေကြသော မဟာပညာကျော်တွေ ထင်ရဲ့။ ခုမှ ရောက်လာသော သူလို့ဆရာသစ်ကလေးကိုလည်း ချမ်းသာပေးကြမည့်ပုံမပေါ်။

"ဆရာ၊ ကျွန်မက ဒီအတန်းရဲ့ အတန်းပိုင်ပါ။ သူတို့နဲ့ ပတ်သက်ပြီး ဆရာမကျေနပ်တာ တစ်ခုခုရှိရင် ကျွန်မကို ချက်ချင်းပြောပါဆရာ"

ကြွေက သူ့ဘက်ကိုလည်း လှည့်ကာပြောလိုက်သေးသည်။

"ကဲ အားလုံး ဆရာ့ကို နှုတ်ဆက်ပါ"

"မင်္ဂလာပါ ဆရာ"

အသံတွေ ဟိန်းထွက်လာသည့်တိုင် ကြွေကတော့ လူတိုင်းလိုက်ဆိုမဆို စစ်ဆေးကြည့်နေသေးသည်။ ကြွေ့ အမူအရာမှာ ရှေ့က သူ့ထက်ပင် ခေါင်းတစ်လုံးမြင့်နေသေးသော ကျောင်း

www.burmeseclassic.com

www.burmeseclassic.com


သားတွေကို မူလတန်းကလေး အမှတ်ထားသည်ပင်။ သူသည် ကြွေ့အမူအရာကို သဘောကျစွာ ပြုံးချင်နေခဲ့သည်။ ကြွေ့ကို ကြည့်ရင်း ကျောင်းသားများနှင့် သူ၏ ဆက်ဆံရေးကို ကြွေ့လို မဟုတ်ဘဲ စတင်ဖို့ စိတ်ကူးရသွားကြောင်းကိုလည်း ကျေးဇူး တင်စွာ သတိရနေသည်။

သူက ကျောင်းသူများ၏ နာမည်ရှေ့တွင် 'မ'၊ ကျောင်းသား များ၏ နာမည်ရှေ့တွင် 'ကို'တပ်၍ ခေါ်လိုက်သည်။ သူ့ ကိုယ်သူ တော့ 'ကျွန်တော်'ဟူသော နာမ်စားကိုပင် သုံးသည်။ နောက် နားက မဟာပညာကျော် တစ်သိုက်ကိုမူ 'ရဲဘော်တို့'ဟု ရင်းရင်း နှီးနှီး သုံးလိုက်သည်။ အခေါ်အဝေါ်ကို တန်းတူ ရည်တူ ဖြစ် စေကာ စကားပြောဟန်မှာတော့ ဆရာအဆင့်က နေလိုက်သည်။ စာသင်သောအခါမှာလည်း အလွယ်ဆုံးအဆင့်က စတင် ရှင်း ရင်း ကျောင်းသားများ အလွယ်တကူ ပြန်ဖြေနိုင်မည့် နှုတ်မေး ခွန်းများဖြင့် သူတို့၏ ကိုယ့်ကိုကိုယ် ယုံကြည်စိတ် မြင့်လာအောင် ဦးစွာမြှင့်ပေးလိုက်သည်။ ပြီးမှ ခက်သော အပိုင်းသို့ ဖြည်းဖြည်း လေးလေး ဆက်ရှင်းသည်။

သူ၏ သင်ကြားရေးသည် ပွဲဦးထွက်ကပင် အောင်မြင်ခဲ့ပေ သည်။ လေးလေးပင်ပင်နှင့် မာသော သူ့အသံ၊ ရှင်းပြသော သူ့စကားပြောဟန်၊ တည်သော သူ့မျက်နှာထား၊ သပ်ရပ်သော သူ့အသွင်တို့ကလည်း သူ၏ သင်ကြားရေးကို များစွာအထောက် အကူပြုခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com


အချိန်ကုန်၍ အတန်းထဲက ထွက်လာတော့ တံခါးကွယ်နားမှာ သူ မမြင်အောင် ရပ်စောင့်နေသော ကြွေ့ကို တွေ့လိုက်ရသည်။

"အဆင်ပြေတယ် မဟုတ်လား ဆရာ၊ ဆရာ့ကို သူတို့လက်ခံတာ ကျွန်မ တွေ့ရတယ်။ အချိန်မကုန်ခင် ဆယ်မိနစ်ကတည်းက ကျွန်မ လာ အကဲခတ်နေတာ။ တစ်ကျောင်းလုံးမှာ ဒီအတန်းက အဆိုးဆုံးမို့ စိတ်မချလို့။ ပြီးတော့လည်း ကျွန်မက အတန်းပိုင်ဆိုတော့ တာဝန်လည်း ရှိနေပါတယ်။ ဆိုးတယ်ဆိုပေမယ့် တကယ်တော့ ကလေးဆိုးတွေလိုပါ ဆရာရယ်"

ထိုစဉ်ကပင် ကြွေ၏ တွယ်တာမှုအင်အားကြီးတတ်ပုံကို သူ သတိပြုမိခဲ့သည်။ ကြွေက သူ့ကို ကိုဉာဏ်လင်းတို့၊ ကိုကျော်သူတို့နှင့်လည်း မိတ်ဆက်ပေးခဲ့လေသည်။ ထိုညက သူသည် ကြွေ၏ ဖေးမကူညီမှုကို မရခဲ့ဘူးဆိုပါက မည်မျှ ကြောင်စီစီနိုင်ခဲ့မည်လဲ၊ အမှတ်မထင် ကြွေ ပြုခဲ့ဖူးသော ထိုကျေးဇူးကြွေးကလေးကို အခါများစွာပင် သူပြန်လည် သတိရခဲ့မိလေသည်။

လူငယ်စိတ်တစ်ဝက်နှင့် လူကြီးစိတ်တစ်ဝက် ရောနှောသော ပေါင်းစပ်နေဆဲဖြစ်သော ကာလကအကြောင်းများကို ပြန်လည်တွေးရသည်မှာ အရသာတစ်မျိုးရှိသည်ပင်။ ထိုစဉ်က သူတို့သည်

www.burmeseclassic.com

www.burmeseclassic.com


အချိန်တိုတိုအတွင်းမှာပင် တစ်ယောက်နှင့်တစ်ယောက် နာမည်ရင်းကို 'ကို'တပ်၍ခေါ်နိုင်သည်အထိ ရင်းနှီးလွယ်ခဲ့ကြသည်။ ကြွေ့ကိုတော့ ကိုညဏ်လင်းတို့ ကိုကျော်သူတို့ ခေါ်သလို 'ကြွေ'ဟုသူ ရုတ်တရက် မခေါ်ဖြစ်နိုင်ခဲ့ပေ။

သူ့တစ်သက်တာတွင် သည်လို နာမည်တစ်လုံးတည်း အဖျားဆွတ် ခေါ်ခဲ့ဖူးသော မိန်းကလေးမှာလည်း ကောလိပ်ကျောင်းသားဘဝက ရည်းစားဟောင်းတစ်ယောက်သာပဲ ရှိခဲ့ဖူးသည်။ ကြီးမှ သိကျွမ်းရသော မိန်းကလေး မိတ်ဆွေများကို 'မ'တပ်၍ နာမည်အပြည့်အစုံ ခေါ်တတ်လေ့ရှိခဲ့ပြီး ငယ်သူငယ် ချင်းမတွေကိုတော့ နာမည်ပြောင်နှင့်ပင် တရင်းတနှီး ခေါ်ငင်နေကျ ဖြစ်ဆဲ။ ထိုကဲ့သို့သော သူသည် ကြွေက သူ့ကိုယ်သူ 'ကြွေ'ဟု သုံးနှုန်းလျက် 'ကြွေလို့ပဲ ခေါ်နိုင်ပါတယ်' ဟု ခွင့်ပြု ခဲ့သည့်တိုင် 'မကြွေ'ဟု ခေါ်နေခဲ့သေးသည်။ ထိုအခါ ကြွေက-

"အမယ်လေး အဲသလိုတော့ မခေါ်စမ်းပါနဲ့။ မကြွေဆိုတာ အမေ့ဆီက ပိုက်ဆံချေးပြီး ပြန်မဆပ်တဲ့ မိန်းမကြီးကိုမြင်နိုင်ရဲ့။ နှင်းလဲ့ကြွေလို့ ခေါ်ရမှာ ရှည်တယ်ဆိုရင် ဆရာမလို့ပဲ ခေါ်ပေါ့"

အတည်ပေါက် ပြောလိုက်သော ကြွေ့ဟန်ကို ကြည့်ကာ လှိုက်လှဲစွာ သူရယ်မောခဲ့သည်။ နောက်မကြာခင်မှာပင် 'ကြွေ'ဟု ချောချောမောမော ခေါ်ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com


ကြွေသည် ထိုစဉ်ကတည်းကပင် အချိန်ပြည့် အစိုးရ ကျောင်းဆရာမ အလွန်ဖြစ်ချင်နေခဲ့သည်။

“ကြွေတို့ လူဖြစ်နည်းနည်း နောက်ကျသွားတယ်။ ကြွေတို့ အစ်မဝမ်းကွဲတွေ ခေတ်တုန်းကဆို ဘွဲ့ရပြီးပြီးချင်း မူလတန်းပြ လောက်တော့ ဖြစ်ကြတာပဲ။ အခုဆိုရင်တော့ သင်တန်း တစ်နှစ် ပြန်တက်ရဦးမယ်လေ”

“တက်ပေါ့ ကြွေရဲ့”

“ဆယ်တန်း (ခ)ကလေးတွေကို ကြွေ အားနာတယ်”

ကြွေက ရယ်မောလျက် ပြောတတ်သည်။ ပြီးတော့-

“ကြွေတို့လည်း ကျောင်းဆင်းကာမှ ယောင်ခြောက်ဆယ် ဖြစ်တော့တာပဲနော်”ဟု ဆက်လက် ညည်းတွားတတ်လေသည်။

“ဘာလုပ်မလဲ ကြွေရာ။ ကျူရှင်ပြစမ်းပါ။ မူလတန်း လစာ လောက်တော့ အသာကလေး”

ကိုကျော်သူကတော့ လူတိုင်းကို ကျူရှင်ဆရာလုပ်ဖို့ စည်းရုံး တတ်လေသည်။ ကိုကျော်သူမှာ စီးပွားရေးဘွဲ့ဖြစ်၍ သူ ဘွဲ့ရ သောနှစ်မှာပင် ကျူရှင်တွေ စန်းထသောခေတ်နှင့် သွားတိုး နေသည်။ ယခင်ကတော့ သူလည်း စာရင်းစစ်အလုပ်တို့၊ ဘဏ် အရာရှိ အလုပ်တို့ကို စိတ်ကူးယဉ်ခဲ့ဖူးသည်ဟု ကိုကျော်သူက ဝန်ခံသည်။ ကိုကျော်သူမှာ အပေါင်းအသင်းကောင်းသူပီပီ စာသင်နှစ် မဆုံးမီမှာပင် ကျူရှင် သုံးလေးခုနှင့် ဆက်ပြီသွား သည်။

www.burmeseclassic.com

"သေသေချာချာ ဖိဖိစီးစီးသာ လုပ်တတ်ရင် ကျူရှင်ဆိုတာ စီးပွားရေးစားကျက်ကောင်းတစ်ခုပဲ"ဟု ကိုကျော်သူက ပြောပြတတ်သည်။ စေတနာညကျောင်းသို့ သူလာသည်ကပင် သူ့ ကျူရှင်အတွက် လူခေါ်ဖို့ဆိုသော ရည်ရွယ်ချက်လည်း ပါကြောင်းကို ဝန်မခံပေမယ့် သူ မငြင်းတတ်။ စေတနာ ညကျောင်းများမှာ သူလိုလူတွေ တစ်ပုံတစ်ပင်။ ကြွေတို့လို ပင်တိုင်ဆရာအချို့သာ မရှိလျှင် ကျောင်းပျက်လောက်ပေသည်။ ကျောင်းသို့ရောက်ပြီး မကြာမီ ကိုမြတ်နိုင်မှာလည်း ကိုကျော်သူနှင့် အလိုလိုပေါင်းမိသွားလေသည်။ သို့တိုင်အောင် 'ကျူရှင်ဆိုတာ အလုပ်လက်မဲ့ ပညာတတ် လူငယ်တချို့ရဲ့ ယာယီထွက်ပေါက်'ဟု ကိုကျော်သူ့နည်းတူ သူ ခံယူထားဆဲ ရှိပြန်သည်။

ကြွေနှင့် ကိုဉာဏ်လင်းကတော့ ကျူရှင်ကို စိတ်မဝင်စားကြ။ ကိုဉာဏ်လင်းမှာ အပျင်းပြေလုပ်စရာ သူ့အဖေ၏ ပုံနှိပ်စက်လုပ်ငန်းကြီးတစ်ခုလုံး ရှိနေသည်။ ကြွေ့မှာလည်း ပူပင်စရာ မရှိလှပေ။ ကြွေတို့မှာ အိမ်ပိုင်နှင့်၊ သူ့အမေ၏ အထည်ဆိုင်ပိုင်နှင့်။ ထမင်းတစ်လုတ်အတွက် ကြွေ အပန်းတကြီး ရှာစရာမလိုသေး။

သူ့ဘဝနှင့် နှိုင်းကြည့်လျှင် ကြွေက များစွာသာသည်။ သူ က မုဆိုးမ မိခင်၏ သားသမီးလေးယောက်အနက် သားကြီးဩရသ။ သူ တက္ကသိုလ် တတိယနှစ်တွင် ဖခင်ဆုံးခဲ့သည်။ ဖခင် ထားခဲ့သော အသက်အာမခံ၊ ကရုဏာကြေး စသည် ငွေထုပ်

www.burmeseclassic.com

www.burmeseclassic.com


ကလေးကို ဖြည်စားရင်း သူ့အမေက သူ့ကို ဘွဲ့ရစေခဲ့သည်။ ယခုတော့ အဖေ၏ ငွေထုပ်ကလေးလည်း ပြားချပ်သွားပြီ။ သူလည်း ဘွဲ့ရပြီ။ သူ့အလှည့်သို့ ရောက်ပြီ။

သူ့ဖခင် ဆုံးပြီးခါစကပင် သူသည် မိသားစု၏ နောင်ရေးဆိုသည်ကို တွေးတောတတ်စ ပြုလာခဲ့သည်။ သို့နှင့်ပင် သူနှင့်ကိုကျော်သူက ကျူရှင်ပြကြရင်း၊ ကိုညာဏ်လင်းက သူ့ဖခင်၏ ပုံနှိပ်စက်တွင် ကူလုပ်ရင်း ကြွေကမူ အချိန်ပိုင်းပြု နည်းပြဆရာမ ကလေးပဲ ဖြစ်ရဖြစ်ရဟူသော မျှော်လင့်ချက်နှင့် မဟာဝိဇ္ဇာ ပြန်တက်ရင်း ထို စေတနာညကျောင်းမှာ မိတ်ဆွေရင်း ဖွဲ့မိကြလေသည်။

ထိုရက်များဆီလောက်ကပင် သူ့အပေါ် ကြွေ၏ ခင်မင်မှုသံယောဇဉ် စတင်နှောင်ဖွဲ့ခဲ့သည်ကိုလည်း သူ သတိရနေသေးသည်။ ကြွေက သူ့ကို မျှော်တတ်ပုံ၊ သူတို့လူစု စားကြဖို့ စားစရာကလေးများကို ယူဆောင်လာတတ်ပုံ၊ သူ့အပေါ် စိုးရိမ်စိတ်တွေ စေတနာတွေနှင့် အမိန့်ပေးလာတတ်ပုံ၊ သူ့အနားသို့ ကျောင်းသူကလေးတွေ ဝိုင်းလာလျှင် ကြွေ့မျက်နှာ တည်နေပုံတွေကို သူ မမေ့။

သူကိုယ်တိုင်လည်း ကြွေနှင့်တွေ့ရန် စိတ်စောနေတတ်ပုံ၊ ကြွေနှင့် စကားလက်ဆုံ ကျရခြင်းမှာ သာယာလာတတ်ပုံတွေကိုလည်း သူ မမေ့။ ကြွေနှင့် သူ၏ ရင်းနှီးမှုမှာ တဖြည်းဖြည်းတိုးတက်မြဲမြံလာသည်။ ကိုညာဏ်လင်းလို သူ့ကိုယ်ရေး ဇာတိ

www.burmeseclassic.com

လမ်းဟောင်းတွေကို မပြောပြတတ်ပေမယ့် လောလောဆယ် သူ့ဘဝအတွင်းပိုင်းများကိုတော့ တစ်စတစ်စ လှစ်ဟပြခဲ့မိသည်။ တစ်ခါတွင် သူ့ အင်္ကျီအိတ်ထဲမှ အစိတ်တန်ကလေးတစ်ရွက်ကို ထုတ်ကာ အနီးရှိ ကြွေ့အား-

"ကြွေရေ၊ အစိတ်ဖိုး အမ်းဖို့ အနုပ်ရှိရင် လဲပါ"ဟု အမှတ်မထင် ပြောမိလေသည်။ ကြွေက သူ့ စလင်းဘက်အိတ်ကလေးကို ထုတ်ကာ ဖွင့်လိုက်ပြီး-

"ငါးကျပ်တန်နဲ့ ဆယ်တန်တွေပဲ ရှိတယ်"ဟု ပြော၏။

"ရပါတယ်၊ အမေ့ကို ဈေးဖိုး ၁၅ ကျပ်ခွဲ ပေးမလို့"

ဖျတ်ခနဲ လှမ်းကြည့်လိုက်သော ကြွေ့မျက်လုံးတွေက သူ့ရင်ကို လှိုက်ခုန်သွားစေခဲ့သည်။ သူ့လက်ထဲက အစိတ်တန်ကလေးကို ချက်ချင်းမယူသေးဘဲ အတန်ကြာ ငေးကြည့်နေပုံက သူ့ကို အနေခက်စေခဲ့၏။ မိတ်ဆွေအရင်းအချာများလို သဘောထားကာ အလွယ်တကူ ပြောဖြစ်သွားသော စကားတစ်ခွန်းအတွက်လည်း နောင်တရလိုက်သည်။ ကြွေက သူ့ကို မေးခွန်းတွေ ဆက်မေးဦးမှာလားဟုလည်း စိုးရိမ်သွားသည်။

ကြွေသည် နောက်ထပ် ဘာမှ မမေးတော့သော်လည်း ကြွေ့မျက်လုံးတွေထဲမှာတော့ အရိပ်သစ်တစ်ခု တိုးလာသလားဟု သူထင်မြင်ပါသည်။ ထိုအတွက်မူ သူ မကျေနပ်။ နောင် အခါ ကြွေနှင့်တွေ့လျှင် စကားပြောဆင်ခြင်ဖို့ သတိရသည့်

www.burmeseclassic.com

www.burmeseclassic.com


ကြားက ကြွေနှင့် အလွန်နီးစပ်လှသော ကိုညဏ်လင်းရှေ့မှာတော့ ဆင်ခြင်ဖို့ သူ မေ့သွားခဲ့လေသည်။

ထိုအချိန်လောက်ကပင် သူ့နှလုံးသားသည် ပြန်လည် လှုပ်နိုးခံရစ ပြုလာခဲ့ပေသည်။ မေ့ဆေးပေးခံထားရသော သူ့နှလုံးသားမှာ ဝေဒနာကို စတင်တွေ့ရှိလာသည်။ ထိုဝေဒနာကို 'အချစ်'လို့တော့ အလွယ်တကူ နာမည်မတပ်ချင်သေး။ အချစ်ဆိုသည်ကိုလည်း သူက အယုံအကြည် နည်းခဲ့ဖူးလေပြီ။

ကြွေ့ကို မတွေ့မီကပင် ဆယ်ကျော်သက်တို့၏ အရိုင်းချစ်မျိုးကို သူခံစားခဲ့ဖူးသည်။ တက္ကသိုလ်ကျောင်းသားဘဝက ကြုံခဲ့ဖူးသော သူ၏ မည်းပြာဇာတ်လမ်းကလေးတစ်ပုဒ်ကို ခုချိန်မှာတော့ ဘယ်သူ့ကိုမှ အရေးတကြီးကိစ္စတစ်ရပ်လို သူက ပြန်မပြောချင်တော့ပေ။ တစ်ဖွဲ့တစ်နွဲ့ ပြောရလောက်အောင်လည်း အဖြစ်က အဆန်းတကြယ်မဟုတ်ခဲ့။ ဆွေးကြီးမျိုးကြီး မိသားစုတစ်ခုမှ မိန်းမလှလေးတစ်ယောက်နှင့် သူ တက္ကသိုလ်မှာ ဆုံခဲ့၊ ချစ်ခဲ့ကြသည်။ ဇာတ်သိမ်းတွင် မိန်းကလေးက 'မိဘစကားမငြင်းပယ်နိုင်ပါတယ်" ဟူသော ခေတ်ဟောင်းတေးနှင့်ပင် သူ့ကိုအလွယ်တကူ နှုတ်ဆက် ခွဲခွာသွားခဲ့သည်။ သူ့မှာ လူငယ်ဘဝအသည်းတွေ ဘာတွေ ကွဲကာ ဆွေးလိုက်ရသေးသည်။ သို့ပေမင့် ကြာကြာဆွေးချိန် မရလိုက်ဘဲ သူ့ဖခင် မကျန်းမမာဖြစ်လာပြီး နောက်ဆုံး ကွယ်လွန်သွားတော့ သူ၏ ဘဝကြမ်းကို စတင်တွေ့လိုက်ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com


သူ ကျူရှင်ဆရာ ဖြစ်စက မြို့ထဲလမ်းဆုံ မီးပွိုင့်တစ်ခုအနီး မာဇဒါ ဖယ်မလီယာ ကားကလေးပေါ်မှ အချစ်ဟောင်းကို တွေ့လိုက်သေးသည်။ အချစ်ဟောင်းကတော့ သူ့ကို မြင်ပုံမရပေ။ အိမ်ပြန်ရောက်သောအခါ သူသည် ညီတွေ၏ ဂစ်တာကို မခေါက်တတ် ခေါက်တတ်နှင့် တဒေါင်ဒေါင်ခေါက်ကာ 'ဘိုဘို ဟန်'၏ 'ပွမ်ပွမ်မြည်တဲ့ အသည်းကလေး'ကို နောက်တီးနောက်တောက် ဆိုပြရင်း အချစ်ဟောင်းကို တွေ့ခဲ့ကြောင်း ညီ ညီမတွေကို ရယ်ရယ်မောမောပင် ပြောပြမိသေးသည်။

အချစ်စိတ်သည် ဆန်းတော့ဆန်းသားဟု သူ ထင်သည်။ ကောင်းစားနေသော အချစ်ဟောင်းအတွက် သူ ဝမ်းသာနိုင်သည် မှန်သော်လည်း တမ်းတခြင်းမူ လျော့ပါးသွားလေသည်။ သူ့လောက်မှ မကောင်းစားသေးသော ကိုယ့်ဘဝအတွက် အချိန်ပိုပေးရကောင်းမှန်းလည်း သိလာခဲ့၏။ ထိုအခါ အချစ်ဟောင်းကို သူမေ့လို့ရပြီ။ တစ်ပြိုင်တည်းမှာပင် 'မိန်းမဆိုတာ' ဟူသော သူ၏ ကိုယ်ပိုင် အဘိဓမ္မာတစ်ရပ်ကိုလည်း မွေးထုတ်ပြီးသား ဖြစ်နေတော့သည်။

သို့နှင့်ပင် ကြွေ့ကိုတော့ သူသည် အမှုးအရိုင်း မဟုတ်တော့ပြီ။ အတော်အတန်လည်း သွေးအေးတတ်နေပြီ။ ကြွေ့မှာ လည်း စိတ်ဝင်စားစရာရယ်လို့ သူ သိပ်မတွေ့။ ထူးခြားသည်ဟု ထင်စရာတစ်ခုမှာ ကြွေက ကဗျာစပ်သည်တဲ့။ မဂ္ဂဇင်းတွေထဲ မေ့လောက်ရှိမှ တစ်ခါတစ်ခါ ပါလာတတ်သော သူ့

www.burmeseclassic.com


ကဗျာတွေကို လိုက်ဖတ်ခိုင်းလို့မဆုံး။ စာအုပ် လက်ဆောင်ပေးလို့ မဆုံး။ ကြွေ့ကို စိတ်ကူးယဉ်သမားဟု သူ သတ်မှတ်လိုက်သည်။

ပြီး ကြွေက ရာဆာအာရာဖတ်တို့ ငိုယင်သီချောတို့ ချော အိမန်တို့ကိုလည်း စိတ်ဝင်စားသေးသည်။ သူ့လို အမျိုးသမီး ဖော်တွေနှင့် ဖော့ရှန်တို့ ပါတိတ်တို့အကြောင်း ပြောနေရမည့် အစား အမျိုးသားတွေ၏ စကားဝိုင်းထဲဝင်လာကာ ဆွေးနွေး ငြင်းခုံပြီဆိုလျှင် သူက သိပ်ကြည့်မရတတ်။ သို့ပေမယ့် ကြွေ့ မှာ မိန်းမစရိုက်တွေလည်း ရှိသားပင်။ တစ်ခါတစ်ရံ စိတ်လို လက်ရ ကြွေ အလှပြင်လာလျှင်-

"အို လူတွေဘာတွေတောင် မှားလို့ဗျာ"ဟု သူ သွား နောက်တတ်သည်။ ထိုအခါများတွင် ကြွေက မကြိုက်သလို မျက်နှာထားနှင့် ခပ်တည်တည် နေပြန်သည်။ များသောအား ဖြင့် မူ ကြွေ့ကို အလှပြင်လျက် မတွေ့ရတတ်။ ဟိုသင်တန်းတက် လိုက်၊ သည်သင်တန်းတက်လိုက်နှင့် ဖတ်သီဖတ်သီ ပြေးလွှား လှုပ်ရှားနေသည်ကိုသာ တွေ့ရတတ်သည်။ ထိုအခါကျတော့ လည်း ရည်မှန်းချက်ကြီးမားတဲ့ သနားစရာ မိန်းကလေးဟု တွေး မိပြန်သည်။

ကြွေ့ကိုတော့ တဖြည်းဖြည်း နားလည်စ ပြုလာသည်။ သူ့အပေါ် ကြွေ၏ လိုက်လျှော့ပျူငှာမှု၊ ညှာတာရိုင်းပင်းတတ်မှု၊ တလေးတစား တိုင်ပင်ပြောဆိုတတ်မှုတို့ကိုလည်း ကျေနပ်နေခဲ့

www.burmeseclassic.com

www.burmeseclassic.com


သည်။ သို့ပေမယ့် ကြွေ့ကို ကိုဉာဏ်လင်းနဲ့လည်း ယှဉ်တွဲလျက် ကြည့်နေမိပြန်လေသည်။

ကြွေနှင့် မိတ်ဆွေအဆင့်ထက် ကျော်လွန်လုနီး ဖြစ်သွားရသော ညကိုလည်း သူ့ဘဝထဲက မှတ်တိုင်တစ်တိုင်အဖြစ် အကြောင်းဆုံတိုင်း အမှတ်ရနေဦးမည်။

တစ်ညမှာတော့ မှတ်မှတ်ရရပင် ကြွေနှင့်နှစ်ယောက်တည်း လမ်းအတူ လျှောက်ခဲ့ကြဖူးသည်။ ထိုညက ကိုဉာဏ်လင်းလည်း မလာ၊ ကိုကျော်သူကလည်း စောစောပြန်နှင့်သည်။ သူလည်း အတန်းတွေဆက်တိုက်ဝင်နေရ၍ ခါတိုင်းညတွေလို ကြွေနှင့်ပင် မဆုံဖြစ်။ ကျောင်းအလွှတ်မှာ ဆရာခန်းထဲက သူ့ ပစ္စည်းတွေကို ဝင်ယူ၊ ပြန်မည်ပြင်တော့ ကြွေ၏ တစ်ယောက်တည်းအဖြစ်ကို သွားတွေ့သည်။ ကြွေ့ကို လာစောင့်နေကျ အတူ ပြန်ဖက် ကျောင်းသူမလေးကို မတွေ့ရ။ ကြွေက သူ့ကို နှုတ်နှင့်တော့ အကူအညီမတောင်း။ ကြွေ့မျက်လုံးထဲမှာမူ မျှော်လင့်ခြင်း အရိပ်အယောင်ကို သူ တွေ့မိသလိုရှိသည်။

“တစ်ယောက်တည်းလား ကြွေ၊ ပြန်ရဲရဲ့လား”

“ပြန်ရဲပါတယ် ကိုမြတ်နိုင်။ ဒါ ကြွေတို့ ရပ်ကွက်ပဲ”

ကြွေ၏ မာနရိပ်ကိုမြင်လိုက်ရသလိုပင်။ သူ စေးပို လိုသွားပြီလားဟု စိတ်က တွေးသည်။

www.burmeseclassic.com

www.burmeseclassic.com


"ဒါဖြင့်လည်း ကျွန်တော် သွားမယ်နော်"ဟုပြောကာ လှည့်ထွက်ခဲ့ဖို့ စိတ်ကူးသေးသော်လည်း တကယ်တမ်းတော့ ထိုသို့ သူ မလုပ်နိုင်ခဲ့ပေ။

"ကျွန်တော် လိုက်ပို့ပါ့မယ်။ တစ်ယောက်တည်း ပြန်လို့ မကောင်းဘူး"

ကြွေက ဘာမှပြန်မပြောတော့ဘဲ ပြုံး၍ တစ်ချက်ဝင့်ကြည့်လိုက်သည်။ ကြွေ့ မျက်လုံးအိမ်ထဲမှာ ဘာကြောင့်များ မျက်ရည်တွေ ဝဲနေပါလိမ့်။ သူ လှိုက်ခနဲ ရင်ခုန်သွားသည်။ ကြွေ့အိမ်သို့ ရောက်အောင် ကားစီး၍မရ။ ကျောင်းနှင့်လည်း သိပ်မဝေးလှ။ ဆယ်မိနစ်ခရီးလောက်တော့ ရှိလိမ့်မည်ထင်သည်။ သူတို့ လမ်းလျှောက်ပြန်ခဲ့ကြသည်။

ထိုညက ကောင်းကင်မှာ ဆုတ်ခါစဖြစ်သော လကလည်း အတော်ပင် သာနေသေးသည်။ ဆောင်းနှောင်းညလေးကလည်း အတော်ပင် အေးမြနေသေးသည်။ နှင်းမှုန် ရိပ်ရိပ်ကျဆင်းနေကာ ပုရစ်သံများလည်း စီစီညံလျက် ရှိနေသည်။ ဓာတ်မီးတိုင်များ အောက်၌ ပုဆိုးခြုံလျက် ပုရစ်ကောက်နေသော ကလေးများကို တွေ့ရှောင်ကာ သူတို့သည် ကောက်ကွေ့ကျဉ်းမြောင်းသော ရပ်ကွက်လမ်းများကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်ခဲ့ကြသည်။

ကြွေသည် လမ်းတစ်လျှောက်လုံး သူ့ဘေးက တိတ်ဆိတ်စွာပင် လိုက်ပါလာခဲ့လေသည်။ သူတို့နှစ်ဦးကြားမှာ တိတ်ဆိတ်

www.burmeseclassic.com

www.burmeseclassic.com


နေမှုက သူတို့၏ ရင်တွင်းမှ မငြိမ်သက်မှုကို ဖော်ပြနေသလို ပင် ရှိ၏။

သူကိုယ်သူလည်း များစွာအံ့သြနေခဲ့လေသည်။ တကယ်တော့ သူမှာ အချိန်ပြည့်ဆက်တိုက် အတန်းဝင်ခဲ့ရ၍ သိသာစွာ မောပန်း နွမ်းနယ်နေသည်။ သို့သော်လည်း နွမ်းနယ်မှုကြားက ဖျတ်လတ် လန်းဆန်း နေခဲ့လေသည်။

သူ့စိတ်တွင်းမှာလည်း ခါတိုင်းလို ကြွေနှင့် ရယ်မော ရွှင်ပျ စကားလက်ဆုံ ကျသွားဖို့ အခါခါ အားတင်းနေပြန်သည်။ စကားစမည် ကြံရင်း ပြောစရာ အကြောင်းအရာ ရှာမရဖြစ်ရင်း ကြွေတို့အိမ်နှင့် တဖြည်းဖြည်း နီးလာခဲ့သည်ကို သူ အားမလို အားမရ ဖြစ်နေသည်။ ကြွေကရော ဘာဖြစ်လို့ သူ့ကို စကား မပြောတာပါလိမ့်ဟု သူ တွေးနေပြန်သည်။

ကြွေ့ကို သူ လှည့်ကြည့်လိုက်တိုင်း ငေးမောငြိမ်သက်လျက် သားတွေ့ရသည်။ ကြွေသည် ကောင်းကင်မှ ကြယ်များကို ရေတွက်ရင်း လိုက်ပါလာသလိုရှိ၏။ ကြွေ ရှက်နေသလား လမ်းမှာ အသိအကျွမ်းနှင့် တွေ့မည်ကို စိုးရိမ်နေလေသလား။

သူသည် ကြွေ့ကို ညာကာ ရှေ့မှ သုတ်သုတ်သွားလိုက်သည်။ ထိုအခါ ကြွေ အပြေးတစ်ပိုင်းလှမ်း၍ သူနှင့်ရင်ပေါင်တန်းပင် ထက်ကြပ်မကွာ လိုက်၏။ ကြွေ မောမည်စိုး၍ သူ့ ခြေလှမ်းကို လျှော့လိုက်သည်။ ကြွေ့ကို ရှေ့မှသွားစေကာ သူကတော့

www.burmeseclassic.com

www.burmeseclassic.com


နောက်မှ ခပ်ချန်ချန် လိုက်ကြည့်ပြန်သည်။ ထိုအခါတွင်မူ ကြွေက သူ့ကို လှည့်ကြည့်ပြီး ရပ်စောင့်နေလိုက်တော့သည်။

ကြွေနှင့်သူ စကားမပြောဖြစ်ဘဲ အကြည့်ချင်းဆုံမိကြသည်။ ကြွေ့မျက်လုံးတွေက ဝံ့ဝံ့စားစား ရှိလှသည်။ ထူးထူးခြားခြား စူးရှတောက်ပ၍လည်းနေသည်။ မရယ်မပြုံးဘဲ စူးစိုက်ကြည့်နေပုံက သူ့ကို စိန်ခေါ်နေသကဲ့သို့ ရှိသည်။ စူးစမ်းနေသကဲ့သို့လည်း ရှိသည်။

ကြွေသည် အသံမထွက်ဘဲ သူ့ကို စကားများစွာ ပြောလိုက်သည်လား။ သူက အလျင် မျက်နှာလွှဲလိုက်မိသည်။ သူ့ ရင်ထဲ မှာ လှိုက်ခုန် မောပန်းလာသည်။ ကြွေ့ကို တစ်ခုခု ပြောချင်နေသော်လည်း ပြောလို့မရ။ သူ့နှုတ်ကို တန်ခိုးအင်အားတစ်ခုခုက ထိန်းချုပ်တားဆီးထားသလို ရှိသည်။ မပြောရဘဲ ကြွေက အလိုလို နားလည်နေစေချင်သည်။ နားလည်ရုံနှင့် မပြီးသေးမှန်း သူ ဆက်တွေးပြန်သည်။ နားလည်မှုသည် အစသာ ဖြစ်ပေဦးမည်။ နောက်ပိုင်းဆက်လက် ရင်ဆိုင်စရာတွေ အများကြီးကို တွေ့ရလိမ့်ဦးမည်။

နားမလည်တာပဲ ကောင်းပါတယ်လေဟု သူ ပြင်တွေးသည်။ အချိန်စောပါသေးသည်။ သူ့မှာလည်း သည့်ထက် အရေးကြီးတာတွေကို လုပ်ဖို့ရှိနေသေးသည်။ ကျောင်းသားဘဝတုန်းကလို ရင်ခုန်ခြင်းအရသာကို လွတ်လပ်စွာ ရှာဖွေဖို့အချိန်နှင့် အခွင့်အရေး လွန်စွာနည်းပါးခဲ့ပြီကို သူ မမေ့။ ထိုနည်းတူ သူ့ကိုယ်သူ

www.burmeseclassic.com

www.burmeseclassic.com


လူငယ်တစ်ယောက်သာဖြစ်သည် ဆိုခြင်းကိုလည်း သူ မမေ့။ လူငယ်ဆိုတာ ရင်ခုန်ချင်တာ၊ စိတ်ကူးယဉ်ချင်တာ ကလေးတွေနှင့်လည်း ကင်းလို့နေနိုင်မည် သူ မထင်။

သို့သော် သူ၏ လူငယ်စိတ်သည် အင်အားကြီးသော သူ့ဦးနှောက်၏ ထိန်းချုပ်မှုအောက်မှာ ပျပ်ဝပ် ကျိုးနွံနေခဲ့လေသည်။ သူသည် သက်ရှိ ကြွေ့ကို သူ့ဘေးမှာ ထားကာ နာမ်လောကထဲက ကြွေနှင့်သာ တွေ့ဆုံ ကြည်မွေ့နေလိုက်သည်။ နှစ်ဦးကြားမှာ တိတ်ဆိတ် ငြိမ်သက်ခြင်းသာ ကြီးစိုးလျက် စကား တစ်လုံးမှမပြောဘဲ စကားတွေ အများကြီး ပြောဖြစ်ခဲ့ကြသည်ဟု ထင်ရသော ထိုကြုံတောင့်ကြုံခဲ သီးသန့်အချိန်ကလေးသည် တိုလည်း တိုတောင်းလွန်းခဲ့၏။ ကြာလည်း ကြာရှည်လွန်းခဲ့၏။

သည်လိုနှင့်ပင် ကြွေတို့အိမ်ရှေ့သို့ ရောက်လာခဲ့၏။ ကြွေသည် အိမ်ခြံတံခါးဝမှာ ရပ်လျက် သူ့ကို အပြုံးတစ်ဝက်နှင့် ကျေးဇူးစကားဆိုသည်။ ညှိုးငယ်ခြင်းနှင့် ဝံ့စားခြင်း ရောယှက်နေသော ကြွေ့အပြုံးကို သူငေးကာ တစ်ခါမှ သည်လောက် မလှဖူးဘူးဟု ခံစားသိမှတ်နေသည်။ ကြွေ့ကို တုံ့ပြန်လိုက်သော သူ့အပြုံးမှာလည်း ခံစားမှုဝေဒနာတွေ ရောထွေးနေခဲ့သည်။

“ကောင်းသောညပါ”ဟု သူက အင်္ဂလိပ်လို စတင်နှုတ်ဆက်လိုက်တော့ ကြွေကလည်း “အိပ်မက်လှလှ မက်ပါစေ”ဟု ပြန်လည် ဆုတောင်းပေးလိုက်လေသည်။ ထွက်ခွာလာစဉ် ပြန်လှည့်မကြည့်ဘဲ ကြွေက အတန်ကြာ ရပ်ကြည့်နေသေးကြောင်း သူ့

www.burmeseclassic.com

www.burmeseclassic.com


စိတ်ထဲက ခံစားသိ သိနေသည်။ အားနာသလို၊ အားငယ်သလို ကြားမှ ကြည်နူးချမ်းမြေ့မှုကလေးတို့လည်း လှိုက်လှဲစွာ ထိတွေ့နေခဲ့ရသည်။

အိမ်အပြန် ခြေလှမ်းတို့သည် စောစောကထက် ပိုမိုသွက်လက်ပေါ့ပါးလာသည်။ ကြွေ့ ဆုတောင်းသံသည် နာမ်လောကထဲ က သူ၏ ကြွေနှင့်အတူ သူ့နံဘေးမှာ လိုက်ပါလာဆဲပင် ရှိသည်။ စိတ်အတွေးတွေ သစ်လွင်လန်းဆန်းလို့ လာသည်။ မနက်ဖြန် ကျောင်းသို့ စောစောသွားဦးမည်။ ကြွေနှင့်တွေ့ဦးမည်။ ကြွေ့ ထံမှာ သူ သတိမထားခဲ့မိသောအလှတွေ ကျန်ရှိနေသေးသလား ဟု ရှာဖွေ ကြည့်ရဦးမည်။ ခံစားတတ်သော ကြွေသည် သူ့ အတွက် အလှပေါင်းများစွာကို ဖန်တီးပေးနိုင်ပေလိမ့်မည်ဟု သူ မျှော်လင့်ကြည့်နေမိသည်။

ယခုပင် အိပ်မက်လှလှတို့ကို သူ မက်နေပေပြီ။

သို့သော် ထိုညသည် သူ့ညီလတ် ရဲနိုင် မိန်းမခိုးသွားသောညနှင့် တိုက်ဆိုင်စွာ တစ်ညတည်း ကျခဲ့သည်။ ကံကြမ္မာသည် သူနှင့် ကြွေ့အကြားမှာ သည်လိုပင် ဖန်ခဲ့လေသည်။

ရင်ခုန်ကြည်မွေ့၍ မပြီးဆုံးနိုင်သေးမီမှာပင် သမီးရှင်နှင့် သူ ရင်ဆိုင်ခဲ့ရသည်။ သမီးရှင်က ဆယ်တန်းပင် မအောင်သေးသော ရဲနိုင်နှင့် သူတို့၏ သမီးကို သဘောမတူနိုင်ဟု ခါးခါးသီးသီး

www.burmeseclassic.com

www.burmeseclassic.com


ငြင်းဆန်ခဲ့သည်။ ထိုညက အတတ်နိုင်ဆုံး သူ ကြိုးစားသည့်တိုင် သမီးရှင်နှင့် မပြေလည်ခဲ့ပေ။ ညသန်းခေါင် ကျော်သည်အထိ ရဲနိုင်တို့ကို ရှာသော်လည်းမတွေ့။ သမီးရှင်ကလည်း သွေးဆောင်မှုနှင့် တရားစွဲမည်လို့ချည်း တစ်ကြိမ်တည်း ကြိမ်းနေတော့သည်။

နောက်ဆုံးမှာ သူလည်း မရှာဘဲ နေလိုက်သည်။ ရင်ထဲမှာ အတန်ကြာ ငုပ်လျှိုးနေသော ဆွေမာန်မျိုးမာန်တို့ ပြန်ပေါ်လာလေသည်။ ဖခင်ရှိစဉ်က သူတို့မောင်နှမများအပေါ် မျက်နှာချိုခဲ့သော သမီးရှင်၏ ဆက်ဆံရေးကို မြင်ယောင်လာလေ၊ မရှိမာနတို့က ပိုကြွလာလေ ဖြစ်ပြန်သည်။

“တရားစွဲတိုင်း ရမတဲ့လား။ ကောင်မလေးက အသက်ပြည့်ပြီးသားပဲ။ သေခန်းဖြတ်ရုံမက ဘာဖြစ်ဖြစ် ငါ့အိမ်ပေါ် ခေါ်တင်ထားတယ်”

သူ့မာနသည် အင်အားအဖြစ်သို့ ပြောင်းလဲသွားလေသည်။ သို့သော် ညီကိုတော့ ဆဲရေးဖြစ်သည်။ ပညာဆုံးခန်းမတိုင်မီ မနိုင်ဝန်ကို သူများအားကိုးနှင့် ထမ်းတော့မည်။ တစ်ကိုယ်ကောင်းဆန်တဲ့ကောင်ဟု ရှုတ်ချလို့ မဆုံးနိုင်အောင် ရှိသည်။ လောကမှာ ကိုယ့်ဖို့သာကြည့်ပြီး လုပ်ရဲကြရင်တော့ ဖြစ်မြောက်တာပဲ။ ဒါကိုပဲ သတ္တိရှိတယ်၊ စွန့်စားရဲတယ်လို့ ခေါ်မလား။ မိသားစုတစ်ခုမှာ တစ်ယောက်က တစ်ကိုယ်ကောင်းဆန်လိုက်ရင် ကျန်တစ်ယောက်ကတော့ အလိုလိုအနစ်နာခံရပြီးသားပါပဲလေ။ ဝဋ်ကြွေးတစ်မျိုးပေါ့။

www.burmeseclassic.com

www.burmeseclassic.com


နာကြည်းစွာ သူတွေးသည်။ သို့သော် ထိုအခိုက် အမေ၏ သားကြီးဟု အားကိုးတကြီးခေါ်သံကို ကြားရသောအခါတွင်မူ သူ၏သားကြီး ဩရသအဖြစ်ကို သတိရကာ အားကိုးခံရသည် ကိုလည်း ကျေနပ်စွာ။

တကယ်တော့ အကြီးဆုံး သားသမီးဆိုတာ စွန့်လွှတ် အနစ်နာခံရဖို့ လူဖြစ်လာရသလိုပါပဲ။ ငါ့မှာ သူတို့ဘဝ သူတို့ ဘာသာ ရပ်တည်သွားနိုင်အောင် အခြေခံပညာကလေး ရသွားအောင် လုပ်ပေးဖို့တော့ အနည်းဆုံး တာဝန်ရှိနေမှာပဲဟု အတွေးကို ပြန်ပြင်မိသည်။

ထိုညက တစ်ညလုံး သူ အိပ်မပျော်ခဲ့ချေ။ အနာဂတ် ကာလထိ သူ့အတွေးများ ရှည်လျားနေစဉ် 'အိပ်မက်လှလှ မက်ပါစေ' ဟူသော ကြွေ၏ ဆုတောင်းသံကိုလည်း ရောထွေး ကြားယောင်နေသည်။ သူသည် တစ်ကိုယ်တည်း နှုတ်ခမ်းကို တွန့်မဲ့၍ နာကြည်းစွာ ပြုံးကာ-

"အိပ်မပျော်တဲ့ လူတစ်ယောက်အဖို့ အိပ်မက်လှလှတွေကို ဘယ်လိုလုပ် မက်ရပ့ါမလဲ ကြွေရယ်"ဟု ရင်ထဲမှာ အသံတိတ် ညည်းညူမိလေသည်။

နောက်တစ်နေ့က စ၍ တိုးလာဦးမည့် ပါးစပ်ပေါက်တွေအတွက် အလုပ်ပိုလုပ်နိုင်ရန် ကိုကျော်သူကို သူရှာသည်။ ကျူရှင်တွေ စန်းအထဆုံးနှစ်နှင့် ကံအားလျော်စွာ သူတိုးမိလေသည်။ သည်လိုနှင့် သူတို့နှစ်ယောက်သား ရန်ကုန်မြို့ပိုး ပတ်

www.burmeseclassic.com

www.burmeseclassic.com


လည် လှည့်ကာ ကျူရှင်ပြကြလေသည်။ အချို့နေရာတွေမှာ လစား၊ အချို့နေရာမှာတော့ ရာခိုင်နှုန်းစား၊ တစ်ပြားမှမရဘဲ လူမွေး ပျိုးထောင်နေရသော ကျောင်းများလည်း ရှိသည်။ သို့ တိုင်အောင် သူ့ဝင်ငွေမှာ တစ်လထက်တစ်လ တိုးတက်လာကာ ထောင်ကျော် ဂဏန်း ဘက် သို့ ရောက်လာသည်။ သူ့မှာ အပေါင်းအသင်းနယ် ကျယ်လာသည်။ စီးပွားရေးဆိုင်ရာ နည်းပရိယာယ်များကို အမြင်ကျယ်လာသည်။ အလုပ်မှာလည်း လောဘဝင်လာကာ အားသွန်ခွန်စိုက် လုပ်ရင်း တက်ကြွနေ တော့သည်။

ထိုအခါ စေတနာညကျောင်းဘက်သို့ပင် အရင်ကလောက် သူ မရောက်နိုင်တော့။ ကြွေနှင့်လည်း အတွေ့ကျဲလာလေသည်။ ညကျောင်းမှာ သူနှင့် ကိုကျော်သူက တဖြည်းဖြည်း အာဂန္တု ဆန်လာခိုက် ကြွေနှင့် ကိုညဏ်လင်းကမူ ကျောင်း၏ အမာခံများ ဖြစ်လာကြသည်။

ကိုညဏ်လင်းနှင့် ကြွေ၏ ခင်မင်မှုမှာလည်း ပိုမိုတိုးတက် လာသလိုရှိသည်။ တစ်ခါတစ်ရံ သူနှင့်ဆုံခိုက် ကိုညဏ်လင်း၏ လက်ထဲမှာ ကြွေ့အတွက် စာအုပ်တွေ ပွေ့ပိုက်လာတတ်သည် ကို တွေ့ရသည်။ စာအုပ်ဆိုင်သို့ သွားဖို့ သူတို့ ချိန်းဆိုနေကြ သံများကိုလည်း ကြားခဲ့ဖူးသည်။ ဆွေးနွေး ငြင်းခုံခြင်းများဖြင့် စီစီညံနေတတ်သော ကြွေတို့၏ စကားဝိုင်းအတွင်းသို့မူ သူ မဝင် ဖြစ်ဘဲ ခပ်လှမ်းလှမ်းမှာသာ ငြိမ်သက်နေလိုက်သည်။ ကိုညဏ် လင်း၏ ဟာသတွေမှာ အားပါးတရ ရယ်မောနေသော ကြွေ့ကို

www.burmeseclassic.com

www.burmeseclassic.com


အဝေးမှ လှမ်းငေးရင်း ကြွေ့ကို ကိုညဏ်လင်းရဲ့ကြွေ ဆိုရင်လည်း ငါ မတုန်လှုပ်ဘူးဟု သူ့ကိုယ်သူ ပြောနေသည်။ ထိုအခိုက် ကြွေသည် သူနှင့် စိမ်းဝေးသွားသယောင်ရှိသည်။

သို့သော် သူ့ကိုမြင်လျှင် ဝမ်းမြောက်ရွှင်လန်းသွားမြဲ ဖြစ်သော ကြွေ့အပြုံး၊ အလုပ်ဒဏ်များကြောင့် ပင်ပန်းနွမ်းနယ်နေပြီး သူ ချောင်းတဟွတ်ဟွတ် ဆိုးနေခိုက် ရေနွေးကြမ်းတစ်ခွက်ကို ကပျာကသီ သူ့ရှေ့မှာ လာချပေးတတ်သော ကြွေ၏ အကြင်နာ-

"တစ်ပတ်ကို တစ်ရက်လောက်တော့ လာနိုင်အောင် ကြိုးစားပါ ကိုမြတ်နိုင်ရယ်။ အရင်လို သိုက်သိုက်ဝန်းဝန်း မရှိလို့ ကျောင်းမှာ ပျော်စရာမကောင်းတော့ဘူး"ဟု တောင်းတောင်းပန်ပန် ပြောရှာသော ကြွေ့စကားသံတို့ကိုမူ သူ မမေ့နိုင်။ ကြွေသည် သူ့အပေါ် ပြောင်းလဲသွားပုံ မရပေမယ့် ကြွေ့အပြုံးကတော့ တစ်နေ့တခြား ပိုမိုညှိုးနွမ်းလို့ လာလေသလားဟု သူ တွေးထင်သည်။ ပြီးတော့ ကြွေနှင့် ဝေးရာမှာ ပိုမိုနေဖြစ်သွားပြန်လေသည်။

သို့သော် ရံဖန်ရံခါ မောဟိုက် ပင်ပန်းနေသည့်ကြားက ကြွေနှင့်အတူ တိတ်ဆိတ်စွာ လမ်းလျှောက်ခဲ့ရသော ညကို သတိရနေမိလေသည်။

သည်လိုနှင့် သူသည်း အလုပ်ဒဏ်တွေ ပိလာပြီး တဖြည်းဖြည်း လုံးပါးပါးလာခဲ့သည်။ အစားမမှန်၊ အအိပ်မမှန် ရက်

www.burmeseclassic.com

www.burmeseclassic.com


များ ရှည်ကြာလာသည်နှင့်အမျှ သူ့ ကျန်းမာရေးလည်း တဖြည်း ဖြည်း ချည့်နဲ့ယိမ်းယိုင်လာခဲ့လေသည်။

တစ်နေ့မှာတော့ အရွက်မဲ့ သစ်ခြောက်ပင်လို သူ ဗုန်းဗုန်း လဲကျသည်။

အိပ်မက်ဆိုး စတင်လေသည်။

ကြွေသည် သူ့ကို ဆေးရုံပေါ်မှာ လာတွေ့ခဲ့သည်။ ထိုစဉ်က သူ့မှာ ခုတင်ပေါ်တွင် ပက်လက်ကလေးသာ နေနိုင်တော့သည် အထိ ယဲ့ယဲ့ကလေး ဖြစ်သွားသည်။ သူ့ အဆုတ်ထဲ ရေဝင်ခဲ့သည်တဲ့။

သူ့အခန်းအတွင်းသို့ ကိုညဏ်လင်းနှင့်အတူ ကြွေဝင်လာခဲ့ပုံကို မှတ်မိနေသေးသည်။ ကြွေ့ခြေလှမ်းတွေက လေးတွဲ့တွဲ့၊ ကြွေ့မျက်နှာကလည်း စိုးရိမ်ပူပန်မှုတွေဖြင့် အပျက်ကြီး ပျက်နေခဲ့သည်။ သူ့အတွက် သံယောဇဉ်ကို မူပျက်နေသော ကြွေ့မျက်နှာပေါ်မှာ ထင်းထင်းကြီး မြင်နေရသည်။ သူ့ပါးရိုးတွေ ငေါထွက်နေပုံ၊ သူ့မျက်တွင်းတွေ ချိုင့်ဝင်ဟောက်ပက်ဖြစ်နေပုံတို့ကို ကြွေက ငေးကြည့်နေကာ အတန်ကြာ စကားမပြောနိုင်လည်း ဖြစ်နေသည်။ သူကိုယ်တိုင်လည်း ကြွေရောက်လာခြင်းအတွက် ပြင်းထန်စွာ စိတ်လှုပ်ရှားနေမိကာ ဆေးရုံပေါ်မှာ ကြွေ့ကို ဧည့်ဝတ်ကျေပွန်အောင် ကြိုးစားနေမိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


သူ့ ခုတင်ဘေးက ထိုင်ခုံလေးကို တွန်းရွှေ့၍ ကြွေ ထိုင်ဖို့ပြင်ဆင်ပေးနေမိသည်။ ပြီးတော့ ကြွေက မမေးရသေးမီ သူ့ရောဂါရာဇဝင်နှင့် လက်ရှိ အခြေအနေကို ရှင်းပြနေမိပြန်သည်။

"ကျွန်တော် နေကောင်းနေပါပြီ ကြွေ။ အား နည်းနည်း မွေးဖို့ပဲလိုတော့တာပါ"

သူကပင် ကြွေ့ကို ပြန်လည်အားပေးနေမိခဲ့သေးသည်။ ကြွေသည် သာမန်အချိန်များမှာလို နှုတ်သွက်လျှာသွက် မရှိလှဘဲ ဆိတ်ငြိမ်နေသည့် ကြွေ၏ ကရုဏာကြည့်၊ အကြင်နာကြည့်များကတော့ ပိုမိုနက်ရှိုင်းလာကြလေသည်။

"ကြွေ သတိပေးနေခဲ့သားပဲ။ ခုတစ်လော ကိုမြတ်နိုင်တဖြည်းဖြည်းပိန်လာတယ်။ ချောင်းဆိုးတာလည်း များလာတယ်လို့။ ကိုမြတ်နိုင်လည်း ဗုန်းဗုန်းလဲတော့မှာပဲ နားတော့တာပဲနော်"

အပြစ်တင်သံလား၊ အားမလိုအားမရ ဖြစ်သံလားလို့ သူခွဲခြားနေမိသည်။ ကြွေ့ကို ဘာမှပြန်မပြောလိုက်ပေမယ့် သူကပြုံး၍တော့ ကြည့်နေမိသည်။ သူ့ဘဝကို ကြွေ ကောင်းကောင်းသိပုံမရသေးဟုလည်း ထင်မြင်နေသည်။ ဘာပဲဖြစ်ဖြစ် ထိုနေ့ကသူ အတော် ပျော်နေခဲ့ကြောင်းကိုတော့ သူ့ဘာသာ သိနေသည်။ သူ့အမူအရာတွေ ခါတိုင်းထက် သွက်လက် လှုပ်ရှားနေခဲ့ပေသည်။ အခိုက်အတန့်မှာ သူ့ကိုယ် သူပင် မေ့နေသလို ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com


ကြွေတို့ရှိနေစဉ် ညှော်နံ့တစ်ချက်က ဘယ်ကမှန်းမသိဘဲ ဝေ့တက်လာခဲ့သေးသည်။ ညှော်နံ့ကြောင့် ကြွေလှုပ်ရှားသွားစဉ် သူသည် သူ့အတွက် မစဉ်းစားမိဘဲ သူ့ခေါင်းအုံး နံဘေးက ပရုတ်ဆီပုလင်းကို လှမ်းယူလိုက်ပြီး ကြွေ့ထံ ကမ်းပေးနေခဲ့သည်။

"အို ကြွေတို့က ကိစ္စမရှိပါဘူး။ ကိုမြတ်နိုင်သာ ညှော် မမိစေနဲ့လေ"

ပျာပျာသလဲ ငြင်းလိုက်သော ကြွေ့အသံမှာ တုန်ယင် လို့က်လှဲ နေသည်။ ပြီးတော့ နက်ရှိုင်းသော ကြွေ၏ အကြည့်နှင့် ရစ်ဝဲနေသော မျက်ရည်စများ၊ ကြွေ့ထံမှ သူ မျက်နှာလွှဲရ လေသည်။ ပြီးတော့ ခုတင်ခြေရင်းမှာ ရပ်နေသော ညီမ'စိုး' ကိုခေါ်ကာ ကြွေနှင့် မိတ်ဆက်ပေးလိုက်သည်။ သူကတော့ ကိုဉာဏ်လင်းနှင့် စကားပြောနေလိုက်လေသည်။ ကိုဉာဏ် လင်းကမူ-

"ဘာလိုသေးသလဲ။ ဘာကူညီရဦးမလဲ။ အားမနာနဲ့ဗျာ။ လူရင်းဆိုလို့ ကျွန်တော်တို့ပဲရှိတာ"ဟု တဖွဖွ ပြောနေသည်။ လောကဝတ်စကား သက်သက် မဟုတ်ကြောင်း သူသိသော် လည်း ကိုဉာဏ်လင်းထံမှတော့ သူ အကူအညီမတောင်းချင်ပေ။

သူ့မှာ ကိုဉာဏ်လင်းအပေါ် ကိုကျော်သူလောက် ခင်မင် ရင်းနှီးလိုစိတ်လည်း မဖြစ်ခဲ့မိချေ။ ကိုဉာဏ်လင်း စကားဖွာတတ် တာ၊ မရိုးမသား မဟုတ်ပေမယ့် အများရှေ့မှာ ကြွေနှင့် ရင်းနှီး ကျွမ်းဝင် ပြတတ်လွန်းတာတွေကို သူ မကြိုက်။ တစ်ခါတစ်ရံ

www.burmeseclassic.com

www.burmeseclassic.com


အကြွားကလေးကလည်း နည်းနည်းပိုသည်ဟု ထင်မြင်မိနေဆဲ။ သို့ပေမယ့် ကိုဉာဏ်လင်း ရက်ရောတာ၊ ကူညီတတ်တာ၊ သည်းခံ အလျှော့ ပေးတတ်တာတွေကိုတော့ စိတ်ရင်းကောင်းများအဖြစ် သူ မြင်သည်။ ယောကျ်ားအချင်းချင်းထက် မိန်းမများနှင့် ပိုမို အလွမ်းသင့်တတ်သော လူစားမျိုးပဲဟုလည်း ကောက်ချက်ချဖူး သည်။ သည်လိုလူမျိုးကို ကြွေက ခင်သည်ဆိုခြင်းအတွက်တော့ ဝန်တိုရန်အကြောင်း သူ့မှာ မရှိချေ။

ထိုနေ့က ညေ့ချိန်ကုန်ခါနီးလောက်မှာ မိုးတွေ မည်းမှောင် ညို့ဆိုင်းလာလေသည်။

"မိုးမိလိမ့်မယ် ကြွေ၊ ပြီးတော့ ဒီထက်နောက်ကျရင် ကားတွေ ပိုကျပ်လာတတ်တယ်"

ကိုဉာဏ်လင်း သတိပေးတော့မှ ကြွေသည် စကားလက်စ ဖြတ်ကာ ထိုင်ရာမှ ထသည်။ ကြွေတို့ပြန်မည်ကို မတားသာ သော်လည်း သူ့ရင်ထဲမှာတော့ ဟာသွားသလိုရှိသည်။

"ချက်ချင်းကြီး ရွာမှာ မဟုတ်သေးပါဘူးဗျာ၊ ရပါတယ်" ဟု ပြောချင်သော်လည်း သူက တောင်းဆိုခြင်းကို ဝါသနာပါသူ မဟုတ်ပေ။ ပြီးတော့ ကြွေ့ကို ညှာရမည်။

ပြန်ခါနီးမှာ ကြွေက-

"ကြွေ ဘာလုပ်ပေးရဦးမလဲ ကိုမြတ်နိုင်" ဟု ဂရုတစိုက် မေးသေးသည်။ သူက ထုံးစံအတိုင်း ခေါင်းကိုသာ ခါနေမိ သော်လည်း ရင်ထဲမှာတော့ ဝမ်းသာအားတက်နေခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com


ပြီးတော့ သူ့ကို ဆေးမှန်မှန်သောက်ဖို့ ကြွေမှာဟန်၊ ညီမစိုး၏ ပခုံးကို ကျွမ်းဝင် ရင်းနှီးစွာ ကိုင်ကာ ကြွေ နှုတ်ဆက်သွားဟန် တို့ကို မျက်စိထဲမှာ စွဲကျန်ရစ်ခဲ့သည်။

ကြွေတို့ ပြန်သွားသောအခါ စိုးက သူ့မျက်နှာကို တကြည့်ကြည့်နှင့် ရှိသည်။ နှုတ်ကတော့ ဖွင့်မေးရဲဟန် မရှိရှာပေ။ သူက ညီမချစ်၏ ခေါင်းကို လှမ်းပုတ်လိုက်ပြီး-

"တစ်လွဲတွေ လျှောက်တွေးမနေနဲ့၊ ရိုးရိုးသူငယ်ချင်းပါကွာ" ဟု မလုံမလဲ ဆင်ခြေပေးနေမိသည်။ စိုးကမူ သိနားလည်စွာ ပြုံးကာ သူ့ကို ကျီစယ်လေသည်။

"သူ့ကိုတော့ စိုး နားလည်နေသလိုပါပဲ ကိုကိုရယ်"

"ကိုကို ဒါတွေ မစဉ်းစားချင်သေးပါဘူးကွယ်"

သူ့မျက်လုံးကိုမှိတ်ကာ စိုးအကြည့်တို့မှ ရှောင်လွှဲနေလိုက်သည်။

သူ့စိတ်ကို အတော်ကြီး လှုပ်ရှားသွားစေခဲ့သော ကဗျာ တစ်ပုဒ်ကို ကြွေ ရေးဖွဲ့လိုက်ချိန်ကား ဆေးရုံပေါ်မှာ သူနာလန် ထစအချိန် ဖြစ်သည်။ ကဗျာတွင် ကြွေက ဇနက၏ လှံ့လကို ပင်လယ်ပြင်မှာ ခုနစ်ရက်တိုင်တိုင် စောင့်ကြည့်နေခဲ့ရစဉ် ပေါက် ဖွားလာသော မေခလာ၏ ခံစားချက်၊ ဇနကကို သနားစိတ်၊ ချီးကျူး လေးစားစိတ်၊ ပါရမီဖြည့်ဆည်းလိုစိတ်နှင့် ကယ်ဆယ်ခဲ့ ဟန်ကို အတွေးသစ်ဖြင့် ဖွဲ့သီထားပေသည်။

www.burmeseclassic.com

www.burmeseclassic.com


ကြွေက သူ့ကိုယ်သူ မေခလာနှယ် တင်စားနေသည်လား။ မိမိကိုလည်း ဇနကနှင့် နှိုင်းချင်သည်လား။ ကြွေ့ သဘောထားကို ကဗျာမှာ ထင်းထင်းကြီး မြင်လိုက်တော့ သူတုန်လှုပ် သွားသည်။ သူ့မာနကိုလည်း ထိခိုက်သွားပေသည်။ လူဆိုတာ မပြည့်စုံလေ မာနတက်လေ အကူအညီ မလိုချင်လေ ဖြစ်တတ်သည်ကို ကြွေ နားမလည်သေးဟု ထင်သည်။ ဇနကသည်ပင် မေခလာ၏ အကူအညီကို လိုလိုချင်ချင် လက်ခံခဲ့သည်မဟုတ်ပေ။ ကြွေကကော သူ့ကို ဘယ်လို ကယ်တင်နိုင်မည်တဲ့လဲ။ 'ဘဝဆိုတာ စိတ်ကူးယဉ်လို့ မရနိုင်ပါ'ဟု ကြွေ့ကို ပြောပြချင်သည်။

ကြွေ့ကဗျာသည် သူ့ကို ရက်အတန်ငယ်ကြာသည်အထိသာ ဖမ်းစားထားနိုင်သည်။ ဆေးရုံသက် ရှည်လာလေ အိမ်အတွက် နောက်ဆံတင်းလာလေဖြစ်ကာ အဖျားသက်သာသွားသော တစ်နေ့မှာ ဆေးရုံက ဆင်းဖို့ ပြင်ဆင်ရင်း ကြွေ့ကဗျာကို အပြီးတိုင် မေ့လျော့သွားလေသည်။

သူ ထင်သည့်အတိုင်းပင် အိမ်မှာ အပြောင်းအလဲတွေ များစွာ ဖြစ်နေတော့သည်။ သူက ဆေးရုံမှ ရုတ်တရက် ဆင်းလာခြင်း ဖြစ်၍ အိမ်သားတွေက အံ့သြနေကြသလို သူ့အဖို့လည်း အိမ်၏ မြင်ကွင်းမှာ အဆန်းတကြယ် ဖြစ်နေသည်။ အိမ်ရှေ့ခန်းမှာ

www.burmeseclassic.com

www.burmeseclassic.com


ကလေး ဆယ့်ငါးယောက် ရှုံးစု ဆူညံလျက် ကလေးများ ကြားမှာတော့ စိုးကို တွေ့လိုက်ရသည်။ သူပြုန်းခနဲ ပြန်ရောက်လာခြင်းကို စိုးက အံ့သြစွာ ကြောင်ကြည့်နေပြီးမှ သူ့ထံသို့ ဝမ်းသာအားရ ပြေးလာလေသည်။ ပြီးတော့ သူ့ကိုတစ်လှည့်၊ ကလေးများကိုတစ်လှည့် နားမလည်သလို ကြည့်နေသော အစ်ကိုဖြစ်သူအား စိုးရိမ်မှု မကင်းသော ရှက်ရွံ့ရွံ့ မျက်နှာကလေးနှင့် မော့ကြည့်ကာ-

"စိုးလည်း အားနေတာနဲ့ အလကားနေ အလကားပဲ ဆိုပြီး-"

မရဲတရဲ စပြောရှာသည်။ သူက ဘာမှပြန်မပြော။

"ကိုကို နေကောင်းမှ ပြောမယ်လို့ စိတ်ကူးထားတာ။ အခုတော့ လေးတန်း ငါးတန်းလောက်အထိပဲ လက်ခံတယ် ကိုကို။ တစ်ယောက်တစ်ဆယ် ယူတာ မများပါဘူးနော်။ ဘာသာစုံပဲ သင်ပေးရတယ်။ ကိုကို့ကို အားကျလို့ လုပ်ကြည့်တာလေ"

စကားတွေ ဖွာပြောနေမှန်း သူ သိလိုက်သည်။ သူ့ထံမှာ ခွင့်တောင်းနေသံဟု ခံစားမိသည်။ အပြစ်တစ်ခုခုလုပ်ထားမိသူလို စိုး သိမ်ငယ်နေသည်ကိုတော့ သူ မကြည့်ရက်။ သူ့မျက်နှာ တင်းမာနေသလားဟု သူ့ကိုယ်သူ ပြန်တွေးကာ အသာအယာ ပြုံးပြလိုက်သည်။

"မိစိုး ပင်ပန်းလှပါတယ်ကွယ်။ အိမ်အလုပ်တွေက တစ်ဖက်၊ လူမမာက တစ်ဖက်၊ စာပေးစာယူ စာစဉ်တွေက ဖြေရတာက တစ်ဖက်နဲ့"

www.burmeseclassic.com

www.burmeseclassic.com


ခွင့်ပြုသံလား၊ ကန့်ကွက်သံလားဟု သူ့ဘာသာသူလည်း မခွဲခြားနိုင်။

"ရပါတယ် ကိုကို၊ မိစိုးမှာ တခြားအလုပ်မှ မရှိ-"

ပြောလက်စ စကားကို တစ်ဝက်တစ်ပျက်မှာ ရပ်ပစ်လိုက်သည်။ စိုး မျက်လုံးမှာ မျက်ရည်ဝိုင်းနေသည်။ သူသည် ညီမငယ်၏ခေါင်းကို ပွတ်သပ်ကာ-

"ဒီနွေ ဆရာဖြစ်သင်တန်းတွေခေါ်ရင် ဝင်ခွင့်ဖြေဖို့ ပြင်ထားတော့လေ။ ကိုကိုလည်း နေကောင်းနေမှပဲ။ ငါ့ညီမကို သင်တန်းလွှတ်ရမယ်။ ဒါလောက်တောင် ဆရာမလုပ်ချင်လှတာ"

စိုးမျက်နှာမှာ များစွာ ပြုံးရွှင်ကျေနပ်သွားသည်ကို ကြည့်ရင်း သူ့ရင်ထဲမှာ ချမ်းမြေ့သွားသည်။ ပြီးတော့ သူ သက်ပြင်းချသည်။ မနှစ်က စိုး ဆယ်တန်းအောင်၍ သူက တက္ကသိုလ်ပို့သည့်တိုင် စိုး မသွားဘဲ စာပေးစာယူသင်တန်းကို ဖွတ်တက်၍ အလုပ်ရှာနေခဲ့သည်။ ထိုနှစ်ကခေါ်သော မူလတန်းဆရာဖြစ် သင်တန်းကို မီလိုက်သော်လည်း စရိတ်စကကို တွက်ကြည့်နေခဲ့ရ၍ မတက်ဖြစ်ခဲ့ပေ။ သည်နှစ်တော့ ဘာပဲဖြစ်ဖြစ် စိုးကို သူ လွှတ်ရပေမည်။

"မမကြွေကတောင် စိုးကို မှာထားသေးတယ်။ ပီအေတီ ဝင်ခွင့်ဖြေရင် သူ့ကိုလည်း ပြောပါတဲ့။ သူလည်း စိုးနဲ့တူတူ ဝင်ဖြေမယ်တဲ့။ သူက ဘွဲ့ရပြီးသားဆိုတော့ မကြာခင် အထက်တန်းပြဖြစ်မှာပေါ့နော်။ စိုးလည်း နောက် ၃ နှစ်ကြာရင် ဘွဲ့ရတော့မှာပဲနော်"

www.burmeseclassic.com

www.burmeseclassic.com


"ဒါပေါ့ကွယ်"

စိတ်အားတက်ကြွ ပျော်ရွှင်နေသော ညီမကို ကြည့်မိရင်း သူ သက်ပြင်းချရပြန်သည်။ နောက် တစ်စုံတစ်ခုကို သတိရ သွားသည်။

"ကြွေနဲ့ ဘယ်မှာ တွေ့ကြတာလဲ"

စိုးရွှံ့ဟန်ဖြင့် စိုး ပြုံးပြန်သည်။

"တိုးနိုင်က ညကျောင်းမှာ လုပ်တဲ့ ဟောပြောပွဲတွေကို တက်ချင်တယ်ဆိုတာနဲ့ မမကြွေကို သွားတွေ့ကြသေးတယ် ကိုကိုရဲ့။ ကိုကိုတို့ကျောင်းက အပြင်လူမှ မဝင်ရတာ။ မမကြွေက ထောက်ခံပေးပါတယ်။ တိုးနိုင် အခု ညကျောင်းမှာ တက်နေတယ်"

"နေ့ကျောင်းရော တက်ရဲ့လား"

"တက်ပါတယ် ကိုကို၊ ညကျောင်းက အပိုတက်တာပါ။ သူက ဒီနှစ် ဆယ်တန်းကို အပြတ်ချနေတာ"

စိုးကို သူ အသေအချာ စူးစိုက်ကြည့်မိပြန်သည်။ သူ့ စိတ်တွင်းမှာလည်း စနိုးစနောင့်ဖြစ်လာသလိုရှိသည်။ သူ မရှိစဉ်က အိမ်၏ အပြောင်းအလဲများတွင် တိုးနိုင်ပါ ပါနေသလားဟု တွေးသည်။ ညီတစ်ယောက်အပြင် နောက်ထပ်တစ်ယောက်ပါ ပညာသင် ပျက်ရမည်ကိုတော့ သူ အစိုးရိမ်ဆုံးပဲဖြစ်သည်။

ခေါင်းငုံ့သွားရှာသော စိုးကို သူ ဆက်မမေးတော့ပဲ သူ့ကို စိုးက လိမ်မပြောတန်ကောင်းဟု ဖြေသိမ့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


ကျောင်းထွက်ရလောက်အောင်တော့ အခြေအနေ ဆိုးသေးဦး မည်မဟုတ်။ သို့သော် ကျောင်း ခဏ ခဏ ပျက်နေတာမျိုး လောက်တော့ ရှိနေပြီထင်ပါရဲ့ဟု တွေးကြည့်နေသည်။ ပြီးတော့ ချက်ချင်းပင် သူ့အတွေးကို ရပ်ပစ်လိုက်သည်။ ဆက်မတွေးချင်။ ဘာပဲဖြစ်ဖြစ် အလိုက်သိတတ်သလောက် စကားနည်းကာ မာနလည်း နည်းနည်းကြီးတတ်သော ညီမငယ်ကို ညီလတ်ထက် ပို၍ သူယုံကြည် စိတ်ချထားသည်တော့ အမှန်ပင်။

မကြာခင် အမေတို့ ပြန်ရောက်လာကာ လဲလျောင်းနေသော သူ့အနားသို့ ဝမ်းသာအားရ ဝိုင်းလာကြသည်။ သူသည် သစ်သစ်လက်ထဲမှ တူကလေးကို လှမ်းယူချီကာ နမ်းလိုက်ပြီး "ဆရာဝန်က ဆင်းနိုင်ပြီဆိုလို့ အမေ"ဟု အမေ့ကို ဦးအောင် ပြောလိုက်သည်။ အမေသည် ထုံးစံအတိုင်း မျက်ရည်စမ်းစမ်း နှင့်ပင် သူ့နဖူးကို လာစမ်းကြည့်ရှာသည်။

"ပိုက်ဆံ ဘယ်လောက်ကျန်သေးလဲ အမေ"

"ရှိပါသေးတယ် သားကြီးရယ်၊ အေးအေးဆေးဆေး နားလိုက်ပါဦး"

အမေ့အသံမှာ အားမာန် မပါလှကြောင်းကို သူ သိနေ သည်။ သစ်သစ်ကတော့ သူ့အတွက် စားစရာတစ်ခုခု စီမံဖို့ နောက်ဖေးချောင်သို့ ဝင်သွားလေသည်။ သူသည် အမေ့ကို ထပ်မမေးတော့ဘဲ သူ့ဘာသာ စိတ်တွက် တွက်ကြည့်နေသည်။ သူ ကျန်းမာစဉ်က ရှာဖွေ ပေးထားခဲ့ဖူးသော ငွေကြေးပမာဏ

www.burmeseclassic.com

နှင့် သူ့အတွက် ကုန်ကျခဲ့ရသော ဆေးဖိုးဝါးခ တစ်ပြားမှ ရှာမပေးနိုင်ခဲ့သော သုံးလတာ ကာလအတွင်းက အိမ်သုံးစရိတ်ကို ချိန်ကိုက် ကြည့်နေသည်။ တွက်လေတွက်လေ စာရင်းတွေ ချိန်သား မကိုက်ဘဲ ရှုပ်ထွေးလာလေ ဖြစ်နေသည်။

နောက်ဆုံးတွင် သူသည် စိတ်အေး လက်အေး သူ မနေနိုင်တော့ဘဲ အဝတ်အစား ထလဲလိုက်သည်။ သူ့အရိပ်အခြည် ကို ကြည့်နေသော အမေ့အား သူ အပြင်ထွက်ဦးမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ဟန့်တားလာမည့် အမေ့စကားတို့ကို စောင့်နားထောင်မနေတော့ဘဲ အပြင်သို့ သူ ပြန်ထွက်လာခဲ့လေသည်။ သူ့လုပ်ငန်းများကို အမြန်ဆုံး ပြန်စရမည်။ လုပ်ဖော်ကိုင်ဖက်တို့ဆီသို့ ခြေဦးလှည့်လိုက်သည်။ အဖျားရှိန် အကြွင်းအကျန်ကြောင့် နုံးနေသော သူ့ကိုယ်ကို အန်တုကာ ငါ ကောင်းသွားပြီပဲဟု ယုံကြည်စွာ အားတင်းသည်။ ဆေးရုံပေါ်မှာ သူကောင်းစွာ နားခဲ့ပါသည်။

သူ့ကို မျက်ရည်စမ်းစမ်းနှင့် မျက်စိတစ်ဆုံး မျှော်ကြည့်ကျန်ရစ်ခဲ့မည်ဖြစ်သော အမေ့ရုပ်သွင်ကို ပြန်လှည့်မကြည့်ဘဲ မြင်ယောင်လျက်ရှိစဉ် သူ့ကိုယ်တွင်း၌ စိတ်ဓာတ်အင်အား၊ ခန္ဓာအင်အား မည်မျှလောက် ကြွင်းကျန်ရှိနေသေးသလဲဟုလည်း တွက်စစ်ကြည့်လိုက်သည်။

ထိုအခိုက်မှာပင် ကြွေ့ကို ဖျတ်ခနဲ သတိရကာ တသ ဖြစ်သည်။ သူ့ထံသို့ နောက်ထပ်ရောက်မလာတော့သော ကြွေသည်

www.burmeseclassic.com

www.burmeseclassic.com


သူ့ကိုရော သတိရနေပါသေးရဲ့လား။ အလွမ်းငွေ့လေး တစ်စ သည် သူ့ကိုယ်မှ ဝေ့ခနဲ ထွက်ပြူလာကာ ချက်ချင်းပင် ပြန်လည် ပျောက်ကွယ်သွားပြန်လေသည်။

သူသည် နောက်ဆုံးခြေလှမ်းအရပ်၌ 'အောင်မြေစခန်း' ဟူသော ကျူရှင်ဆိုင်းဘုတ်ကို ပြုံးမဲ့၍ ကြည့်လိုက်သည်။ 'ဘူမိနက်သန်' နှင့် 'ဘဝအားမာန်' တို့ကိုလည်း သူဝင်ခဲ့ပြီးပြီ။ ဘယ်ကျောင်း မှာမှ သူ့အတွက် နေရာမရှိတော့ပေ။

"သုံးလတောင်ဆိုတော့ ခင်ဗျားနေရာမှာ ကျွန်တော်တို့ လူစား ခန့်လိုက်တယ်ဗျာ။ နောက် လူလိုရင် အကြောင်းကြားပါ့မယ်"

သူ့ကို ထိုသို့ ချွေးသိပ်ပြီးလျှင် အခန်းတွင်းသို့ နောက်မှဝင် လာသူကို ပျာပျာသလဲ ဆီးကြိုကြသည်။ လုပ်သက်ရင့် တက္ကသိုလ် ဆရာတစ်ယောက်ပင်။ သူ့ဆရာပင် ဖြစ်ခဲ့ဖူးသော်လည်း ဆရာ ကတော့ သူ့ကို မမှတ်မိပေ။

သူ၏ အပြုံးသည် ပို၍ နက်ရှိုင်းလာလေသည်။ ဘယ်သူ့ကို မှလည်း အပြစ်မဖွဲ့လိုတော့။

"ခင်ဗျား ကိုယ့်ဘာသာ ကျောင်းထောင်ဗျာ။ လူရဖို့ကတော့ မခက်ပါဘူး။ ကြော်ငြာကောင်းဖို့သာ လိုတာဗျ"ဟု တချို့က နည်းပေးကြတော့ သူက ပိုလို့ ပြုံးဖြစ်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com


လူများစုကမူ အခြေအနေကို ပြန်လည်လေ့လာသင့်ကြောင်း အကြံပေးလာကြသည်။ သူ ဆေးရုံပေါ်မှာရှိစဉ်က ကျူရှင်များတွင် ဘာသာစုံ သင်ကြားခွင့်မရှိကြောင်း၊ နှစ်ဘာသာတည်း သင်ခွင့်ပြုကြောင်း အမိန့်ကြေညာချက် ထုတ်ပြန်ခဲ့သည်။ သူ ရောက်မလာမီကလေးကပင် အခြေအနေတွေ ရှုတ်ရှုတ်သဲသဲ ဖြစ်နေခဲ့သည်။ ကျောင်းများမှာလည်း သိသိသာသာပင် ကျောင်းသားနည်းသွားသည်။ ခုလောလောဆယ်မှာ အခြေအနေကို စောင့်ကြည့်ရင်း ခေတ္တထိုင်နေကြသူတွေလည်း ရှိကြသည်။ အရင်းအနှီးကြီးကြီး မြှုပ်နှံထားကြသူတွေကတော့ လက်တစ်လုံးခြား အကြံအဖန်များကို တီထွင်ကြရပေသည်။ နှစ်ဘာသာစီ သုံးနေရာခွဲသင်နည်း၊ ဟောပြောပွဲနည်းများပင် ဖြစ်သည်။ မကြာမီ လပြတ်တို့ အနီးကပ်တို့ ပေါ်လာပြန်သည်။

စာဟောဆရာများလည်း စားသာနေကြသည်။ တစ်ခါဟောလျှင် တစ်ရာ၊ တစ်ရာ့ငါးဆယ်နှုန်း၊ ဟောပြောပွဲတစ်ခါ တက်ငါးကျပ်၊ တစ်ဆယ်နှုန်း၊ ဟောပြောပွဲလက်မှတ်ကို လက်သိပ်ထိုးရောင်းနည်း၊ ကွယ်လွန်ပြီးဖြစ်သော တက္ကသိုလ်ပါမောက္ခတစ်ဦးပင် ရန်ကုန်မြို့လယ် ဆိုင်းဘုတ်တစ်ခုပေါ်မှာ ခပ်တည်တည် အသက်ပြန်ရှင်နေခြင်း။

ပျောက်စေ အောင်စေဆရာတို့ စန်းထသောခေတ်ပင်တည်း။ ခေတ်လူငယ်တို့လည်း 'ကျူရှင်မှာ ဆုံစို့ကွယ်' ဇာတ်လမ်းများထဲ၌ ပို၍နစ်မြောလာကြလေသလား။

www.burmeseclassic.com

www.burmeseclassic.com


တစ်နေရာအရောက်မှာတော့ စတီရီယိုတေးသွားအလိုက်တွင် ဘာသာရပ်ဆိုင်ရာ အတိုကောက် သင်္ကေတတွေ ထည့်ပြီး သင်နေတာ သွားတွေ့သည်။ တိုက်ပုံဝတ်ထားသော ဆံရှည်ဆရာ လူငယ်က ဂစ်တာကိုတီးကာ နောက်ပိုင်းမှ ဖလဲ ဘောင်းဘီကိုယ်စီနှင့် ကျောင်းသားတစ်စုက ကိုယ်ကိုယ်မိမ်းထိုးရင်း 'အု(ရှ)၊ အု(ရှ) အား'ဟု စည်းချက်လိုက်ပေးနေကြသည်။ သူ စိတ်ပျက်စွာ လှည့်ထွက်ခဲ့၏။ ဘာတွေ ဖြစ်ကုန်ပါလိမ့်။ ကိုကျော်သူ့ကို သူ တမ်းတမိလေသည်။ ဆေးရုံပေါ်မှာ သူ့ကို ကိုကျော်သူ နောက်ဆုံးလာကြည့်သောအခေါက်က ပြောသွားခဲ့ပုံကိုလည်း အမှတ်ရလာသည်။

"အခြေအနေတွေက သိပ်မတည်ငြိမ်တော့ဘူးကွာ။ ရုပ်ပျက်ဆင်းပျက်တွေလည်း များများလာပြီ။ ကိုယ်တော့ လေဘာက ခေါ်ထားတဲ့ ဘဏ်စာရေးအလုပ်ကိုပဲ လျှောက်မလားလို့။ ကော်တို့ ပလာစတာတို့ ရှာလိုက်ဦးမယ်"

အခုတော့ ကိုကျော်သူလည်း အလုပ်နှင့် နယ်ရောက်နေပြီ။ ကော် ကောင်းကောင်းကို တွေ့သွားသည် ထင်ပါရဲ့။ သူတို့ စီးပွားရေးဘွဲ့တွေက မေဂျာတွေထက် နည်းနည်းပို၍ အခွင့်သာသည်ကတော့ အမှန်ပင်။

သူသည် 'အတူလုပ် အတူစားပေါ့ဗျာ။ ရသမျှထဲက ခွဲယူကြတာပေါ့'ဟု ပြောရှာသော လုပ်ဖော်ကိုင်ဖက်ဟောင်းတစ်ယောက်၏ ကျောင်းငယ်ကလေးထဲမှ နောက်ဆုံးထွက်ခွာလာ

www.burmeseclassic.com

www.burmeseclassic.com


သည်။ ကျောင်းသားသုံးဆယ်ပင် မပြည့်တတ်သော ကျောင်းကလေးပိုင်ရှင်၊ ကလေးသုံးယောက်ဖခင်၏ ထမင်းလုတ်ကို သူလုမစားချင်ပြီ။ ငွေလောကအတွင်းမှ ရဲဘော်စိတ်ကို သူခံစားလိုက်ရသည်ကပင် သူ့အတွက် ကျေနပ်စရာ ကောင်းလှပေပြီ။

ခေါင်းငိုက်စိုက်ချရင်းသာ သူ လျှောက်လာခဲ့သည်။ ဘယ်သွားရမှန်းလည်း သူမသိ။ အိမ်သို့မူ မပြန်ချင်။ သူ ကျောင်းသားဘဝက အသည်းစွဲ ကြိုက်ခဲ့ဖူးသော ရန်ကုန်ဘဆွေ၏ မဒ္ဒီအမည်ရှိ ဝတ္ထုတစ်ပုဒ်ကို သတိရနေသည်။ ထိုဝတ္ထုထဲက ဇာတ်လိုက်သည် ထမင်းငတ်နေသော မိသားစုအတွက် မိတ်ဆွေတစ်ယောက်ထံ ငွေချေးရန် ထွက်ခဲ့သည်။ အလုပ်ရှုပ်နေသော မိတ်ဆွေကို တွေ့သောအခါ ချက်ချင်းပြောရန် မဝံ့မရဲ ဖြစ်နေသည်။ မိတ်ဆွေက ဖော်ရွေစွာ ဧည့်ခံကျွေးမွေးသည်များကို စားသောက်နေရင်း တစ်ဖက်က အိမ်အတွက် နောက်ဆံတင်းကာ တစ်ဖက်ကလည်း ငွေချေးရန် နှုတ်ဆွံ့နေကာ မိတ်ဆွေအိမ်မှာပင် သုံး လေးရက်ခန့် သောင်တင်နေခဲ့လေသည်။

သူ့စိတ်ကို အထိခိုက်စေဆုံးနှင့် အစွဲငြိစေဆုံး ဖြစ်သော အခန်းမှာ ဇာတ်လိုက်၏ အိမ်အပြန်ခန်းပင် ဖြစ်သည်။ နောက်ဆုံးမှာ ဇာတ်လိုက်သည် မိတ်ဆွေထံမှ ငွေရခဲ့ပြီး အိမ်သို့ ပြန်ရောက်လာသည်။ ထိုအခါ သူ့မိသားစုမှာ သူများခြံထဲက ငှက်ပျောပင်ကို ခိုးခုတ်၍ ငှက်ပျောအူဖတ် ပြုတ်စားနေရသည်အထိ အခြေအနေဆိုးနေသည်ကို တွေ့ရတော့သည်။ သို့သော် မှန်ခဲ့သမီးကြီးမှာ ဖခင်အပေါ် မကျေနပ်သောစိတ်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com


ငှက်ပျော အူဖတ်ကိုလည်းမစား၊ ဖခင်ဝယ်လာသော အစားအစာကောင်း တွေကိုလည်း မစားဘဲ ဇွတ်ပေနေခဲ့သည်။

ဖခင်ဇာတ်လိုက်သည် မလုံလဲသော ထိခိုက်လာသော မိမိ၏ စိတ်ကိုဖုံးကွယ်နိုင်ရန် သမီးဖြစ်သူအား ငေါက်ငမ်းမာန်မဲ၍ ကျွေး၏။ သမီးက ဖခင်ကို စကားတစ်လုံးမျှ ပြန်မပြောဘဲ စားလည်းမစားဘဲ ဆက်နေသောအခါ ဖခင်သည် သမီးကို ရိုက် နှက်ပစ်လိုက်မိသည်အထိ နောက်ဆုံး ပေါက်ကွဲသွားလေသည်။

အိပ်ရာပေါ်သို့ အားနည်းစွာ ခွေခနဲကျသွားသော သမီး၏ ပိန်လှီချည့်နေသည့် လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်ကာ ဖခင် ဇာတ်လိုက်သည် သမီးကို ရှည်လျားစွာ တောင်းပန်ခဲ့သည်။ ဆို့နင့်လှိုက်လှဲစွာသော ထိုတောင်းပန်သံမှာ တာဝန်မကျေနိုင်ခဲ့သော ဖခင်တစ်ယောက်၏ မာနအစွယ် ကျိုးကျနေပုံကို ကြေကွဲဖွယ် ဖော်ပြနေခဲ့သည်။ ဖခင်၏ တောင်းပန်စကားကို မတုန်မလှုပ် နားထောင်နေခိုက် မာနခဲသမီး၏ မျက်လုံးတို့မှ မျက်ရည်ပေါက်ကြီးများ လျှံကျ လိမ့်ဆင်းနေကာ အသံတစ်ချက်မှ မထွက်ဘဲ ရှိသည်။

ယခုအခါ သူ့မျက်လုံးထဲတွင် ဇာတ်လိုက်နေရာ၌ သူ့ကိုယ်သူ အစားထိုးကြည့်နေသည်။ အလုပ်ကောင်းခဲ့စဉ်အခါများက ခံစားရဖူးသော ဘဝပီတိတို့ကိုလည်း တစ်ဖက်က သတိရနေပြန်

www.burmeseclassic.com

www.burmeseclassic.com


လေသည်။ ထိုစဉ်ကတော့ လခထုတ်ရက် ရောက်ပြီဆိုလျှင် သူသည် စာသင်ခန်းမှထွက်လျှင်ထွက်ချင်း လဟာပြင်ဈေးထဲ ဝင်၊ အိမ်သားတစ်ဦးချင်းအတွက် ကြိုက်တတ်သော စားစရာများကို ဝယ်ခဲ့မြဲ။ အိမ်ကအဝင်မှာ ခါတိုင်းထက် သူ့အသံတို့ မြူးတူးရွှင်ပျနေမြဲ။ သူ့ထံသို့ အားရဝမ်းသာ ပြေးဝင်လာတတ်သော ညီမစိုး၏ ကလေးဆန်ဆန် မျက်နှာကိုကြည့်ရင်း သူ့လက်ထဲက ဖက်စိမ်းထုပ်များကို 'စိုး'မမီအောင် မြှင့်ချီဆွဲယမ်းရင်း အမျိုးမျိုးနောက်ပြောင် ကျီစယ်ရမြဲ။ အမေ၏ ဒေါသမပါသော ကြိမ်းမောင်း ဟန့်တားသံ၊ မောင်နှမတစ်တွေ၏ အော်ဟစ်ရယ်မောသံတို့မှာ ပျော်ရွှင်ဖွယ် စီစီညံနေခဲ့လေသည်။ ပြီး အိမ်သားတွေ အားပါးတရ စားသောက်နေကြပုံကို တစိမ့်စိမ့် ပြုံးငေးရင်း သူ၏ မောပန်း နွမ်းနယ်မှုများကို မေ့လျော့နေခဲ့ဖူးသည်။

တစ်ခါတစ်ရံ မှော်ခို ဈေးတန်းများဘက် ရောက်ခိုက် အဆင်အသွေးလှလှ ပိတ်စကလေးများကို ဖြန့်ကာ ကပ်ကာ တွတ်ထိုး ဆူညံနေကြသော မိန်းမလှလေးများကို တွေ့ရလျှင် ညီမစိုး၏ အင်္ကျီဖြူ ထူထူများနှင့် ပြောင်လုံချည်များကို မြင်ယောင်မိပြန်သည်။

"မိန်းမဝတ် တစ်ထည်စာ ဘယ်လောက်ကုန်သလဲဗျာ" ဟု ဈေးသည်ကိုမေးကာ မဝယ်တတ်ဝယ်တတ် သူဝယ်လာသော အင်္ကျီစကလေးများကို ပွေ့ပိုက်လျက် ပျော်ရွှင်သွားသော ညီမ

www.burmeseclassic.com

ကလေး၏ မျက်နှာ၊ မီးဖိုချောင်ထဲမှာ ကြော်လှော် ချက်ပြုတ်နေသော အမေ့နားသွားကာ လက်ထဲသို့ ငွေစက္ကူတွေ ထည့်ပေးလျှင်-

"သား သုံးဖို့လည်း ယူဦးလေ"ဟူသော စကားသံနှင့် တစ်ဆက်တည်း "ဆန်ကုန်နေတာနဲ့ အတော်ပဲသားရယ်"ဟု ပြော လျက် ရယ်မောတတ်သော အမေ့မျက်နှာကို မြင်ယောင်နေသည်။ သူနှင့် ခပ်တည်တည် ခပ်စိမ်းစိမ်းသာ နေသားကျနေသော ညီ တွေအတွက်တော့ အမေ့လက်မှ တစ်ဆင့်သာ ပေးတတ်မြဲပင်။ ထိုအခါ ညီတွေ ဝမ်းသာ ကျေနပ်သွားကြပုံကို ကွယ်ရာမှာ နားထောင်နေရင်း ပြုံးလိုက်မိတတ်သော မိမိမျက်နှာကိုလည်း ဆက်၍ မြင်ယောင်ကြည့်သည်။ ထိုအချိန်က သူသည် သူ့ ဖခင်၏ ပုံတူဖြစ်နေခဲ့သည်။ သူ့ကိုယ်၌ ဖြစ်ပေါ်နေသော ပီတိ စွမ်းအင် သည် ကြွေ့ကို မေ့ထားနိုင်သည်အထိ အင်အားကြီးမားခဲ့ပေသည်။

ယခုအခါမှာတော့ ထိုမျက်နှာတို့တွင် အပြောင်းအလဲ များစွာ ဖြစ်ပေါ်လာပေတော့မည်။ သူသည် အမေနှင့် စိုးအတွက်ထက် ညီတွေအတွက် ပို၍ ပူပန်နေမိသည်။ သူ့ အုပ်ထိန်းမှုအောက်မှ လွတ်ထွက်ကာ အခုတော့ သူ မရမက ရှာကြံပေးထားရသော နေ့စားအလုပ်ကလေးတစ်ဖက်၊ ညကျောင်းတစ်ဖက်တက်ရင်း ဘဝခုလတ်တွင် တိုးတက်မှု အညွန့်ကျိုးလျှနေပြီဖြစ်သော အိမ်ထောင်သည် ရဲနိုင်၊ သူတို့မိသားစုကိုသာ မှီခို

www.burmeseclassic.com

www.burmeseclassic.com


တွယ်တာနေရရှာသော ခယ်မကလေးသစ်သစ်၊ ပြီးတော့ သူတို့ ရင်ခွင်ထဲက မတ်တတ်ပြေးခါစ တူကလေး ထိုမျက်နှာများကြား မှ ညီငယ် တိုးနိုင်၏ အေးစက်စက်မျက်နှာကို ရောထွေးမြင်ယောင် ပြန်သေးသည်။

အိမ်မှာ သူ မရှိစဉ် တိုးနိုင်၏ အခြေအနေ အနည်းငယ် ပြောင်းလဲနေသည်ဟု သူ ထင်မိသည်ကိုပင် သေချာစွာ မစူးစမ်း ရသေးပေ။ သိတတ်သော ညီငယ်သည် ကျပ်တည်းလာသော အိမ်အခြေအနေကြောင့် ပညာသင်ဖျက်ကာ သူ့လမ်းသူထွင်သွား လေမည်လားဟု သူစိုးရိမ်သည်။ သူကိုယ်တိုင်မှာလည်း ရရှိခဲ့ပြီး သော သိက္ခာ၊ သြဇာ၊ အရာထားခဲ့ရမှုတို့မှ လျှောကျပြီး ဝတ္ထု ထဲက ဇာတ်လိုက်ကဲ့သို့ ပေါက်ကွဲဖွယ်အခြေအနေတို့ကို ရင်ဆိုင် လာရတော့လေမည်လား။

သူ့ရင်ထဲက အပူဓာတ်သည် အထက်သို့ တရွေ့ရွေ့ တက် လာနေသည်။ လက်ကျန် အဖျားသွေးအရှိန်နှင့် ရောနှောကာ မျက်စိတွေ၊ နားထင်နားရင်းတွေ ပူလာသည်။ အပူငွေ့သည် ဦးခေါင်းပိုင်းတစ်ခုလုံးသို့ ပျံ့နှံ့လာနေတော့သည်။ ဦးခေါင်း ထက်မှာ နေပူပူ ခြေဖျားအောက်မှာ ကတ္တရာငွေ့ ပူပူတို့ကလည်း ရင်ထဲကအပူကို ဝိုင်းဝန်းအားဖြည့်ပေးနေသလိုရှိသည်။

သူသည် လမ်းသုံးဆယ်နားတစ်ဝိုက်မှ တဖြည်းဖြည်း ဗိုလ်ချုပ်ဈေး၊ လဟာပြင်ဈေးတန်းများနားသို့ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com


ထမင်းတစ်လုတ်အတွက် လူတွေ ပင်ပန်းတကြီး ရှာဖွေနေရပုံမှာ ထိုနေရာတစ်ဝိုက်ရောက်မှ ပို၍သရုပ်ပေါ်လာသည်။ အလု အယက် ပြေးလွှားအော်ဟစ်နေကြသော စီးကရက်သည်ကလေး တွေ၊ ရေခဲရေသည်ကလေးတွေ၊ ဂျူန်နှင့် လိုက်တမ်းပြေးတမ်း ကစားနေကြသော ပျံကျဈေးသည်တွေ၊ သစ်သီးတောင်းကြီးတွေ မနိုင်မနင်းနှင့် အထမ်းသည်တွေ၊ ရန်ကုန်မြို့သည် စိတ် မသက် သာဖွယ် မြင်ကွင်းတို့ဖြင့် ကြီးကျယ်စည်ကားနေသည်။

ထီရုံးကြီး နံဘေးမှာတော့ မျှော်လင့်ချက်ဖြင့် အသက်ရှင်လို ကြသူများကို တွေ့ရပြန်သည်။ သူပင် အိတ်ကပ်ထဲက ငွေ လက် ကျန်ကို ယောင်ယမ်းကာ စမ်းကြည့်ရင်း အကြံကုန် ဂျူန် ဆား ချက် ထီထိုးလိုက်ရကောင်းမလားဟု စိတ်ကူးပြန်သေးသည်။ တကယ်တမ်းတော့ သူ မထိုးဖြစ်ဘဲ ကားမှတ်တိုင်ရှိရာသို့ ဆက် လျှောက်လာခဲ့သည်။ ကားတွေ တစ်စီးပြီးတစ်စီး ထိုးဆိုက် ပြန် ထွက်သွားကြသော်လည်း သူကတော့ မပြန်ဖြစ်သေး။ သွားစရာ နေရာတို့ကို စဉ်းစားနေသည်။ သူ့ရှေ့တည့်တည့်မှ မုဆိုးမဈေး ဟု နာမည်ကျော်သော ကုန်တိုက်ကြီးကို ငေးကြည့်ရင်း ဖျော့ရည် ပုလင်းနှင့် ဘီစကွတ်မုန့်များသာ လှိုင်လှိုင်ရောင်းချနေပုံရသော ဆိုင်ခန်းရှင်တို့ထံ အရောင်းအဝယ်အခြေအနေ စနည်းနာကြည့် ချင်စိတ် ပေါ်လာပြန်သည်။

ထိုစဉ်မှာပင် သူ့နောက်ကျောကို တစ်စုံတစ်ယောက်က လာပုတ်လိုက်လေသည်။ သူသည် စိတ်မပါ့တပါ လှည့်ကြည့်ပြီးမှ

www.burmeseclassic.com

www.burmeseclassic.com


ရုတ်တရက် ဝမ်းသာသွားသည်။ စင်ထရယ်ကျောင်းမှာတုန်းက ဆယ်တန်းအထိ ကျောင်းနေဖက်ဖြစ်ခဲ့သူ ထွန်းအောင်မှာ အသားတွေမည်းကာ ဖွံ့ဖြိုးလို့နေသည်။ ဂိုက်ဆိုက်တွေလည်း ပြောင်းနေပြီ။ ငယ်ရုပ်ကလေးတော့ မပျောက်တတ်သေး။ ဟို စဉ်ကမူ ဇာတိ မပျောက်တပျောက်မို့ သူတို့က 'တောသူကြီး' ဟုပင် ခေါ်ခဲ့ကြသည်။ သဘောကောင်း၍ ပျော်ပျော်ပေါ့ပေါ့ နေတတ်သည်။ ရက်ရောဖော်ရွေသည်။ မိဘတွေက ကုန်သည် ဖြစ်သော်လည်း သူကတော့ ဆရာဝန်လုပ်မည်ဟု ဆိုခဲ့ဖူးသည်။ သို့သော် ဆယ်တန်းမှာ သုံးခါလောက် ကျပြီးနောက် ဆရာဝန် လည်း မဖြစ်ချင်တော့ဘဲ မိန်းမသာယူဖြစ်လိုက်ပြီး အလိုလို ကုန် သည် ဖြစ်သွားသည်ဟု ထွန်းအောင်က ပြောပြသည်။ ပြီးတော့ သူ့အခြေအနေကိုလည်း မေးမြန်းစုံစမ်းဖော် ရရှာသည်။

"ငါ့အဘိုးကြီးက အခု ပွဲရုံခွဲ ထောင်ပေးထားတယ်။ ကိုယ့် ဘာသာ ဦးစီးရတော့ ပင်ပန်းတယ်ကွာ။ ယုံကြည်စိတ်ချရတဲ့ လူရင်းလည်း လိုတယ်။ မင်းအရောင်းအဝယ်ကို စိတ်ဝင်စား မယ်ဆိုရင် ငါ့ဆီကို လာခဲ့ပါလား။ ငါ့အတွက် အဝယ်တော် လုပ် ပေးကွာ။ ငါ ကော်မရှင်ပေးမယ်။ မင်း ရှယ်ယာထည့်နိုင်လည်း ထည့်တာပေါ့"

သူငယ်ချင်း၏မျက်နှာကို သူ အတန်ကြာအောင်ပင် ငေးငိုင် ကြည့်နေမိသည်။ အရောင်းအဝယ်ကို စိတ်ဝင်စားပါသလားဟု

www.burmeseclassic.com

www.burmeseclassic.com


မေးလာခဲ့လျှင် အလွယ်တကူပင် သူ ခေါင်းခါလိုက်မည်လေ။ ပညာတတ်ပီပီ ဦးနှောက်ကိုသာ သုံးရသောလခစား အလုပ်မျိုးကို အစောပိုင်းက သူမျှော်မှန်းခဲ့ဖူးသည်။ နောက်တော့ တစ်ထစ်လျှော့ကာ ပုံမှန်ဝင်ငွေကလေးရှိ၍ ဣန္ဒြေရရ အလုပ်မျိုး ဖြစ်လျှင်တော်ပြီဟု သဘောပိုက်ရတော့သည်။ ယခုအခါ သူ့အတွက် ကွန်းခိုရာဖြစ်ခဲ့သော ကျူရှင် အလုပ်များလည်း မတည်မငြိမ် ဖြစ်နေလေပြီ။

ဘာဖြစ်ချင်သလဲ၊ ဘာလုပ်ချင်သလဲဟု သူ့အတွက် စံရွေးနေရမည့် အချိန်မဟုတ်သေးဟု သဘောပေါက်သည်။ အရေးကြီးသည်မှာ သမ္မာအာဇီဝဖြစ်မည့် အလုပ်တစ်ခုကို လုပ်နိုင်ဖို့၊ ထိုအလုပ်မှ မိသားစု ဝဝလင်လင် စားနိုင်အောင် ညီ ညီမများ လူတန်းစေ့ရုံ ပညာသင်နိုင်အောင် ငွေရဖို့ပင်။ တကယ်တော့ အရောင်းအဝယ် ဆိုသည်မှာလည်း မဆန်းပါလား။ သမိုင်းဦး ဘုံမြေခေတ် ကတည်းကပင် 'ဘာတာ' စနစ်သည် ရှိခဲ့လေပြီ မဟုတ်ပါလား။ သို့သော် သမ္မာအာဇီဝမှုကိုတော့ နည်းနည်း ပြင်ဖို့ လိုလိမ့်မည်ဟုလည်း ထင်သည်။

ဘဝဟောင်းကို စွန့်ခွာရခါစက သူ အတော်ပင် အားငယ် စိတ်ပျက်နေခဲ့သည်။ ဘဝအနေအထား ပြုန်းခနဲ နိမ့်ကျသွားသလိုပင် ခံစားရသည်။ စာသင်ကျောင်းများရှေ့မှ ဖြတ်သွားမိတိုင်း

www.burmeseclassic.com

www.burmeseclassic.com


တပည့်တွေကို သတိရသည်။ လုပ်ဖော်ကိုင်ဖက်ဟောင်းများကို တသသည်။ ကျောင်းဆရာဘဝမှာ သံယောဇဉ်ကြိုးမျှင်များဖြင့် ရစ်ပတ်ခံထားရသော ဘဝမျိုးဖြစ်သည်။ တိုးတက် ကြီးပွားဖို့ မလွယ်ကူပေမယ့် စွဲငြိ မွေ့လျော်ဖွယ် ဘဝတစ်မျိုးတော့ ဖြစ်သည်။

ဘဝသစ်မှာကား လုပ်ငန်း သဘောအရ ဘဝဟောင်းနှင့် လုံးဝ ခြားနားခဲ့လေပြီ။ လူမှုဆက်ဆံရေး၊ စကားအပြောအဆို တို့ကမှအစ ပြောင်းလဲ လာရသည်နှင့်အမျှ သူ့အတွေးအခေါ်၊ သူ့ခံစားချက်၊ သူ့ ပုံပန်းသဏ္ဍာန်အဆုံး၊ တရွေ့ရွေ့ ပြောင်းလဲ ခဲ့ရတော့သည်။ သူ့ခေါင်းထဲမှာ ကုန်အဝင်အထွက် စာရင်းများ၊ ကုန်ဈေးနှုန်းများ၊ ဈေးကစားနည်း၊ ကုန်သိုလှောင်နည်း၊ ဖောက် သည်ရှာနည်း ဒါတွေသာ စွဲမြဲနေတော့သည်။

ရန်ကုန်နှင့် မအူပင်ကို အိမ်ဦးနှင့် ကြမ်းပြင်ပမာ ကူးသန်း သွားလာရ၏။ မိတ်ဟောင်းတို့နှင့် တဖြည်းဖြည်း ကင်းပြတ် လာကာ မိတ်သစ်၊ ဝန်းကျင်သစ်၌ နေသားကျလာခဲ့သည်။ ပင်ပန်း သည့်ကြားထဲက သူ့ခန္ဓာကိုယ်က ဆူဖြိုးဝဖိုင့်လာသည်။ မိတ် ဟောင်းတို့မြင်လျှင် သူ့ကို ရုတ်တရက် မှတ်မိကြလိမ့်မှာပင် မထင်။ ပြီးတော့ မေ့လည်းမေ့လောက်ပါပြီလေဟု ယုံစားခဲ့လေသည်။

ကိုညာဏ်လင်း လက်ထပ်စဉ်က တစ်ခါ၊ မိတ်ဟောင်းတို့နှင့် ပြန်ဆုံရဖို့ အခွင့်ကြုံခဲ့သည်။ ကိုယ်တိုင်ကိုယ်ကျ တကူးတက လာ

www.burmeseclassic.com

www.burmeseclassic.com


ဖိတ်သော ကိုညာဏ်လင်းနှင့် ဘေးက ဇနီးလောင်းတို့ကို အံ့သြသလို ငေးကြည့်ရင်း-

"ကြွေ့ကိုကော ဖိတ်သေးသလား"ဟု လွှတ်ခနဲ မေးမိတော့ မလိုဖြစ်သွားသေးသည်။ နောက်ဆုံးမှာ "ဆက်ဆက်လာပါ ဗျာ"ဟု တတွတ်တွတ်ပြောနေသော ကိုညာဏ်လင်းကို ပြုံးကြည့် ကာ-

"ကျွန်တော် ကြိုးစားပါ့မယ်"ဟု ပြန်ပြောခဲ့သော သူ့အသံမှာ တက်ကြွခြင်း ကင်းနေခဲ့သည်။

"ကျွန်တော် ဘယ်အလှူအတန်း၊ မင်္ဂလာဆောင်မှ သွားလေ့မရှိဘူး။ ဒါပေမယ့် ခင်ဗျားလက်ထပ်ရင်တော့ အထုပ်ကြီးကြီးနဲ့ကို လာမယ်ဗျာ"

တစ်ခါက အနောက်အပြောင်စကားပမာ ပြောခဲ့ဖူးပုံကို သတိရသည်။ သူ့ဘက်က လိုက်လိုက်လျောလျော မရှိခဲ့သည့်တိုင် သူ့အား ကိုညာဏ်လင်း ခင်မင်ပုံတွေကိုလည်း မမေ့။ ထိုပွဲတွင် ကြွေနှင့်အတူ မိတ်ဟောင်း ဆွေဟောင်းတို့ကို ပြန်တွေ့ရမည်မှန်းလည်း သိနေခဲ့ပေသည်။ သို့သော် ကိုညာဏ်လင်း၏ လက်ထပ်ပွဲသို့ သူမသွားတော့ချေ။ လူကြုံနှင့်ပို့လိုက်သော သူ့လက်ဖွဲ့ကမူ ကိုညာဏ်လင်းပြောခဲ့ဖူးသည့်အတိုင်း အထုပ်ကြီးကြီး တစ်ထုပ်ပင်ဖြစ်သည်။

နောင်အခါ ကိုကျော်သူနှင့် ပြန်ဆုံတော့-

www.burmeseclassic.com

www.burmeseclassic.com


"အဲဒီနေ့က ခင်ဗျားကို ကြွေက တစ်ချိန်လုံး မျှော်နေခဲ့တာဗျ။ လက်ဖွဲ့သာရောက်ပြီး လူရောက်မလာတော့ သူ မျက်နှာမကောင်းဘူး။ ကျွန်တော့်ကိုတောင် လှမ်းပြောလိုက်သေးတယ်။ ကိုမြတ်နိုင်တစ်ယောက်ကတော့ အနေစိမ်းလွန်းတယ်တဲ့"

သူ့ထုံးစံအတိုင်း ဘာဖြေရှင်းချက်မှ ပြန်မပေးဘဲနေခဲ့ရာ ကိုကျော်သူလည်း ရှေ့စကားဆက်ဖို့ ခက်သွားသည်။ တကယ်တော့ ကိုကျော်သူမှာ သူများ ကိုယ်ရေးကိုယ်တာတွင် ဝင်ပါတတ်သူမဟုတ်ပေ။ သူတို့အားလုံးနှင့် ရင်းနှီးခဲ့သူ ဖြစ်သော်လည်း သူတို့၏ အတွင်းစိတ်များကို ရိပ်မိတန်သလောက် ရိပ်မိပုံရသော်လည်း စပ်စုမေးမြန်းတတ်ခြင်း မရှိခဲ့ချေ။ အနည်းဆုံး နောက်ပြောင်၍ပင် မပြောခဲ့ဖူး။ တစ်ခါတစ်ရံ သူ မနေနိုင်လွန်းလျှင် သူ၏အမြင်အကြားတို့ကို သည်မျှလောက်တော့ ပြန်ပြော တတ်လေ့ရှိသည်။ ဘာပဲဖြစ်ဖြစ် ကိုကျော်သူသည် ကိုဉာဏ်လင်းကို ခင်သည်ထက် သူ့ကို ပိုခင်သူဖြစ်ကြောင်း သူ အကြွင်းမဲ့ ယုံကြည်သည်။ ပြောဖို့လိုအပ်လာသော တစ်နေ့တွင်မူ ကိုကျော်သူကိုသာ အရင်ဆုံး သူတိုင်ပင်ရပေမည်ဟု စိတ်ကူးထားခဲ့သည်။

နောက်တော့ ကြွေတစ်ယောက် သူ၏ မဟာဝိဇ္ဇာဘွဲ့အတွက် ကျမ်းစာအုပ်ကို ပင်ပန်းတကြီး ပြုစုနေသည်ဆိုသော သတင်းများ၊ လုပ်သားကောလိပ်မှ အချိန်ပိုင်းနည်းပြဆရာမ ဖြစ်သွား၍ စေတနာညကျောင်းမှ ထွက်သွားသည်ဆိုသောသတင်းများကို ကြားရသည်။ တလောဆီကမူ ကုက္ကိုင်းဘက်သို့ ကား

www.burmeseclassic.com

www.burmeseclassic.com


စီး၍ အသွား နိုင်ငံခြားဘာသာသင် ကျောင်းဝင်းအတွင်းမှ ထွက်လာသော ကြွေ့ကို မမျှော်လင့်ဘဲ လှမ်းမြင်ခဲ့ရသေးသည်။ ကိုညဏ်လင်းနှင့်တွေ့တော့ မြို့ထဲက ကြွေ အင်္ဂလိပ်ချုပ် သင်တန်းတက်နေသတဲ့။ ကြွေသည် အရင်ကလိုပဲ ဖတ်သီဖတ်သီပြေးလွှားလှုပ်ရှားနေဆဲရှိပုံရသည်။ နောက်သိပ်မကြာခင်မှာပင် ကိုညဏ်လင်းတစ်ယောက် သူ့ထံသို့ အမောတကော ပြေးလာကာ ကြွေ့ကို ဆေးရုံတင်လိုက်ရကြောင်း သတင်းကို ထိတ်လန့်တကြား ပေးပို့လေတော့သည်။

ထိုနေ့က ကိုညဏ်လင်းနှင့်အတူ ကြွေ့ထံလိုက်မည် ပြင်ပြီးမှ ကုန်အမှာစာများ ရောက်လာခဲ့၍ မူလအစီအစဉ်ကို ဖျက် ပစ်ခဲ့ရသည်။ ထိုနောက်ပိုင်းမှာလည်း တစ်နေ့သွားမည် တစ်နေ့ သွားမည်ဟု ကြံစည်ရင်းနှင့်ပင် တော်တော်နှင့် မရောက်ဖြစ်ခဲ့ပေ။ တကယ်တမ်း ကြွေ့ထံကို သူသွားဖြစ်တော့ ကြွေ့မှာ အချိန် သိပ်မကျန်တော့ပြီ။

ကြွေ့ထံသို့ သူတစ်ယောက်တည်းပင် လာခဲ့သည်။ ဆေးနံ့စွဲနေသော လှေကားထစ်တွေအတိုင်း သူတက်လာစဉ် ကြွေ့ကိုပြောဖို့ အားပေးစကားတွေကို စဉ်းစားနေခဲ့သည်။ ကြွေ သိပ်အားငယ်နေမှာလား၊ သူ့ကို မျှော်နေမလား၊ ကိုညဏ်လင်းကတော့ သူ့ထံ သတင်းပို့ပြီးကြောင်း မုချမသွေ ပြန်ပြောပေလိမ့်မည်။ ချက်ချင်း ရောက်မလာနိုင်ခဲ့သော သူ့ကို ကြွေက စိတ်ခုကာ ကြေကွဲဝမ်းနည်းလို့နေမည်လား။

www.burmeseclassic.com

ကြွေ့ကိုတော့ တောင်းပန်ပြုံးဖြင့် သူ စတင်နှုတ်ဆက်ရပေမည်။ အတွေးနှင့်ပင် ကြွေ့ထံလျှောက်နေစဉ် ကြွေက စတင်ကာ သူ့ကို အားရပါးရ ပြုံးပြလိုက်သည်။ သူသည် မိမိအား ပြုံးပြနေသော ကြွေ့ကို ကြွေမှန်းမသိဘဲ ဖြစ်နေသည်။ ကြွေ့ တစ်ကိုယ်လုံး ဖောရောင်ကာ မျက်နှာက ဝိုင်းဝိုင်းပြည့်ပြည့်ကြီး ဖြစ်နေသည်။ သူ့ကိုမြင်တော့ ကြွေ ဝမ်းအသာကြီး သာသွားပုံကမူ ပေါ်လွင်လှ၏။

"မနက်ကတည်းက စိတ်ထဲမှာ ကိုမြတ်နိုင်လာလိမ့်မယ်လို့ ကြွေ သိနေပါတယ်"

အသံကိုကြားမှ ကြွေမှန်း သိလိုက်သည်။ စိတ်ထိခိုက် တုန်လှုပ်၍လည်း သွားသည်။ အစဉ်အမြဲ ဖျတ်လတ်သွက်လက်စွာ လှုပ်ရှားနေတတ်သော ကြွေ့ရုပ်သွင်ကို ပြန်လည် မြင်ယောင်လာသည်။ သည်လောက် ရုပ်ပျက်ဆင်းပျက် ဖြစ်နေလိမ့်မည်ဟု သူ မမျှော်လင့်ခဲ့ပေ။

"ကြွေက အခုမျက်နှာမျိုးကြီး ဖြစ်သွားတော့ ကိုမြတ်နိုင် ဘယ်မှတ်မိမလဲနော်"

ကြွေက ဟာသတွေ ထုတ်နေပြန်သေးသည်။ စဉ်းစားလာခဲ့သော သူ့အားပေးစကားတွေ ပျက်ပြယ်ကုန်လေသည်။

"မတွေ့ရတာကြာလို့လားမသိဘူး ကိုမြတ်နိုင်လည်း အတော်ဝနေတယ်နော်"

ကြွေက အေးဆေးစွာပင် အာလာပ သလ္လာပစကား တွေ ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com


"မောင်တိုးနိုင် ဆယ်တန်းအောင်သွားတာ သိလိုက်ပါတယ်။ အခု ဒေသကောလိပ်တက်နေပြီလား။ စိုးလည်း ဆရာမလေး ဖြစ်နေပြီနော်။ အမေတို့ မောင်ရဲနိုင်တို့နဲ့ သစ်သစ်တို့ကော နေကောင်းကြရဲ့လား။ တူကြီးကော တော်တော်ကြီးပြီလား"

ကြွေသည် သူ့မိသားစု စိတ်ဝင်စားနေဆဲပင်။

"ကိုမြတ်နိုင်ရဲ့အလုပ်တွေကော အဆင်ပြေရဲ့လား ဟင်"

"အသင့်တင့်ပေါ့ ကြွေ"

"မိုးတွင်းတုန်းက ကျိုက်လတ်နားမှာ သင်္ဘောတစ်စင်း နစ်သွားတဲ့သတင်းကြားရတော့ ကိုမြတ်နိုင်အတွက် ကြွေ စိတ်ပူသွားမိသေးတယ်"

"ဖြစ်ခဲ့ပါတယ် ကြွေရဲ့။ စိတ်မပူပါနဲ့"

ကြွေသည် စကားတွေ ဖောင်လောက်အောင် ဆက်ပြောရင်း မောနေသည့်ကြားကပင် ပြုံးနေသေးသည်။ သူ၏ အလာနှောင်းခြင်းအတွက် တစ်စက်ကလေးမှပင် ငြူစူမပြ။ ကြွေ့အပြုံးကိုမြင်ရလေ သူ အနေရခက်လေ ဖြစ်နေမိသည်။ ပြီးတော့ တစိမ့်စိမ့်လည်း ဝမ်းနည်း၍လာလေသည်။

"ကိုမြတ်နိုင် လာသေးတယ်နော်"လို့များ တစ်ခွန်းတည်း စကားနာထိုးလိုက်လျှင်ပင် သည့်ထက်ဝမ်းနည်းမိမည်။ အဆုံးမှာ သူ မနေနိုင်တော့ဘဲ-

"ကျွန်တော် ချက်ချင်းမလာနိုင်ခဲ့တာကို ခွင့်လွှတ်ပါ ကြွေရယ်။ ကိုညာဏ်လင်း လာပြောတုန်းက ကျွန်တော် အလုပ်တွေ

www.burmeseclassic.com

www.burmeseclassic.com


သိပ်များနေခဲ့တယ်။ လူသာမရောက်ပေမယ့် စိတ်ကတော့ ကြွေ့အတွက် အမြဲစိုးရိမ်ပူပန်နေခဲ့ရပါတယ်”

သူ့ တစ်သက်တာအတွင်း ကြွေ့ကို အရှည်လျားဆုံး တောင်းပန်ခြင်းပင်။ ကြွေသည် သူ့ကို စူးစူးစိုက်စိုက်ကြည့်ကာ-

“ကြွေ နားလည်ပါတယ်” ဟု တိုးတိုး ညင်သာ ပြန်ပြောသည်။ ပြီးလျှင် မျက်လုံးအစုံကို မှိတ်ထားလိုက်လေသည်။ ကြွေ့မျက်နှာပေါ်က အပြုံးတွေ ရုတ်တရက် လျော့ပြေသွားပြီး မေးကြောတစ်ချက် တင်းခနဲ ဖြစ်သွားပုံကို သူမြင်လိုက်ရသည်။ တစ်ဆက်တည်းလိုပင် မှိတ်ထားသော ကြွေ့ မျက်လုံးအိမ်ထောင့်စွန်းမှ မျက်ရည်ပေါက်ကြီးတစ်စက် လိမ့်ခနဲကျဆင်းလာလေသည်။ မာနကြီးသော၊ ဟန်ဆောင်နိုင်သော၊ ပြီးတော့ ကိုယ့်ကိုလည်း တွယ်တာနေသော မိန်းမတစ်ယောက်၏ ပေါက်ကွဲမှုကို သူ ရင်ဆိုင်တိုးမိလေပြီ။

သူသည် ထိုင်ခုံကို ကြွေ့အနီးသို့ တိုးရွှေ့လိုက်ပြီးမှ ဘယ်လိုနှစ်သိမ့်ရမှန်းမသိ ဖြစ်နေသည်။ ‘မငိုပါနဲ့ ကြွေရယ်’ဟု ပြင်းပြင်းထန်ထန် တောင်းပန်လိုက်ချင်သော်လည်း ပြောလို့မရ။ အခြေအနေတို့မှာ သူ မျှော်လင့်သည်ထက် များစွာနှောင်းနေခဲ့ပြီကို သူ ထိတ်လန့်စွာ သိလိုက်လေသည်။

“ကိုမြတ်နိုင်နဲ့တွေ့ရတာ ဒီတစ်ခါ နောက်ဆုံးပဲထင်တယ်”

သူ့ရင်ထဲမှာ နာကျင်မှုတွေ ပြင်းထန်တိုးပွားလာနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


"အားငယ်စရာတွေ မတွေးပါနဲ့ ကြွေရယ်။ ကြွေ နေကောင်း လာမှာပါ။ ခုခေတ်ဆေးတွေက သိပ်စွမ်းကြတယ် ကြွေ။ ကျွန်တော့်ကို ကြည့်ပါလား။ ကျွန်တော်တောင် ပြန်ကောင်းလာသေးတာပဲ။ ကြွေလည်း ပြန်ကောင်းရမှာပေ့ါ။ ကြွေ့အနားမှာ ကျွန်တော်တို့လည်း ရှိနေတယ်လေ။ ကျွန်တော် ရန်ကုန်ရောက်တိုင်း ကြွေ့ကို လာကြည့်မှာပေ့ါ"

ကြွေသည် မျက်လုံးကိုပြန်ဖွင့်ကာ မျက်ရည်ကြားက သူ့ကို အားယူ ပြုံးကြည့်သည်။ မယုံပါဘူး။ ဒါပေမယ့် ဒီလိုပြောဖော်ရလို့ ကျေးဇူးတင်ပါတယ်ဟူသော အပြုံးမျိုးပင် ထင်ရဲ့။

"ကျွန်တော် ဘာလုပ်ပေးရဦးမလဲ ကြွေ"

ကြွေ့အပြုံးမှာ ပို၍နက်နဲသွားသည်။ မျက်လုံးအကြည့်လက်ခနဲ တစ်ချက်တောက်သွားပြီးမှ ပြန်လည်မှိန်ဖျော့ငြိမ်သက်သွားလေသည်။

"မလိုတော့ပါဘူး ကိုမြတ်နိုင်။ ကျေးဇူးတင်ပါတယ်။ ပြီးတော့-"

မျက်နှာကြက်ကို စူးစိုက်ကြည့်နေရင်း တိုးသော်လည်း ကြည်လင်စွာ ပြောလေသည်။

"ကြွေ ကျေနပ်ပါတယ်"

သူသည် ကြွေ့လက်တစ်ဖက်ကို ယောင်ရမ်းဆုပ်ကိုင်လိုက်မိသည်။ ကြွေ့ကို တစ်ခုခုပြန်ပြောဖို့ အကောင်းဆုံးအချိန်ဟု သူနားလည်သည်။ သူ ဘာပြောရမလဲ။ ခွင့်လွှတ်ပါလို့ မပြောလို။ နားလည်ပါလို့လည်း ပြောရန်မလိုတော့။ ကြွေ့အား စိတ်ချမ်း

www.burmeseclassic.com

www.burmeseclassic.com


သာသွားစေမည့် စကားတစ်ခွန်းကို သူ ပင်ပန်းတကြီး ရှာဖွေကြည့်သော်လည်း မတွေ့။

"ကြွေရယ်..."

စကားပြောဖို့ ကြိုးစားရင်း ပြောမထွက်နိုင်ဘဲ ဖြစ်နေသော သူ့ကို ကြွေက တည်တည်ငြိမ်ငြိမ်ပင် ကြည့်နေသည်။ နောက်ဆုံးမှာ ကြွေကပင် သူ့လက်ကို ပြန်လည် ဆုပ်ကိုင်လိုက်ပြီး နှုတ်ဆက်သလို လှုပ်ရမ်းလိုက်သည်။

"အောင်မြင်ပါစေ ကိုမြတ်နိုင်"

ကြွေ့အသံကို ရင်ထဲမှာ ပဲ့တင်ထပ်အောင် အစဉ်လို သူကြားနေခဲ့လေသည်။

ကားဆရာက သူ့ကို ကြံတောသုသာန်ထွက်ပေါက် အုတ်တံတိုင်းရှေ့နားပင် ရပ်ပေးလိုက်သည်။

သုသာန်တံခါးဝဆီ သူ မရောက်မီမှာပင် ကားတန်းရှည်ကြီးတစ်ခုသည် တံခါးဝမှ အရှိန်ပြင်းစွာ လိမ့်ထွက်လာကြသည်။ သူက ကားများနံဘေးမှာ ကပ်ထားသော စာရွက်ဖြူများကို စိတ်စောစွာ လိုက်ဖတ်ကြည့်လိုက်သည်။ ဘုရားတကာကြီး ဦးဖေဝင်း၊ အသက် ၉၅ နှစ်ဟူသော စာတန်းများက သူ့ကို စိတ်ပျက်သွားစေပြန်သည်။

ကားများ ရှင်းသလောက်ရှိမှ မီးသင်္ဂြိုဟ်စက်ရှိရာဆီ့ သူလျှောက်လာခဲ့သည်။ မီးစက်ရှေ့ ဆင်ဝင်အောက်တွင် ကျောက်

www.burmeseclassic.com

www.burmeseclassic.com


သင်ပုန်းတစ်ချပ် ထောင်ထားကာ ယနေ့ မီးသဂြိုဟ်ရမည့် ပုဂ္ဂိုလ်များစာရင်းကို မြေဖြူဖြင့် အမှတ်စဉ်ထိုး၍ ရေးထားသည်။ သူသည် ရင်ခုန် စိုးထိတ်စွာ စာရင်းကို အရင် ဖတ်ကြည့်လိုက်သည်။ တွေ့ပါသည်။ အမှတ်စဉ် (၃)နေရာမှာပဲ ကြွေ့ကို သွားတွေ့သည်။

အခုတော့ သူ့မျှော်လင့်ချက်မှာ ဆုံးခန်းတိုင်ခဲ့ချေပြီ။ သူသည် သုသာန်ဇရပ် အုတ်ခုံပေါ်မှာ အားပျော့ နွမ်းနယ်စွာ ထိုင်ချလိုက်သည်။ အဆုံးမှာတော့ ကြွေသည် သူ့အတွက် ဘာကိုမှ ချန်မထားရစ်ခဲ့ပါတကား။ သူ ခေါင်းကိုမော့၍ သက်ပြင်းရှိုက်ရင်း မီးခိုးတွေ တိတ်နေပြီဖြစ်သော မီးသဂြိုဟ်စက်၏ ခေါင်းတိုင်ထိပ်ကို စိုက်ကြည့်နေသည်။ အပူဒဏ်ကြောင့် ဝဲလာသော မျက်ရည်တို့ပင် တငွေ့ငွေ့ ခန်းခြောက်လိုက်လာသည်။

ယခုအခါ သူသည် မျိုသိပ်ထိန်းချုပ်ရခြင်း၏ နာကျင်မှုဒဏ်အကြောင်းကိုလည်းကောင်း၊ နောက်ကျ ဆုံးရှုံးခဲ့ရခြင်းအကြောင်းကိုလည်းကောင်း ကောင်းစွာ နားလည်ခံစားတတ်ပါပြီ။ ကြွေ့ကို လျစ်လျူရှုနိုင်ခဲ့ပြီရယ်လို့ သူရဲကောင်းဆန်လှစွာ သူရှောင်တိမ်းခဲ့ပုံများ၊ ကြွေ၏ မာနရိပ်စွက်နေသော မျက်လုံးများပေါ်က နာကျင်နေသော အပြုံးများကို တစိမ့်စိမ့် ပြန်မြင်လာနေသည်။ သူပြောခဲ့ဖူးသော စကားကိုလည်း ပြန်အမှတ်ရသည်။

www.burmeseclassic.com

"ဒီတစ်သက် ကျွန်တော် ဘယ်မိန်းကလေးနဲ့မှ အိမ်ထောင် မပြုတော့ဘူးလို့ ဆုံးဖြတ်ပြီးပြီဗျာ။ ဘဝမှာ ဇနီးနဲ့ သားသမီးနဲ့ လူပီပီတော့ နေချင်သေးတာပေါ့။ ဒါပေမယ့် ခင်ဗျား သိတဲ့ အတိုင်းပါပဲ"

"ကျွန်တော့်ဘဝကို ကြည်ဖြူခွင့်လွှတ်နိုင်မယ့် မိန်းမမျိုး ပေါ်လာဖို့ မလွယ်ဘူးလို့ ထင်တယ်။ ပေါ်လာဦးတော့ ကျွန်တော် တစ်ကိုယ်ကောင်းအတွက် ဒီမိန်းကလေးကိုပါ မနှစ်သင့်ပါဘူး ဗျာ။ ပြီးတော့ သတ္တိမရှိဘူးဆိုဆို၊ မိသားစုဝန်အပြင် အိမ်ထောင်ဝန်ပါ ထပ်ပိလာမှာ ကျွန်တော် မခံနိုင်တော့ဘူးဗျာ"

ကိုညာဏ်လင်းကို ပြောခဲ့စဉ်က ကြွေ့နားသို့လည်း ပေါက် လိမ့်မည်ကို သူကြိုတင်တွေးဆခဲ့၏။ ကြွေ့အပေါ် သူ၏ အေး စက်ခြင်းများအတွက် အလုံအလောက်ဆုံး ဆင်ခြေဖြစ်မည်ဟူ၍ လည်း မှတ်ယူခဲ့သည်။ အဓိကမှာမူ သူ့အပေါ် ကြွေက စိတ်ပျက် သွားစေရန်ပင် ဖြစ်သည်။

သည့်နောက်ပိုင်းမှာပင် ထင်သည်။ 'အချစ်အင်အား' အမည်ရှိ ကြွေ၏ ကဗျာတစ်ပုဒ်ကိုတော့ သူ ဖတ်လိုက်ရသည်။ ကဗျာတွင် အချစ်အင်အား၌ စွန့်စားခြင်းနှင့် မျှဝေခံစားခြင်းတို့ ပေါင်းစပ်ပါဝင်နေသည်ဟု ကြွေက ဆိုသည်။ သူလည်း ကဗျာ ကို မဖတ်မိသလိုပင် နေခဲ့သည်။

သူ အလိုရှိခဲ့သည့်အတိုင်း သူနှင့်ကြွေ တဖြည်းဖြည်း စိမ်း ဝေးခဲ့ကြရလေသည်။ သူ၏ လူငယ်စိတ်သည်လည်း အပြီးတိုင် ငြိမ်းသေသွားတော့သည်။ တစ်ခါ တစ်ရံ ငွေစာရင်းဇယားများ

www.burmeseclassic.com

www.burmeseclassic.com


ထဲ၌ ပင်ပန်းငြီးငွေ့လာသော သူ့ ဦးနှောက်ကို အစာကျွေးရန် သူ ဝါသနာပါသော နိုင်ငံခြား ဓာတုဗေဒ မဂ္ဂဇင်းများကို လိုက်လံရှာဖွေဖတ်ရှုသည်။ မဂ္ဂဇင်းထဲက အညွှန်းအတိုင်း ကုန်ကြမ်းများ ကို ရှာဖွေပြန်ကာ ဖန်ပြွန်၊ ဖန်ပုလင်းတွေနှင့် အလုပ်ရှုပ်နေလိုက်သည်။ ထိုသို့အလုပ်ထဲမှာ သူ့ဝိညာဉ်ကို မြှုပ်နှံထားနေစဉ် ကြွေ့ကို တကယ်တမ်း မေ့ထားနိုင်လေပြီဟု သူ့ကိုယ်သူ သေချာ နေခဲ့သည်။

သို့ပေမယ့် တစ်ခါတစ်ရံ အကြောင်းသင့်ခိုက် ကြွေတို့ လမ်းဘက် သူရောက်သွားလျှင် ကြွေတို့အိမ်ရှေ့က ဘာကြောင့် သူဖြတ်မိသလဲ၊ အိမ်ထဲဝင်ဖို့ မကြိုးစားသည့်တိုင် အိမ်ရှေ့ခန်းမှာ ကြွေ့ကို တွေ့ရနိုး ဘာကြောင့် ရှာဖွေကြည့်တတ်ခဲ့သလဲ။ တစ်ခါတစ်ရံ ညဘက်များမှာ ငြိမ်သက်စွာ စာဖတ်နေတတ်သော ကြွေ့ မျက်နှာဘေးတိုက် တစ်ခြမ်းပုံကို အိမ်အပြင်လမ်းမပေါ်မှ သူငေးမောကာ 'ကြွေ ပိန်သွားတယ်'ဟု ဘာကြောင့် သိမှတ်နေမိသလဲ။

တစ်ခါတွင် နံပါတ်(၂) ကားပေါ်မှာ ကြွေနှင့် ဆုံမိဖူးသည်။ သူက ရှေ့ပေါက်ဝမှ တွယ်အတက် နောက်ဆုံးခုံ နံဘေးမှာ ရပ်နေသော ကြွေ့ကို လှမ်းတွေ့ရသည်။ နှစ်ဦးကြားမှာ များစွာ အလှမ်းဝေးနေခဲ့သည်။ မထင်မှတ်ဘဲ ဗြုန်းခနဲ ဆုံလိုက်ရခြင်းအတွက် သူကော ကြွေပါ လှိုက်လှဲ့ဝမ်းသာသွားကြပုံမှာ ဘေးလူတွေပင် သတိပြုမိနေလောက်သည်။ ကြွေရှိရာသို့ သူ မသွားနိုင်အောင် အပေါက်ဝမှာ လူတွေ ပိတ်နေသည်။ သူ့အဖြစ်ကို

www.burmeseclassic.com

www.burmeseclassic.com


ကြွေ နားလည်သွားကာ ရှေ့တစ်ခုံနှစ်ခုံသို့ ရောက်သည်အထိ ကြွေက တိုးဝှေ့လာနေခဲ့သည်။ သူသည် သူ့နံဘေးသို့ ကြွေ ရောက်လာမည့်အချိန်ကို စောင့်စားနေခဲ့သည်။ သူ့အနားသို့ ကြွေ ရောက်သည်နှင့်-

"ကြွေ အခု ဘာလုပ်နေသလဲ။ ကိုဉာဏ်လင်းနဲ့ကော တွေ့သေးလား"ဟု နှုတ်ဆက်ဖို့ ပြင်ထားလိုက်သည်။

"ကျွန်တော်လည်း ကြွေ့ဆီလာဦးမလို့ပဲ။ အလုပ်တွေ မအားလို့ဗျာ"ဟု ဆက်ပြောဖို့ပါ သူ မမေ့။

သို့သော် ကြွေသည် လမ်းတစ်ဝက်မှာပင် တိုးဝှေ့ခြင်းကို ပြုန်းခနဲ ရပ်ပစ်လိုက်သည်။ ပြီးတော့ ကြွေသည် ကားစပယ်ယာ ထံသို့ 'ပြားနှစ်ဆယ်နှစ်ယောက်'ဟုဆိုကာ ကျပ်တန်ကလေးကို ထိုးပေးရင်း သူ့ဖို့ပါ ကားခပေးပြီးကြောင်း ခေါင်းကလေးဆတ်၍ အသိပေးခိုက် နွမ်းနယ်နေသော ကြွေ့အပြုံးကလေးကို လျှပ် တစ်ပြက်သာ မြင်လိုက်ရသည်။ သူဆင်းရမည့်မှတ်တိုင် ရောက် လာသည်အထိ ကြွေသည် သူ့အနားသို့ ရောက်မလာနိုင်တော့။ ထိုစဉ်က ဘာကြောင့် သူ့အနားသို့ ကြွေ့ကို လာစေချင်တာ မလာသောအခါ စိတ်ညှိုးနွမ်းခြင်း ဖြစ်ခဲ့ရပါသတဲ့လဲ။

နေပူရှိန်မှာ ပို၍ပြင်းလာလေသည်။ နိဗ္ဗာန်ယာဉ်များသည်ပင် အလာကျဲစပြုလာသည်။ လွှတ်ပေးထားနေမိသော သူ့ စိတ်တို ပြန်ချုပ်လိုက်သည်။ အုတ်ခုံထက်မှ ထလိုက်ပြီး ထွက်ပေါက်သို့ ဦးတည်နေသော လမ်းကလေးဆီ လှမ်းမည်အပြုတွင်မှ မြက်

www.burmeseclassic.com

www.burmeseclassic.com


ခင်းစပ်တစ်နေရာမှ အထပ်လိုက်ပုံနေသော ပန်းခွေတွေကို သွားမြင်သည်။

သူသည် ပန်းခွေများရှိရာသို့ လျှောက်လာသည်။ ပန်းခွေပုံများ၏ တစ်နေရာမှာ ပန်းခြင်းအဖြူကလေးကို သူတွေ့လိုက်သည်။ ကျောက်ခက်စိမ်းများ ပြုတ်ကြွေ၍ ပြတ်ထွက်နေသော ရွှေချည်ငွေချည်မျှင်များကြားမှ သစ်ခွဖြူပွင့်ပင် နွမ်းလျော်စပြုနေပြီ။ သစ်ခွဖြူများ ကြားမှာတော့ တစ်စွန်းတစ်စ ပေါ်နေသော စာတန်းကလေး။

ကြွေသည် နောက်ဆုံးအကြိမ်အဖြစ် သူ့ကို နှုတ်ဆက်ဖြစ်အောင် နှုတ်ဆက်လိုက်လေပြီ။

"နှင်းလဲ့ကြွေအတွက် လွမ်းသူလက်ဆောင်"

ပန်းများကို ဖယ်ရှားကာ သူ ဖတ်ကြည့်နေစဉ် ခန်းခြောက်သွားပြီဟု ထင်ခဲ့သော မျက်ရည်တွေ နှလုံးအိမ်မှတစ်ဆင့် မျက်ဝန်းများဆီသို့ လျှံတက်လာပြန်လေသည်။ သူသည် ပန်းခြင်းကလေးမှ သစ်ခွဖြူတစ်ပွင့်ကို ဖြုတ်ယူလိုက်ပြီး တံခါးဝဆီ ခြေဦးတည်လိုက်တော့သည်။ နေပူထဲမှာ လျှောက်လာနေစဉ် ရင်ထဲက ကြွေ့ကို နောက်ဆုံးစကားတွေ ပြောလာနေသည်။

"ကြွေရယ်...ကျေနပ်တယ်ဆိုတာ ခွင့်လွှတ်ခြင်းတစ်မျိုးလို့ပဲ ယူဆပါရစေတော့။ အစစအရာရာ နောက်ကျခဲ့ရတာတွေအတွက် မတောင်းပန်တော့ပါဘူး ကြွေ။ အကြောင်းဆုံတိုင်း ကြေကွဲဝမ်းနည်းလို့သာ နေပါ့မယ်။ ဒါဟာ ကြွေက ပေးလိုက်တာ မဟုတ်ဘဲ ကိုယ့်ဘာသာ ရွေးချယ်ခဲ့တဲ့ အပြစ်ဒဏ်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com


"ဒါပေမယ့် ဘယ်တုန်းကမှ ကြွေနစ်နာအောင် မပြုခဲ့တာ၊ ကြွေ့အတွက် ထိန်းသိမ်းစောင့်စည်းခဲ့ဖူးတာ၊ အရိုးသားဆုံး ကူညီခဲ့ဖူးတာတွေကို နောက်ဆုံးအချိန်အထိ ကြွေ သတိရသွားလိမ့်မယ်လို့ ယုံကြည်ရင်း ဝမ်းသာလို့လည်း နေပါ့မယ်"

"ကြွေ့ကို မမေ့ပါဘူး။ အနည်းဆုံး မေတ္တာခေါင်းပါးသူတွေနဲ့ ဆုံစည်းရတိုင်း မတောင်းခံရဘဲ ကြွေ့ဆီက အလိုလို ရခဲ့ဖူးတဲ့ စေတနာ၊ မေတ္တာ၊ အကြင်နာတွေကို ပြန်တွေးရင် ကြည်နူးချမ်းမြေ့ရဦးမယ်"

"ခုတော့ ကိုယ်ပြန်ရဦးမယ် ကြွေ။ ဘဝမှာ ပြည့်စုံနိုင်ဖို့ ကြိုးစားရင်းက မပြည့်စုံနိုင်သေးတဲ့ ကိုယ့်ဘဝဟာလည်း အဓိပ္ပာယ်ရှိတဲ့ ဘဝမျိုးပဲလို့ ကြိုးစားအားတင်းရပါဦးမယ်။ ကိုယ်လုပ်ချင်တာ၊ ဖြစ်ချင်တာကလေးတွေအတွက် မျှော်လင့်ချက် အတွေးနဲ့ ဆက်ပြီးရှင်သန်ရပါဦးမယ်။ ကိုယ့်သူငယ်ချင်း ကြွေ နေပျော်ခဲ့တဲ့ ပြေးလွှားလှုပ်ရှားခြင်း သံသရာမှာ ပြန်ပြီးလည်ပတ်ရဦးမယ် ကြွေ"

"ကြွေလည်း တမလွန်မှာ အသက်ရှည်ကြာ အနာမဲ့ ကင်းတဲ့ ဆုလာဘ်ကို ရပါစေ။ ဖွင့်ဟခြင်းနဲ့စပြီး ဆုံဆည်းခြင်းနဲ့ ဆုံးတဲ့ အချစ်မျိုးနဲ့ တွေ့ပါစေ။ ကိုယ်ပြုခဲ့သမျှ ကုသိုလ်အဝဝကိုလည်း ကိုယ့်သူငယ်ချင်းကြွေ ရောက်ရာဘဝက-"

လမ်းလျှောက်လာရင်း သူ့ခေါင်းထဲမှာ မိုက်ခနဲ ရီဝေသွားလေသည်။ မျက်လုံးတွေ တဒင်္ဂ ပြာသွားပြီး ချွေးစေးများ ထွက်လာသည်။ အလွန် ဝေးသီခေါင်သော တစ်နေရာမှ အသံလှိုင်းတွေ တစ်စစီတစ်စစီ သူ့ထံ လျှင်မြန်စွာ ပြေးဝင်လာကာ

www.burmeseclassic.com

www.burmeseclassic.com


အသံတစ်ခုကို စုပေါင်း ဖြစ်ပေါ်စေလိုက်သလိုပင်။ သူ့စိတ်နား ထဲမှာ 'ကြွေ ကျေနပ်ပါတယ်'လို့ အလွန်တိုးညင်းစွာ ကြားလိုက်ရသည်လား။

အသံတစ်ခုခုကိုတော့ အမှန်ပင် သူ ကြားနေသည်။ ထိုအသံမှာ တလှပ်လှပ် တုန်လာသော သူ့ခန္ဓာကိုယ် အတွင်းပိုင်းမှ ဖြစ်ပေါ်လာကြောင်း တွေ့ရှိလိုက်သောအခါ ခပ်မဲ့မဲ့ ပြုံးဖြစ်သွားသည်။ ထိုအခါ သူ အတော်ဆာလောင်နေမှန်း ခံစားသိ မှတ်လာမိတော့သည်။ မနက်စာ ထမင်းကို သူ မစားခဲ့ရသေးပါတကား။

မိုးငြိမ်းဇ

www.burmeseclassic.com

www.burmeseclassic.com

[illegible]



[illegible]

www.burmeseclassic.com